''ဒကာ၊ ဒကာမတို့ ငါတို့ဘုရားရှင်ဟာ ပရိနိဗ္ဗာန်စံရာ ညောင်စောင်းပေါ်မှာ နောက်ဆုံး လျောင်းစက်တော်မူရင်း ဗုဒ္ဓကိစ္စကို ပြုတော်မူသေးသည်။ ငါတို့လည်း ဘုရားသားတော်ဖြစ်သည့်အတွက် သေသည်အထိ အလုပ်လုပ်ရမယ်''

ကျေးဇူးရှင် ရေစကြိုဆရာတော်ဘုရားကြီး

''သာသနာကွယ်တယ်ဆိုတာဟာ အခြားမဟုတ်၊ သာသနာနောက်ပိုင်းမှာ ရဟန်းတော်တွေ၊ လူတွေက ဘုရားရှင်စကား နားမထောင်၊ မလိုက်နာ၊ မကျင့်သုံးတော့တာကိုပဲ သာသနာကွယ်တယ်လို့ ဆိုရမယ်။''

ကျေးဇူးရှင် စံကင်းဆရာတော်ဘုရားကြီး

''သာသနာပျက်တယ်ဆိုတာ ကိုယ်တိုင် မကျင့်သုံးကြလို့ ကိုယ့်သန္တာန်မှာ သာသနာပျက်တာ၊ ငွေကြေးကို ကိုယ်တိုင် ကိုင်တွယ်တော့ ဇာတရူပရဇတသိက္ခာပုဒ် မိမိသန္တာန်မှာ ပျက်တယ်၊ ရှောင်ကြဉ်ရင် မိမိသန္တာန်မှာ ဇာတရူပသိက္ခာပုဒ် သာသနာတော်တည်တာပဲ''

ကျေးဇူးရှင် ဗာရာဏသီဆရာတော်ဘုရားကြီး

''တချို့ဘုန်းကြီးတွေက သာသနာကွယ်ရင် ဘယ်လိုကွယ်မှာလဲလို့ မေးကြတယ်၊ အခု အကျင့်ပဋိပတ်ထဲက ဓုတင်အကျင့်ကို ကျင့်တဲ့ရဟန်း အလွန်ရှားနေပြီ၊ ရဟန်းတွေ ဓုတင်ကို မကျင့်တော့ရင် ဓုတင်သာသနာ ကွယ်သွားပြီ''

ကျေးဇူးရှင် နဘူးကျောင်းဆရာတော်ဘုရားကြီး

မဟာထေရ်မြတ်တို့၏ စံနမူနာယူစရာ ကျင့်သီလ (အပိုင်း-၃) ❋ အရှင်ခေမာနန္ဒ (ရန်ကင်းတောရ) သပြေပင်

ရန်ကင်းတောင်စာစဉ်(၄၀)

# မဟာထေရ်မြတ်တို့၏ စံနမူနာယူစရာ ကျင့်သီလ

## ( အပိုင်း - ၃ )

ပထမအကြိမ်

အရှင်ခေမာနန္ဒ (ရန်ကင်းတောရ) သပြေပင်

ရန်ကင်းတောင်စာစဉ် (၄၀)

# မဟာထေရ်မြတ်တို့၏
# စံနမူနာယူစရာကျင့်သီလ

(အပိုင်း -၃)


**အရှင်ခေမာနန္ဒ (ရန်ကင်းတောရ) သပြေပင်**

Email : ven.khemananda.brahmana@gmail.com

**ရန်ကင်းတောင်စာစဉ်အမှတ် (၄၀)**

အဖုံးနှင့်အတွင်းပုံနှိပ် – ရွှေနိုင်ငံပုံနှိပ်တိုက် (၀၅၇၄၅)
အမှတ် (၉၀)စီ၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်။
ဖုန်း– ၀၁–၅၅၄၄၇၄

ထုတ်ဝေသူ – ဦးမောင်မောင်လှ (ရွှေနိုင်ငံ–၀၄၁၉၃)

ဖြန့်ချိရေး – **ရန်ကင်းတောင်စာစဉ်**
**နေပြည်တော်၊ ဒက္ခိဏသီရိမြို့**
ဖုန်း ၀၉–၄၃၀ ၇၅၇၀၄ ၊ ၀၉–၇၉၇ ၃၀၃၀၂၁
**သော်တာစန်းစာပေ**
**နေပြည်တော်၊ ပျဉ်းမနားမြို့**
ဖုန်း ၀၉–၄၃၀ ၃၅၄၉၅ ၊ ၀၉–၇၉၇ ၉၂၁ ၂၈၀
**သစ္စာမဏ္ဍိုင်ပိဋကစာပေ**
**(ရွှေတိဂုံဘုရားတောင်ဖက်မုခ်)**
ဖုန်း ၀၉ – ၇၃၀ ၉၆၈၉၈၊ ၀၁–၃၈၇၈၄၉

တန်ဖိုး – ၅၅၀၀ ကျပ်

ထုတ်ဝေခြင်း – ပထမအကြိမ် ( ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ)

အုပ်ရေ – ၃၀၀ အုပ်

**'ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း' (CIP)**

၂၉၄ ∙ ၃
အရှင်ခေမာနန္ဒ (ရန်ကင်းတောရ) သပြေပင်။
မဟာထေရ်မြတ်တို့၏ စံနမူနာယူစရာ ကျင့်သီလ အပိုင်း (၃)
ရန်ကုန်၊ ရွှေနိုင်ငံစာပေ ၂၀၂၂။ ၂၅၈ စာ၊ ၁၃ ∙ ၉၇ x ၂၀ ∙ ၃၂ စင်တီ။
(၁) မဟာထေရ်မြတ်တို့၏ စံနမူနာယူစရာ ကျင့်သီလ အပိုင်း (၃)

| စဉ် | မာတိကာ | နှာ |
|---|---|---|
| | **(က) ကြည်ညိုဖွယ်ရာ သန္တုဋ္ဌိ၊ သလ္လေခဂုဏ်နှင့် သူတော်ကောင်းကြီးတို့၏ ကျင့်စဉ်** | |
| ၁။ | တိပိဋကဆရာတော်ဘုရားကြီး၏ ကြည်ညိုဖွယ်ရာ နိဝါတ၊ နိမာနဂုဏ် | ၂ |
| ၂။ | ခမာဓိကဂုဏ်နှင့် ပြည့်စုံတော်မူသည့် မတ္တရာဆရာတော်ကြီး | ၄ |
| ၃။ | ရှိတာနှင့်သာ ရောင့်ရဲတော်မူသည့်ဂုဏ် | ၈ |
| ၄။ | သစ်သားတုံးကပင် ခေါင်းအုံးဖြစ်ပါသည် | ၉ |
| ၅။ | ဘုန်းကြီးဆိုတာ ဖိမ်ခံနေဖို့ မဟုတ်ပါ | ၁၀ |
| ၆။ | မိမိလျှူဒါန်းသည့် သင်္ကန်းဝတ်ရုံသည်ကို ကြည်ညိုလိုသည့် ဒါယကာ | ၁၁ |
| ၇။ | တောင်တန်းသာသနာပြုဆရာတော် ဦးဥတ္တမသာရနှင့် ရွှေဥမင်ဆရာတော် | ၁၃ |
| | **(ခ) လဒ္ဓိသူမွန် ရဟန်းမြတ်တို့၏ ဓူတင်နှင့် ပဋိပတ် အကျင့်မြတ်** | |
| ၁။ | သီလစင်ကြယ်နေပါက မင်္ဂ ဖိုလ် အလွယ်အကူ ရနိုင်သည် | ၁၆ |
| ၂။ | စတုပါရိသုဒ္ဓိသီလ ပြည့်စုံမှသာ မဂ်ဉာဏ်ရမည် | ၁၇ |
| ၃။ | မဂ်ရသည် ဖိုလ်ရသည်ဟု ဆန္ဒစောကာ မဆုံးဖြတ်စေချင်ပါ | ၁၈ |
| ၄။ | ဘဝ၏ နောက်ဆုံးပိုင်းကာလကို တရားနှင့်သာ နေတော်မူခဲ့သည့် သထုံမြို့ ဇေတဝန်ကျောင်း မင်းကွန်းဆရာတော် | ၂၀ |
| ၅။ | အရိယာကို ကြည်ညိုလိုသူ | ၂၂ |
| ၆။ | မဟာယောဂီကြီးပီပီ တရားလက်မလွတ်ဘဲ နေ့ရောညဉ့်ပါ အားထုတ်တော်မူသည် | ၂၃ |
| ၇။ | ကံညံ့နေရင် မေတ္တာပို့လို့မရနိုင် | ၂၄ |
| ၈။ | ငွေယ်ရှင် ပံ့သုကူဆောင် မဟာထေရ် | ၂၆ |
| ၉။ | ဆွမ်းခံဝတ်မပျက်သည့် သာသနာပိုင်ဆရာတော် | ၂၇ |
| ၁၀။ | သီလဂုဏ်နှင့်ပြည့်စုံပြီး ဓူတင်ဆောင် ဗောဓိမဏ္ဍိုင်ဆရာတော် | ၂၈ |
| ၁၁။ | သပိတ်ကြီးလွယ်ပြီး ကပ်တဲ့ဆွမ်းစားနေရင် သပိတ်ကြီးအားနာစရာ | ၃၀ |
| ၁၂။ | တောရကျောင်းမှာ တစ်သက်လုံး မနေနိုင်တောင်မှ တစ်ဝါ၊ နှစ်ဝါတော့ နေသင့်တယ် | ၃၁ |
| ၁၃။ | တောထွက်ဖြစ်အောင် ထွက်ရစ်နော် | ၃၂ |
| ၁၄။ | တိစီဝရိတ်ဓူတင်ဆောင် ပုဂ္ဂိုလ်များအတွက် အံ့သကိုင်၌ အဆုံးအဖြတ် | ၃၄ |
| ၁၅။ | သူတော်ကောင်းကြီးတို့၏ မမြင်ရသည့်အားအစွမ်း | ၃၆ |
| ၁၆။ | သုသာန်ဓုတင် ဆောက်တည်သူများ အသား ငါး မဘုဉ်းပေးကြပါ | ၃၇ |

| စဉ် | မာတိကာ | နှာ |
|---|---|---|
| | **(ဂ) ဘုန်းကြီးလေက မနားရ ဒုက္ခများသည်သာ** | |
| ၁။ | ထန်းပလပ်ကို မြင်းစီးရသလို ဘုန်းကြီးလေ၊ ပင်ပန်းလေ | ၄၀ |
| ၂။ | တံဆိပ်ရ ဆရာတော်ကြီးဆိုပြီး ဟန်ကြီးပန်ကြီး မလုပ်လိုဘူး | ၄၁ |
| ၃။ | မာန်မာနကင်းပြီး မိမိကိုယ်ကိုယ် နှိမ့်ချတော်မူသည့် ဆရာတော် | ၄၂ |
| ၄။ | ဘွဲ့တံဆိပ်ဆိုတာ အပြင်အဆောင်အယောင် ဂုဏ်ပကာသနမျှသာ ဖြစ်ပါတယ် | ၄၃ |
| ၅။ | ယောဆရာတော်ကြီးသည် ဒေါက်တာဘွဲ့ကို လက်ခံတော်မမူ | ၄၄ |
| ၆။ | ရဟန်းဘဝလျှောကျကာ ဖိုးသူတော်မဖြစ်ချင်ပါ | ၄၈ |
| ၇။ | လိုအပ်တဲ့နေရာမှာ လှူကြပါ | ၅၀ |
| ၈။ | မင်းဆရာလုပ်ရလျှင် စာကြည့်ပျက်မှာ စိုးရိမ်တော်မူသည် | ၅၂ |
| ၉။ | စာကြည့်ပျက်လို့ မိဖုရားခေါင်ကို မတွေ့အားဘူး | ၅၄ |
| ၁၀။ | သံသရာကိုကြောက်ရွံ့၍ တောမှာပင်နေလိုသည့် ရွှေဥမင်ဆရာတော် | ၅၆ |
| ၁၁။ | လုပ်ပိုင်ခွင့်ရှိသည့်ရာထူးကို တာဝန်မယူလိုသည့် မစိုးရိမ်ဆရာတော်ဘုရားကြီး | ၅၇ |
| ၁၂။ | ဘုန်းကြီးလေက မနားရ ဒုက္ခများသည်သာ | ၅၈ |
| ၁၃။ | မင်းဆရာဖြစ်သော်လည်း ဘုရားသားတော်စစ်စစ်ဖြစ်အောင်ကျင့်တော်မူ | ၆၀ |
| ၁၄။ | ရှင်ဘုရင်ကို မင်းနှင့်တူအောင်ကျင့်ဟု ဆုံးမတော်မူသည် | ၆၁ |
| ၁၅။ | ဆရာကောင်းကို ရွေးချယ်ခြင်း | ၆၂ |
| ၁၆။ | အုတ်ဖိုရုံဆရာတော်ကြီး၏ မေတ္တာနှင့် ဝိစာရဉာဏ် | ၆၄ |
| ၁၇။ | ဆရာတော်ဦးဗုဓ် သမာဓိကြီးမားဘိ | ၆၇ |
| ၁၈။ | သေရင် သင်္ဂြိုဟ်လိုက်တာပ | ၆၉ |
| ၁၉။ | မန္တလေးမြို့ အဘယာရာမဆရာတော်ကြီး၏ ဆရာ၊ ဒကာဆက်ဆံရေး | ၇၁ |
| ၂၀။ | တည်ခန့်မှန်မှန် ဆက်ဆံတော်မူသည် | ၇၃ |
| | **(ဃ) သီလသည်သာ မှီခိုရာ အားထားရာ၊ လဲလျောင်းရာ** | |
| ၁။ | သူတော်ကောင်းရဟန်း ပီသရန် | ၇၆ |
| ၂။ | ရဟန်းဆိုတာ အနေရိုးသားရမယ်၊ အသိဉာဏ် ဆန်းကြယ်ရမယ် | ၇၉ |
| ၃။ | ဝိနည်းသည် သာသနာ့အသက် | ၈၀ |
| ၄။ | အာပတ်သင့်တဲ့ရဟန်း အလဇ္ဇီ | ၈၁ |

| စဉ် | မာတိကာ | နှာ |
|---|---|---|
| ၅။ | ဆွမ်း သင်္ကန်း ကျောင်း ဆေး အရာမချဲ့ချင်ကြပါနဲ့ | ၈၂ |
| ၆။ | နတ်ကသာ ရှင်ရဟန်းကို အရိုအသေပြုသင့်တယ်၊ နတ်ကို ရှင်ရဟန်းက အရိုအသေ မပြုကောင်းဘူး | ၈၆ |
| ၇။ | ဒွါရသာသနာပိုင် အုတ်ဖိုဆရာတော်ကြီးကပင် သီလအရာ ဦးညွှတ်ချီးမွမ်းတော်မူသည့် ပုသိမ်မြို့ မိဂဒါရုံဆရာတော် | ၈၇ |
| ၈။ | ကြည်ညိုဖွယ်ရာ သန္တုဋ္ဌိ၊ သလ္လေခနှင့် ဓုတင်္ဂရေဂုဏ် | ၉၂ |
| ၉။ | ကျောင်းပိုင်သံဃာ အားလုံးနှင့်သက်ဆိုင်သည့် သံဃိကဓာတ်ဘူး | ၉၃ |
| ၁၀။ | သူတော်ကောင်းများက အသက်ရှင်ရန်အတွက် ဘုရားဥပဒေတော်ကို ကျော်လွန် ချိုးဖောက်ရိုး မရှိပါ | ၉၆ |
| ၁၁။ | ဒကာမတွေ မြှောက်ပေးတိုင်း ဘုဉ်းပေးတော်မမူပါနဲ့ဘုရား | ၁၀၂ |
| ၁၂။ | ကိုရင်ဘဝမှသည် ဝိကာလဘောဇနသိက္ခာပုဒ်ကို အိပ်မက်ထဲ၌ပင် မလွန်ကျူးလိုပါ | ၁၀၃ |
| ၁၃။ | စားစရာမရှိလို့ အငတ်ခံတာမဟုတ်ဘူး၊ ရဟန်းသီလအတွက် အငတ်ခံတာ | ၁၀၅ |
| ၁၄။ | လေနာရောဂါအတွက် ဆေးသည်ဆွမ်းပြုတ် | ၁၀၈ |
| ၁၅။ | အသက်သေရင် သေသွားပါစေ ဝိနည်းသိက္ခာပုဒ်ကို မလွန်ကျူးလိုပါ | ၁၀၉ |
| ၁၆။ | ဘုရားရှင်ပေးအပ်သည့် ပစ္စည်းလေးပါးကို သုံးစွဲနေသူသည် ဘုရားရှင် ပညတ်တော် မူထားခဲ့သည့် ဝိနည်းကို လိုက်နာကြရမည် | ၁၁၁ |
| ၁၇။ | ယုန်ထောင်ချောက်ထဲ ယုန်မမိဘဲ ဆွမ်းခံဆရာတော်ကိုမိ | ၁၁၄ |
| ၁၈။ | ရဟန်းသီလတော်မြတ်နှင့် မုဆိုး၏ထောင်ချောက် | ၁၁၅ |
| ၁၉။ | နိသိဇ္ဇ ဓုတင်ကို လွန်တော်မူရာ ညောင်စောင်းထက်တိုင် ဆောင်တော်မူခဲ့ပါသည် | ၁၁၆ |
| ၂၀။ | ရဟန်းမြတ်တို့၏ အာဇီဝပါရိသုဒ္ဓိသီလ | ၁၁၈ |
| ၂၁။ | စံကျောင်းဆရာတော်သည် ဝိနည်းသိက္ခာပုဒ်ကို အလွန် လေးစားတော်မူ၏ | ၁၂၀ |
| ၂၂။ | ငါတို့လည်း ဘုရားသားတော်ဖြစ်တဲ့အတွက် သေသည်အထိ အလုပ်လုပ်ရမယ် | ၁၂၂ |
| ၂၃။ | သဟသေယျ သံသယကြောင့် အစိုးရဆေးရုံဝင်းအတွင်း ယာယီကျောင်း ဆောက်လုပ်လှူဒါန်း | ၁၂၄ |
| ၂၄။ | အကုသိုလ်ရိပ် အခိုးအငွေ့ အမြဲရှိနေတတ်သဖြင့် ကုသိုလ်ဆက်ပေးရ | ၁၂၆ |
| ၂၅။ | ခန္ဓာကြီးကို သုံးလို့ရသရွေ့ သုံးနေရမယ် | ၁၂၈ |

| စဉ် | မာတိကာ | နှာ |
|---|---|---|
| | **(င) ရဟန်းမြတ်တို့၏ အပွိဇ္ဇဂုဏ်** | |
| ၁။ | နားလေးတာကိုပဲ ကျေးဇူးတင်ရသေး | ၁၃၁ |
| ၂။ | ပျင်းဖို့အချိန် မရှိပါဘူး | ၁၃၂ |
| ၃။ | ဝိနည်းငါးကျမ်းကို ပထမဆုံး အထောက်အမလွတ် ပြန်ဆိုခဲ့သည့်ဆရာတော် | ၁၃၃ |
| ၄။ | လူတွေကို ဝိနည်းသင်ပေးတာ အပြစ်မရှိပါဘူး | ၁၃၇ |
| ၅။ | ထူးခြားစွာ ပညာပါရမီဖြည့်ကျင့်တော်မူသည့် လှေသင်းမင်းကျောင်း ဆရာတော်ကြီး | ၁၄၃ |
| ၆။ | မထေရ်မြတ်များသည် စာပေ၌ မွေ့လျော်တော်မူကြပါသည် | ၁၄၄ |
| ၇။ | အငယ်လေးနဲ့ ကျောင်းသွားထိုင်မိလို့ စာမတတ်ခဲ့ဘူးဗျ | ၁၄၇ |
| ၈။ | ဗုခ်စ၊ ဗုခ်လယ်၊ ဗုခ်ဆုံး | ၁၄၉ |
| ၉။ | ရဟန်းရှင်လူတို့ စိတ်နှလုံးဝယ် ဒွိဟဖြစ်စေမည့် စကားကိုဖြစ်စေ၊ စာကိုဖြစ်စေ ရေးသားရန်၊ ဟောကြားရန် မသင့်ပေ | ၁၅၁ |
| ၁၀။ | ဓမ္မစေတီ ထိုက်၊ မထိုက်အဆုံးအဖြတ် | ၁၅၂ |
| ၁၁။ | ပဏ္ဍိလို စာရချင်ရင် ပဏ္ဍိလို ကျက်ကြပါလား | ၁၅၄ |
| ၁၂။ | သဝေထိုး တစ်လုံးတောင် မပြင်လေနှင့် ပြင်စရာကိုမလိုဘူး | ၁၅၅ |
| ၁၃။ | ဝိနယဂရုကထေရ်ရှင်များ ထမ်းစဉ်၊ လှည်းယာဉ်စီးရာတွင် သတိပြုတော်မူကြသည် | ၁၅၆ |
| | **(စ) အထွေထွေ** | |
| ၁။ | သက်န်းကို သစ်ခေါက်ရည်ဆိုးခြင်း | ၁၅၉ |
| ၂။ | နှမ်းဆီဖြင့် သပိတ်ဖုတ်ခြင်း | ၁၆၅ |
| ၃။ | မြတ်ဘုရား၏ အဆုံးအမကို လိုက်နာကျင့်သုံးသူ မရှိတော့လျှင် သာသနာကွယ်သည် | ၁၇၀ |
| ၄။ | သာသနာက သူ့ဟာသူ သန့်ရှင်းနေပါတယ် | ၁၇၆ |
| ၅။ | ညဉ့်နက်သန်းခေါင်အချိန် စည်တီးကာ သာသနာ ယိုယွင်းနေသည့်အကြောင်း ဘုရင်အား သတိပေးသည့် မထေရ် | ၁၇၇ |
| ၆။ | အရုဏ်တက်ချိန် ရွှေ့ကောင်းကင်မှာ မြင်နေရတာ ဘာကြယ်ပါလဲဘုရား | ၁၇၈ |

**ဤကျောင်းမှ ကုသိုလ်ကြောင့်**

**ကမ္ဘာပေါ်တွင်**

**မြတ်ဗုဒ္ဓသာသနာတော်**

**အဓွန့်ရှည်ကြာ တည်တံ့၍**

**ကမ္ဘာသူ ကမ္ဘာသားများ**

**ဝိမုတ္တိသုခကို**

**ရရှိခံစားနိုင်ကြပါစေသော်(ဝ်)**

အရှင်ခေမာနန္ဒ (ရန်ကင်းတောရ-သပြေပင်)

**ရဟန်းကျင့်ဝတ် တစ်ပါးချို့က**

**လူနတ် မကြိုက် ကဲ့ရဲ့ထိုက်၏ ။**

(မဟာဒေဝလက်ာ)

**ရဟန်းကျင့်ဝတ် တစ်ပါးတက်က**

**လူနတ် ဦးခိုက် ပူဇော်ထိုက်၏ ။**

(စေတုဝမ္မသာရေ ကိုးခန်းပျို့)

# (က) ကြည်ညိုဖွယ်ရာ သန္နိဋ္ဌာန်၊ သလ္လေခဂုဏ်နှင့် သူတော်ကောင်းကြီးတို့၏ ကျင့်စဉ်

# ၁။ တိပိဋကဆရာတော်ဘုရားကြီး၏ ကြည်ညိုဖွယ်ရာ နိဝါတ၊ နိမာနဂုဏ်

မင်းကွန်း တိပိဋကဆရာတော်ဘုရားကြီး (AD ၁၉၁၁-၁၉၉၃) သည် ရဟန်းတော်များကို ဆုံးမသြဝါဒ ပေးတော်မူရာ၌ -

*''အကျင့်ပဋိပတ် မပါဘူးဆိုရင် အောင်မြင်မှုအပေါ် ယစ်မူးပြီး မြွေဖမ်းဆရာ ဥပမာလို ဖြစ်တတ်ပါတယ်ဘုရား။ တပည့်တော် ကြုံတွေ့ခဲ့ရတာကလေးတစ်ခု လျှောက်ပါရစေ၊ တပည့်တော် တိပိဋကရ ဖြစ်ပြီးကာစက၊ ကိစ္စလေးရှိလို့ မန္တလေးဘက် ကူးခဲ့ပါတယ်၊ ကမ်းနားမှာပါ၊ တပည့်တော်ကို အချို့က တိပိဋက ကိုယ်တော်ဆိုတာ မသိကြပါဘူး၊ လူကလည်းပိန်ပြီး အိုစာနေတော့ ပိုဆိုးပါတယ်ဘုရား၊ မြစ်ကမ်းနားကနေ ကားရှိရာဘက် ခြေကျင်သွားတာပါ၊ အဲဒီမှာ ဘာတွေ့ရသလဲဆိုတော့ ကားသမားတွေက 'ဦးဇင်းကြီး ဘယ်သွားမှာလဲ၊ ကားငှားဦးမလား'တဲ့ ၊ ဆိုက်ကားဆရာတွေကလည်း 'ဘယ်ပို့ရမလဲ'တဲ့ သာမညဘုန်းကြီး တစ်ပါးတွေ့လို့ မေးပုံမျိုး မေးကြပါတယ်၊ အထမ်းသမား တစ်ယောက်ကဆို ပစ္စည်းတွေသယ်ရင်း တပည့်တော်ကို တိုက်သွားပါတယ်၊ နောက်မှ 'ဦးဇင်းကြီး မတော်လို့နော်'တဲ့၊ နောက်တစ်ယောက်က 'ကိုယ်တော်ကြီး ဖယ် ဖယ် တိုက်မိမယ်'တဲ့၊*



ကျေးဇူးရှင် မင်းကွန်းတိပိဋကရေ ဆရာတော်ဘုရားကြီး
(မြန်မာ ၁၂၇၃ - ၁၃၅၄) (ခရစ် ၁၉၁၂ - ၁၉၉၃)

"ငြော် ငါအောင်ထားတဲ့ စာမေးပွဲဟာ၊ အောင်ကြောင်းသိတဲ့ လူတွေထဲသာ အသုံးဝင်တာပါလား၊ ပုဇော်ပွဲ အခမ်းအနားမှာသာ တန်ဖိုးရှိတာပါလား၊ ငါ့ကို ကာကွယ် စောင့်ရှောက်မနေကြပါလား၊ အောင်မြင်မှုကို ယစ်မူးပြီး အချိန်တွေဖြုန်းနေမိရင် ငါပဲ နစ်နာမှာပါလား၊ သိသူထဲရော မသိသူတွေကြားမှာပါ အသုံးဝင်တာ အကျင့်ပဋိပတ်ပါလား၊ ငါကိုယ်တိုင် ကျင့်ထားတဲ့ သီလ၊ သမာဓိ၊ ပညာတွေကသာ ငါ့ကို အမှန်တကယ် ပစ္စုပ္ပန်သံသရာ စောင့်ရှောက်မှာပါလား စသည်ဖြင့် တွေးမိပါတယ်ဘုရား""

ကျမ်းညွှန်း

✵ တိုးလှ (M.A.,Ph.d.NIU,USA) တာဝန်ခံညွှန်ကြားရေးမှူးချုပ်၊ တက္ကသိုလ်များ သမိုင်းသုတေသန ဦးစီးဌာန၏ နှစ်ဆယ်ရာစု၏မဟာလူသား၊ ၂၀၀၄ ခုနှစ်

*ပြောသွားကြတာ၊ ဆက်ဆံသွားကြတာ၊ ဒီလိုဖြစ်တဲ့ကိစ္စမှာ သူတို့ အပြစ် မရှိပါဘူး၊ သူတို့အလုပ် သူတို့ လုပ်နေကြတာကိုးဘုရား၊ တပည့်တော်ကိုလည်း ဘယ်လိုဘုန်းကြီး၊ ဘာစာမေးပွဲ အောင်ထားတာဆိုတာ သူတို့ စိတ်မဝင်စားနိုင်ဘူးလေ၊ သူတို့ ဝမ်းရေးက အဓိက ကိုးဘုရား။ ဒီမှာ တပည့်တော် ဘာစဉ်းစားမိသလဲဆိုတော့ 'ဩော် ငါအောင်ထားတဲ့ စာမေးပွဲဟာ၊ အောင်ကြောင်းသိတဲ့ လူတွေထဲသာ အသုံးဝင်တာပါလား၊ ပူဇော်ပွဲ အခမ်းအနားမှာသာ တန်ဖိုးရှိတာ ပါလား၊ ငါ့ကို ကာကွယ် စောင့်ရှောက်မနေကြပါလား၊ အောင်မြင်မှုကို ယစ်မူးပြီး အချိန်တွေ ဖြုန်းနေမိရင် ငါပဲ နစ်နာမှာပါလား၊ သိသူထဲရော မသိသူတွေ ကြားမှာပါ အသုံးဝင်တာ အကျင့်ပဋိပတ်ပါလား၊ ငါကိုယ်တိုင် ကျင့်ထားတဲ့ သီလ၊ သမာဓိ၊ ပညာတွေကသာ ငါ့ကို အမှန်တကယ် ပစ္စုပ္ပန်သံသရာ စောင့်ရှောက်မှာပါလား စသည်ဖြင့် တွေးမိပါတယ်ဘုရား"*

## ၂။ ခမာဓိကဂုဏ်နှင့် ပြည့်စုံတော်မူသည့် မတ္တာရာဆရာတော်ကြီး

မင်းတုန်းမင်းတရားကြီး (AD ၁၈၁၄-၁၈၇၈) လက်ထက်တွင် ကြားသိရသူတိုင်း၊ ဖူးတွေ့ရသူတိုင်းပင် အံ့ဩလောက်သည့်အထိ သည်းခံခြင်းဂုဏ်နှင့် ပြည့်စုံတော်မူသည့် ဆရာတော်ကြီးတစ်ပါး မတ္တရာမြို့၌ သီတင်းသုံးတော်မူခဲ့ပါသည်။

---

**ကျမ်းညွှန်း** ✱ တိုးလှ (M.A.,Ph.D.NIU,USA) တာဝန်ခံညွှန်ကြားရေးမှူးချုပ်၊ တက္ကသိုလ်များ သမိုင်းသုတေသန ဦးစီးဌာန၏ နှစ်ဆယ်ရာစု၏မဟာလူသား၊ ၂၀၀၄ ခုနှစ်

မတ္တရာဆရာတော်ကြီး၏ ဂုဏ်သတင်းသည် နန်းတော်တိုင်ရောက်လေသည်။ ထို့ကြောင့် မင်းတရားကြီးက အထောက်တော်များကို စေလွှတ် စုံစမ်းတော်မူ၏။ မင်းတရားကြီး စေလွှတ်လိုက်သည့် အထောက်တော်များသည် ကပ္ပိယလုပ်၍ ဆွမ်းအမျိုးမျိုး ဆက်ကပ်ခြင်းဖြင့် ပထမဆုံး စမ်းသပ်ကြ၏။ ရှေးဦးစွာ ဆွမ်းကို ပျော့ပျော့ကြီး ချက်၍ ကပ်၏။ ထိုအခါ ဆရာတော်က-

*"အင်း . . . အဝါးရ သက်သာတယ်။ အစာကြေလွယ်တယ်"* ဟု အမိန့်ရှိ၏။ တစ်ဖန် မာမာကြီး ချက်၍ ကပ်ပြန်သည့်အခါ-

*"ဒီလိုဝါးပြီး ဘုဉ်းပေးရတာ အရသာပေါ်ပေတယ်"* ဟု မိန့်တော်မူ၏။ ထို့နောက် ဟင်းကို ဆားမခတ်ပဲ ချက်ကပ်ရာ-

*"အင်း . . . ရေငတ်ပြေတယ်"* ဟု အမိန့်ရှိ၏။ ဆားများများခတ်၍ ကပ်ပြန်သည့်အခါ- "အင်း . . . သွေးကြေတယ်" ဟု မိန့်တော်မူ၏။

မင်းတရားကြီးက ဖြစ်စဉ်သတင်းကို ကြားမိသည်နှင့် ညီတော်အိမ်ရှေ့မင်းသား မင်းတပ်မြို့စားအား ဆရာတော်ကို ပင့်လျှောက်ရန် အမိန့်ရှိလိုက်ပါသည်။ ဆရာတော်ထံပါး ချဉ်းကပ်ကာ နန်းတော်သို့ ပင့်လျှင် ကြွလိုသည့်ဆန္ဒရှိမရှိ လျှောက်ထားလေသည်။ ဆရာတော်က-

*"သာသနဒါယကာ ပင့်သည်ကို ငြင်းဖွယ်မရှိ"* ဟု မိန့်တော်မူလိုက်သဖြင့် မဟာဒါန်ဝန်ကို လှေတော်နှင့် သွားရောက်ပင့်စေပါသည်။ ဆရာတော် ပင့်ဆောင်လာသည့် လှေသည် ဝါးရင်းတုတ်ရွာသို့ အရောက်တွင် မင်းတရားကြီးထံမှ နောက်ထပ်လွှတ်လိုက်သည့် မင်းချင်းယောကျ်ားတို့က 'ဆရာတော်ဘုရားသည် အသက်အရွယ်

ကြီးရင့်ပြီ၊ မတ္တရာမြို့ ကျောင်းတိုက်မှာပင် ပြန်လည်သီတင်းသုံးရန် မင်းတရားကြီးက လျှောက်ထားကြောင်း' စာကို ဆက်ကပ်ရာ ဆရာတော်က -

*"အင်း ... အင်း ... ဟုတ်ပေတယ်။ ငါ့မှာလဲ ခွေးနို့စို့သလို ပညာသင်ကြားနေကြတဲ့ တပည့်များဟာ ပညာတည်းဟူသော နို့ရည် ဝတ်နေကြရင် သူတို့ ဝမ်းနည်းကြပေလိမ့်မယ်။ ပြန်၍နေရတာ ၎င်းတို့ဝမ်းမြောက်ကြလိမ့်မယ်"* ဟု မိန့်တော်မူကာ ကျောင်းသို့ ပြန်ကြွ တော်မူ၏။

## နန်းဦးကျောင်းဆောက်ကာ ပင့်ပြန်သည်

နောက်တစ်လခန့်အကြာတွင် မင်းတရားကြီးသည် နန်းဦး ကျောင်းကို ဆောက်လုပ်စေပြီး၊ သံတော်ဆင့်များအား စေလွှတ်၍ ဆရာတော်ကို ပင့်စေ၏။ ဆရာတော်က-

*"အင်း ... မဟာမြတ်မုနိဘုရားကြီးကို မဖူးရတာ အတော် ကြာပေပြီ၊ သည်တစ်ခါဖြင့် ဆိုက်ဆိုက် မြိုက်မြိုက်ဖူးရပေမည်"* ဟု အမိန့်ရှိကာ လိုက်ပါလာလေသည်။

ဆရာတော် နန်းဦးကျောင်း၌ သီးတင်းသုံးနေစဉ် မင်းတရားကြီး သည်လည်းကောင်း၊ မိဖုရား မောင်းမမိဿံတို့သည်လည်းကောင်း၊ သားတော်သမီးတော်တို့သည် လည်းကောင်း၊ နန်းတွင်းနန်းပြင် အရာထမ်း အမှုထမ်းတို့သည်လည်းကောင်း ညစဉ် ဆရာတော်အား ပူဇော်ကန်တော့ရန် တရားနာရန် မပြတ်လာလေ့ရှိကြ၏။

အတန်ကြာသော် မင်းတရားကြီးက နန်းဦးကျောင်းတိုက်အတွင်း တစ်နေရာ၌ ထန်းရွက်မိုး၊ ထန်းရွက်ကာထားသည့် ယာယီကျောင်းကလေး တစ်ဆောင် ဆောက်လုပ်စေသည်။ ကျောင်းကလေးပြီးသည့်အခါ မင်းတရားကြီးကိုယ်တိုင်က -

*"ဆရာတော်သည် ကျောင်းကြီးပေါ်၌ သီတင်းသုံးရသည်မှာ တက်ရဆင်းရ ဒုက္ခရောက်လှသည်။ ကျောင်းငယ်သို့ ဆင်း၍ သီတင်းသုံးသင့်ပါသည်"*ဟု လျှောက်ရာ-

*"အင်း . . . ဟုတ်ပေတယ်၊ တက်ရဆင်းရတာ လူအိုဖြစ်တော့ သတိထားရတယ်၊ တရားနာသူများလည်း တက်ရဆင်းရ ဝန်လေးပေမယ်၊ အောက်မြေပြင်မှာပဲ သင့်လျော်မယ်"* ဟု မိန့်တော်မူပြီး ဆင်း၍ သီတင်းသုံးတော်မူ၏။

တစ်လခန့်ရှိသောအခါ-

*"ကျောင်းကြီးပေါ်မှာ တက်၍ သီတင်းသုံးမှ တော်မည်ထင်ကြောင်း"* မင်းတရားကြီး လျှောက်ထားပြန်ရာ-

*"အင်း . . . ကျောင်းကြီးပေါ်မှာတော့ လေလုံ, မိုးလုံ ကောင်းပေတာပ၊ သည်ထန်းရွက်မိုး ကျောင်းကလေးမှာတော့ မိုးလုံလေလုံမဟုတ်၊ တရားနာပရိသတ်များလဲ မြေပြင်မှာ တရားနာရတဲ့အတွက် အအေးမိပြီး ဥတုပျက်မှာစိုးရတယ်"*ဟု အမိန့်ရှိပြီး ကျောင်းကြီးပေါ်သို့ ကြွ၍ သီတင်းသုံးတော်မူပြန်သတည်း။

---

**ကျမ်းညွှန်း**

* သာသနာရေးဦးစီးဌာနမှ ပြုစုသည့် ဗုဒ္ဓအဘိဓမ္မာစေတသိက်များအဖွဲ့ အတွဲ (၃)၊ ၂၀၀၄ ခုနှစ် (နှာ-၁၁၆)

## ၃။ ရှိတာနှင့်သာ ရောင့်ရဲတော်မူသည့်ဂုဏ်

မိုးလင်းမှ မိုးချုပ်သည်အထိ ထိုင်နေကျ ကုလားထိုင်ပေါ်၌သာ တရားဟောခြင်း၊ တရားစာရေးခြင်း၊ တရားစာဖတ်ခြင်း၊ တရားနှလုံး သွင်းခြင်း၊ ဒကာ ဒကာမများအား လက်ခံတွေ့ဆုံခြင်း စသော ကိစ္စ များကို ဆောင်ရွက်တော်မူသည်။ ဂုဏ်ရှိန်ကြီးမားသည့် တိပိဋကဓရ ဆရာတော်ဟု ဆိုသော်လည်း ခမ်းခမ်းနားနား ထည်ထည်ဝါဝါ နေလေ့ မရှိ။ ကျိန်းစက်သည့် ခုတင်ဟူ၍ သီးခြားမထား။ တစ်ခါတစ်ရံ ကုလားထိုင်ပေါ်၌သာ ကျိန်းစက်သည်။ ယောဆရာတော် သက်တောင့် သက်သာ အနားယူနိုင်ရန် ခုတင် စီစဉ်ထားသော်လည်း အနားယူ ကျိန်းစက်ခြင်း မပြုဘဲ ထိုခုတင်ပေါ်၌ သက်န်းစသော ပစ္စည်းများကိုသာ အပြည့် တင်ထားလိုက်လေသည်။

ယောဆရာတော် ကျိန်းစက်သည့်နေရာကား ကိုရင်ငယ်လေး တစ်ပါး ကျိန်းစက်သည့် နေရာလောက်ပင် ခန့်ညားထည်ဝါမှု မရှိ။ ကျိန်းစက်သည့်နေရာဟု သီးခြားမထား၊ ခန္ဓာကို အလိုမလိုက်၊ ကြမ်းပြင် ပေါ်၌သာ အခင်းခင်း၍ သင့်သလို ကျိန်းစက်တော်မူသည်။ အစား အသောက်များကိုလည်း အကောင်းအဆိုးမရွေး။ ခန္ဓာကို လိုသလို သုံးနိုင်ရန် ရှိတာနှင့်သာ မျှတစွာ ဘုဉ်းပေး သုံးဆောင်တော်မူသည်။ မိမိနှစ်သက်သော ဆွမ်းဟင်းပါ၍လည်း ထူးထူးထွေထွေ ပို၍ မဘုဉ်းပေး၊ မိမိမနှစ်သက်သော ဆွမ်းဟင်းသာ ပါ၍လည်း လျှော့၍ မဘုဉ်းပေး၊ နေ့စဉ် အချိုးကျ တစ်ပုံစံတည်းသာ ဘုဉ်းပေးတော်မူသည်။ စိတ်အလိုကို လုံးဝမလိုက်။ အကောင်းအမွန်များကို မလိုလား၊ ရှိသည့်အရာဖြင့်သာ ရောင့်ရဲတော်မူသည်။ ခြိုးခြံစွာ ကျင့်သုံး နေထိုင်တော်မူသည်။

**ကျမ်းညွှန်း** * အရှင်ပညာတိက္ခ (ယော)၏ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ယောဆရာတော် ဘဝဖြစ်စဉ် ကြောင်းကျိုးထင် (ဆရာတော်၏ သက်တော် ၇၅-နှစ်ပြည့် စိန်ရတုအထိမ်းအမှတ်)

# ၄။ သစ်သားတုံးကပင် ခေါင်းအုံးဖြစ်ပါသည်

ရွှေဥမင်ဆရာတော် (AD ၁၉၁၃-၂၀၀၂)သီတင်းသုံးတော်မူရာ ကျောင်း၌ မိုးယိုနေသည်မှာ ကာလအတန်ပင် ကြာလာပါသည်။ ရန်ကုန်မိုးစွေသည်နှင့်အမျှ မိုးယိုသည့် ပမာဏလည်း များလာသဖြင့် ရေခံသည့်ဖလားကို တစ်နေ့တစ်ကြိမ် သွန်ရုံနှင့် မလုံလောက်တော့ပါ။

ထို့ကြောင့် ဒေါက်တာခင်မောင်ဇော်ကို ခေါ်တော်မူပြီး ကျောင်း မိုးယိုနေသည်ကို ဒကာကြီးကိုယ်တိုင် စစ်ဆေးပြီး ပြုပြင်ရန် တာဝန် ပေးအပ်တော်မူပါသည်။ မိုးဆက်ရွာနေသဖြင့် ချက်ခြင်း ပြုပြင်မှ ဖြစ်မည်ဟု ဒေါက်တာခင်မောင်ဇော်က ဆုံးဖြတ်ပါသည်။ မိုးယိုနေသည့် အမိုးအား မည်ကဲ့သို့ ပြုပြင်ရမည်ကို စစ်ဆေး ကြည့်ရှုနိုင်ရန် လိုအပ် လာပါသည်။ ထို့ကြောင့် ဆရာတော်ကြီးတစ်ပါးတည်း သီတင်းသုံး တော်မူရာ အခန်းထဲဝင်ရန် ခွင့်ပန်ပြီးနောက် ဝတ်ပြုအပြီး ဆရာတော် ကြီးအနားမှ ထသွားပါသည်။

မိုးယိုနေသည့် အခြေအနေအရပ်ရပ်ကို လေ့လာပြီးနောက် အခန်းထဲမှ ထွက်လာခဲ့ပါသည်။ သို့သော် ဆရာတော်၏အိပ်ခန်းထဲ၌ တစ်စုံတစ်ရာ လိုအပ်နေသည်ဟု ခံစားမိသဖြင့် ထပ်မံ၍ ဝင်ကြည့် ပါသည်။ ကုတင်သေးသေးကိုသာ တွေ့ရပြီး ခေါင်းအုံးမတွေ့ဘဲ ဖြစ်နေပါသည်။ ခေါင်းအုံးလှူရန် အခွင့်အရေး ရပေပြီဟူသော အတွေးနှင့် အခန်းအပြင်ထွက်လာပြီး -

*"ကုတင်ပေါ်မှာ ခေါင်းအုံးမတွေ့ဘူးဘုရား၊ တပည့်တော် မိသားစုကို ခေါင်းအုံး လှူဒါန်းခွင့် ပြုတော်မူပါဘုရား"*ဟု လျှောက် ထားရာ ဆရာတော်ကြီးက-

*"ကိုခင်မောင်ဇော် ဘုန်းကြီးမှာ ခေါင်းအုံးရှိပါတယ်"*ဟု မိန့်တော်မူပါသည်။ ဒေါက်တာခင်မောင်ဇော် အခန်းထဲ ပြန်ဝင်ကြည့်ရာ ခေါင်းအုံးနေရာ၌ ခေါင်းအုံးမတွေ့ဘဲ ကုတင်ပေါ်တွင် သစ်သားတုံး မဲမဲတစ်တုံးကိုသာ တွေ့ရပါသဖြင့် ဆရာတော်ကို လျှောက်ထားရာ-

*"အဲဒါ ခေါင်းအုံးပေါ့"*ဟု မိန့်တော်မူပါသည်။ သစ်သားတုံး မဲ၍ပြောင်နေသည်ကို ကြည့်ရခြင်းအားဖြင့် ဆရာတော်သည် ဤသစ်သားတုံးကို ခေါင်းအုံးအဖြစ် သုံးပြုလာသည်မှာ ကာလ အားဖြင့် ကြာမြင့်ပြီဟု ထင်ရပါသည်။

သူတော်ကောင်းကြီးတို့၏ အသုံးအဆောင်ပစ္စည်းဟူသည် လူသာမန်တို့၏ အသုံးအဆောင်နှင့် တူသည်လည်း ရှိနိုင်ပါသည်။ မတူသည်လည်း ရှိနိုင်ပါသည်။ မည်သို့ပင် တူညီစေကာမူ သူကြွယ် တစ်ဦးကမူ ကုတင်သေးသေးလေး၌ သစ်သားခေါင်းအုံးဖြင့် ကာလ ရှည်ကြာ အိပ်လိုမည်မဟုတ်ပေ။

## ၅။ ဘုန်းကြီးဆိုတာ ဓိမ်ခံနေဖို့ မဟုတ်ပါ

ယောဆရာတော် သီတင်းသုံးတော်မူသည့် ကျောင်းဆောင်၌ အဲယားကွန်း (လေအေးစက်) လုံးဝမထား၊ တိုင်ကပ် လေပန်ကာ နှစ်လုံး သာရှိသည်။ ထိုလေပန်ကာကိုလည်း ယောဆရာတော်တစ်ပါးတည်း ရှိနေလျှင် ဖွင့်လေ့မရှိ၊ ဆွမ်းအလှူရှင်များကို တရားဟောသည့် အချိန် မှသာ အလှူရှင် ဒကာ ဒကာမများအတွက် အဖွင့်ခိုင်းပြီး တရားဟော ပြီး၍ အလှူရှင်များ ပြန်သွားချိန်တွင် ပိတ်လိုက်သည်။ အပူချိန် ပြင်း ထန်သော နွေရာသီတွင် အလှူရှင် ဒကာ ဒကာမများက ယောဆရာတော်

ကျောင်းဆောင်တွင် အဲယားကွန်း တပ်ဆင်လှူဒါန်းလိုကြောင်း မကြာမကြာ လာရောက် လျှောက်ထားကြသည်။ ဆရာတော်မှ-

*“မလိုပါဘူးဗျာ၊ ဘုန်းကြီးဆိုတာ ဇိမ်ခံနေဖို့ မဟုတ်ဘူး။ ဒီလောက်တော့ သည်းခံရမှာပေ့ါ၊ ငရဲအပူနဲ့ ယှဉ်ကြည့်လိုက်ရင် ဒီအပူလေးက အသေးအဖွဲလေးပါ၊ ဘာမျှ မပြောပလောက်ပါဘူး”*ဟု မိန့်တော်မူ၍ ငြင်းပယ်လိုက်သည်။

တစ်ချိန်တွင် မဟာဝိသုဒ္ဓါရုံကျောင်းတိုက် ဝေယျာဝစ္စ အတွင်းရေးမှူး ဦးသိန်းအောင်မှ နွေရာသီ အပူပြင်းထန်လွန်းသဖြင့် ယောဆရာတော် ခရီးကြွခိုက် ယောဆရာတော့်ကျောင်းဆောင်တွင် အဲယားကွန်း လာရောက် တပ်ဆင်လေသည်။ ယောဆရာတော်သည် ထိုအဲယားကွန်းကို တစ်ကြိမ်မျှမဖွင့်ဘဲ နှစ်ပတ်လောက် အထိ အလှူရှင်ကျေနပ်ရုံထား၍ အဖြုတ်ခိုင်းတော့သည်။

## ၆။ မိမိလှူဒါန်းသည့် သင်္ကန်းဝတ်ရုံသည်ကို ကြည်ညိုလိုသည့် ဒါယကာ

တစ်ရက်၌ ဦးဘွားသည် သင်္ကန်းတစ်စုံ ယူဆောင်လာပြီးလျှင် ဂျုံးဂျုံးကျတောရ ဆရာတော်ဘုရားကြီး (AD ၁၈၅၃-၁၉၂၄)ထံပါး ကပ်လှူလေသည်။ ဆရာတော်ကြီးက အခြားသံဃာတော်အား ကပ်လှူရန် တိုက်တွန်း ပြောဆိုလေသည်။ ထိုအခါ ဦးဘွားက-

**ကျမ်းညွှန်း**

* အရှင်ပညာတိက္ခ (ယော)၏ တိပိဋကရေ မွေ့ဘဏ္ဍာဂါရိက ယောဆရာတော် ဘဝဖြစ်စဉ် ကြောင်းကျိုးထင် (ဆရာတော်၏ သက်တော် ၇၅-နှစ်ပြည့် စိန်ရတုအထိမ်းအမှတ်)

*"တပည့်တော် လှူဒါန်းသည့် သင်္ကန်းကို အရှင်ဘုရား ဝတ်ရုံသည်ကို ကြည်ညိုလိုပါသည်ဘုရား"*ဟု လျှောက်ထားပြန်သည်။ အတန်တန် လျှောက်ထားသဖြင့် ဆရာတော်ကြီးသည် မိမိဝတ်ရုံထားသော တိစီဝရိတ် အဓိဋ္ဌာန်သင်္ကန်းတော်ကို ခေတ္တဖယ်ရှားလိုက်သည်။

ဆရာတော်ကြီးသည် ဦးဘွားလှူဒါန်းသော သင်္ကန်းတော် ဝတ်ရုံပြီးနောက် ဦးဘွားအား ပြောသည်။

*"ကျေနပ်ပြီလား. . . ဒါယကာကြီး"*

ထိုအခါ ဦးဘွားက . . .

*"ကျေနပ်ပါပြီဘုရား"*

ဝမ်းသာစွာ လျှောက်ထားသည်။ ထိုအခါ ဆရာတော်ကြီးက ဝတ်ရုံထားသော သင်္ကန်းတော်ကို တစ်ဖန် ပြန်လည်ပယ်ရှားကာ မူလက ဆောက်တည်တော်မူထားသည့် သင်္ကန်းတော်ကို ပြန်၍ သုံးတော်မူပေသည်။ ဒါယကာဦးဘွားလှူသော သင်္ကန်းကို သံဃိကလာဘ်သို့ ပို့ဆောင်စေသည်။ ဤမျှလောက်ပင် သင်္ကန်း စသည့် လာဘ်လာဘတို့၌ ငဲ့ကွက်ခြင်း၊ တောင့်တခြင်း ကင်းတော်မူပေသည်။

ဆရာတော်ကြီးသည် ရရသမျှနှင့် ရောင့်ရဲလွယ်ကာ ယထာလာဘသန္တောသဂုဏ်၊ သွားမှု လာမှု ကြည့်ရှု ပြောဆိုမှုတို့၌ သတိမလစ် စောင့်စည်းမှုတည်းဟူသော ဣန္ဒြိယသံဝရဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူပေသည်။

---

**ကျမ်းညွှန်း**

* (၂၁၅)၊ သန္တောသကထာ၊ သီလက္ခန္ဓဝဂ္ဂအဋ္ဌကထာ (နှာ-၁၈၂)
* (ဂုံးဂုံးကျတောရဆရာတော်ဘုရားကြီး) နှာ- ၄၄-၄၅

# ၇။ တောင်တန်းသာသနာပြုဆရာတော် ဦးဥတ္တမသာရနှင့် ရွှေဥမင်ဆရာတော်

တောင်တန်းသာသနာပြုဆရာတော် ဦးဥတ္တမသာရ (AD ၁၉၁၁-၁၉၉၅) သည် သီလ၊ သမာဓိ၊ ပညာ ဂုဏ်ကျေးဇူးတို့ကြောင့် တိုင်းပြည်၌ လွန်စွာထင်ရှား၏။ ကျော်ကြား၏။ ထိုနည်းတူပင် ကျေးဇူးတော်ရှင် ရွှေဥမင်ဆရာတော်ဘုရားကြီးလည်း ထင်ရှား ကျော်ကြားပါ၏။

ထိုဆရာတော်ကြီးနှစ်ပါးတို့သည် လွန်စွာ ရင်းနှီးခင်မင် အကျွမ်းဝင်တော်မူကြ၏။ တစ်နေ့ တောင်တန်းသာသနာပြု ဆရာတော်ကြီးသည် မြောက်ဥက္ကလာပ ရွှေဥမင်တောရ ဓမ္မာရုံတော်ကြီး၌ ပရိတ်တရားဒေသနာတော် ရွတ်ဖတ်ပူဇော် ချီးမြှင့်ပေးတော်မူပါသည်။ ပရိတ်ရွတ်ဖတ်ပြီးသည့် အချိန်တွင် တောင်တန်းသာသနာပြု ဆရာတော်ကြီး ကျိန်းစက်ရန်အတွက် ရွှေဥမင်ဆရာတော်ကြီးက မိမိကျိန်းစက်သော ခုတင်၌ ပြင်ဆင်ပေးစေပြီး ဆရာတော်သည် ထိုကျောင်းဆောင်လေး၏အပြင် စင်္ကြံလမ်း၌ ကျိန်းစက်တော်မူပါသည်။

ထိုည ဆရာတော်နှစ်ပါး တရားစကား ပြောဆိုဆွေးနွေးကြရာတွင် ရွှေဥမင်ဆရာတော်ကြီးက -

*"ဆရာတော် ပရိတ်ရွတ်ဖတ်ပူဇော်တော်မူတဲ့အခါမှာ ပရိတ်ရေတွေ ဆူလာတတ်တယ်လို့ ဒကာ၊ ဒကာမများ လျှောက်ထားကြလို့*

*သိထားပါတယ်ဘုရား။ ဘုရားတပည့်တော်သိလိုတာက ဘာကြောင့် အခုလို ပရိတ်ရေဆူပွက်တာပါလဲဘုရား”* ဟု မေးလျှောက်တော်မူ၏။

ထိုအခါ တောင်တန်းသာသနာပြု ဆရာတော်ကြီးက-

*“ဘုန်းကြီးဦးကောသလ္လ . . . တပည့်တော် ငယ်စဉ် ကိုရင်ဘဝ စာသင်တိုက်မှာ နေစဉ်တုန်းက ဦးဇင်းတစ်ပါးက ‘ကိုရင် သူများလှူတာ စားတယ်ဆိုတာ ပရိတ်ရွတ်ရတယ်၊ ပရိတ်မရွတ်ရင် အပြစ်ဖြစ်တယ်၊ ပရိတ်ရွတ်ရင် အပြစ်ကျေတယ်၊ ကုသိုလ်ရတယ်၊ ရွတ်ဆိုပါ’လို့ တိုက်တွန်း ဆုံးမတဲ့အတွက်ကြောင့် ကိုရင် (၆)နှစ်သားဘဝကစပြီး ဒီနေ့ အသက် (၈၀)တိုင်အောင် မရွတ်ဖတ်တဲ့နေ့ မရှိဘူး၊ နေ့စဉ်နေ့တိုင်း ရွတ်ဆို ပါတယ်ဘုရား၊ အခုလို အမြဲနိဗဒ္ဓ ဝတ်မပျက် ရွတ်ဆို ထုံမွမ်း နေတဲ့အတွက်ကြောင့် ပရိတ်ရေ ဆူပွက်တယ်လို့ ထင်မြင်မိပါတယ် ဘုရား”* ဟု အလွန်ပင် ရိုးရှင်းစွာ မိန့်ကြားတော်မူပါသည်။

---

**ကျမ်းညွှန်း**

* ဝင်းစိန်ကျောင်းဆရာတော် အရှင်စိန္တိ၏အနန္တကျေးဇူးတော်ရှင် ရွှေဥမင်တောရဆရာတော်ဘုရားကြီး၏ မှတ်သားဖွယ်ရာ ဆုံးမစာများ၊ အနန္တာဓမ္မစာပေ၊ ၂၀၁၆ ခုနှစ်၊ ပထမအကြိမ်

# (ခ) လဒ္ဒီသူမွန် ရဟန်းမြတ်တို့၏ ရှုတင်နှင့် ပဋိပတ် အကျင့်မြတ်

# ၁။ သီလစင်ကြယ်နေပါက
# မဂ် ဖိုလ် အလွယ်အကူ ရနိုင်သည်

ကြေးမြင့်မိဖုရားကြီး ဆောက်လုပ် လှူဒါန်းထားတဲ့ကျောင်းမှာ သီတင်းသုံးခဲ့တာမို့ ဆရာတော်ကို ယနေ့တိုင် ကြေးမြင့်ဆရာတော်ကြီး (AD ၁၈၈၅-၁၉၈၉)လို့ သိနေကြတာ ဖြစ်ပါတယ်။ ဆရာတော်ကြီးရဲ့ ဘွဲ့က ဘဒ္ဒန္တဇောတယာဘိဝံသပါ။ ဆရာတော်ကြီးက-

*"ကိုယ့်ကိုယ်ကို ကြည်ညိုအောင်နေ၊ ကိုယ့်ကိုယ်ကို ကြည်ညိုဖို့ အရေးကြီးတယ် သူတစ်ပါး မကြည်ညိုတာက အရေးမကြီးဘူး၊ ကိုယ်ပြုထားတဲ့ ကုသိုလ် အကုသိုလ်ကို ကိုယ်ကသာ သိတယ်၊ သူတစ်ပါးမသိဘူး"* တဲ့။ ဒီဆုံးမတော်မူချက်က ကျွန်မတို့အဖို့ အလွန် တန်ဖိုးကြီးတဲ့ အဆုံးအမကြီးပါ။ ပြီးတော့ ဆရာတော်ကြီးက သီလနဲ့ ပတ်သက်လို့လည်း-

*"သီလစင်ကြယ် လုံခြုံရေးသည် မဂ်ဖိုလ်ရရေးထက် ပို၍ ခက်၏။ သီလစင်ကြယ် လုံခြုံပါလျှင် မဂ်ဖိုလ်ကို အလွယ်တကူ ရနိုင်၏။ သီဟိုဠ်ကျွန်း၌ ဂိလာနဖြစ်နေသော သံဃရက္ခိတမထေရ်ကြီးသည် ပါတိမောက္ခသံဝရသီလနှင့် အလွန် ပြည့်စုံ၏။ ရောဂါဝေဒနာ ခံစား၍ သေလုမျောပါး ဖြစ်နေရာ ရဟန္တာအဖြစ်ဖြင့် ပရိနိဗ္ဗာန်ပြုသည်ကို ဖူးမြင်လိုကြပါကြောင်း အများ၏ဆန္ဒကို အလုပ်အကျွေးပုဂ္ဂိုလ်က လျှောက်ထားသဖြင့် မိမိ၏သီလကို ဆင်ခြင်၍ တရားကို ရှုမြင် သုံးသပ် တော်မူရာ ခဏချင်းပင် ရဟန္တာအဖြစ်သို့ ရောက်တော်မူ၏။ ထို့ကြောင့် မဂ်ဖိုလ်ရရေးသည် သီလစင်ကြယ်ရေးလောက် မခက်၊ သီလ စင်ကြယ်*

*ရေးကသာ မင်္ဂဖိုလ်ရရေးထက် ခက်သည်။ သီလစင်ကြယ်လျှင် သံဃရက္ခိတမထေရ်မြတ်ကြီးကဲ့သို့ မဂ်ဖိုလ်ကို အလွယ်တကူ ရနိုင်ပေသည်"*လို့ ဆရာတော်ကြီးက သီလကို ကိုယ်တော်တိုင်ကလည်း အလေးထားတော်မူပြီး သူတစ်ပါးကိုလည်း အလေးထားစေချင်သည့် အကြောင်း မိန့်ကြားတော်မူဖူးပါတယ်ဟု စာရေးဆရာမကြီး လူထုဒေါ်အမာက ရေးသားသည်ကို ကြည်ညိုဖွယ် မှတ်သားရပါသည်။

## ၂။ စတုပါရိသုဒ္ဓိသီလ ပြည့်စုံမှသာ မဂ်ဉာဏ်ရမည်

ရဟန်းတို့ စတုပါရိသုဒ္ဓိသီလနှင့် ပြည့်စုံသော ရဟန်းသည် ဖြူစင်မြင့်မြတ်သော အဂ်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ထိုမဂ်တရားကို တိုးပွားစေလတ္တံ့၊ ကြိမ်ဖန်များစွာ အလေ့အလာ ပြုလတ္တံ့၊ ဤသို့ မျှော်လင့်အပ်၏"လို့ မိန့်ဆို ရှင်းလင်းထားပါတယ်။

ဒီဒေသနာတော်ကို ချုပ်လိုက်တဲ့အခါ -

"စတုပါရိသုဒ္ဓိသီလနှင့် ပြည့်စုံသောသူမှသာ မဂ်ဉာဏ်ကို ရနိုင်ပါတယ်။ မဂ်ဉာဏ်ရအောင် ကြိုးစားမယ်လို့ မျှော်လင့်နိုင်ပါတယ်။ သီလကို ပစ်ထားသူမှာ မဂ်ဉာဏ်ကို မရနိုင်၊ မဂ်ဉာဏ်ကို ရအောင် ကြိုးစားမယ်လို့ မမျှော်လင့်နိုင်ပါ"ဆိုတဲ့ အနှစ်ချုပ် အဓိပ္ပာယ်ကို သိကြရပါတယ်။

---

**ကျမ်းညွှန်း**

* လူထုဒေါ်အမာ၏ သာသနာ့တန်ဆောင်ဆရာတော်ကြီးများ (နှာ - ၅၈ - ၅၉)
* (၂၀) ပဥ္စမသီလပဥ္စက၊ သီလနိဒ္ဒေသ၊ ဝိသုဒ္ဓိမဂ္ဂ (ပ) (နှာ-၄၅)

ကိလေသာ အာသဝေါကင်းပြတ် အငြိမ်းဓာတ် နိဗ္ဗာန်စံတော်မူကြပြီးဖြစ်တဲ့ ဘုရားအစရှိတဲ့ သူတော်ကောင်း မှန်သမျှတို့သည် ဘယ်အရှင်မြတ်မှ သီလကို ပစ်ပယ်ပြီး ကိလေသာကင်းသည်ဟူ၍ မရှိခဲ့ကြ။ သီလသိက္ခာကိုသာ အခြေခံပြုပြီး သမာဓိထူထောင်ကာ ပညာသိက္ခာကို ကျင့်သုံးလျက် အငြိမ်းဓာတ်နိဗ္ဗာန်ကို ရယူခဲ့ကြသည်ချည်း ဖြစ်ကြပါတယ်ဟု ရွှေကျင်သာသနာပိုင် သက်တော်ရှည်ဝါဆိုဆရာတော်ကြီးကသောဋ္ဌသမ ရွှေကျင်သံဃအစည်းအဝေးကြီးတွင် ဩဝါဒ ပြုတော်မူပါသည်။

## ၃။ မဂ်ရသည် ဖိုလ်ရသည်ဟု ဆန္ဒစောကာ မဆုံးဖြတ်စေချင်ပါ

လယ်တီဆရာတော်ကြီး (AD ၁၈၄၆-၁၉၂၃) သိမ်တောင်တိုက် စံကျောင်းတော်ကြီး၌ သီတင်းသုံး နေစဉ် မြင်းခြံမြို့ စွန်းလွန်းမှ ဦးဘစံ၊ ဦးကဝိ (စွန်းလွန်းဂူဆရာတော်) တရားအားထုတ်နေသော ဦးဝိစာရတို့သည် လယ်တီဆရာတော်ထံ ရောက်လာကြပြီး ဒကာဦးဘစံက ပဏ္ဍိတဝေဒနီယစာအုပ်၌ ပါသည့်အတိုင်း ကသိုဏ်းများကို အားထုတ်ရာ အပ္ပနာစျာန် သမာဓိရရှိကြောင်း၊ ဝိပဿနာအားထုတ်ရာ ရုပ် နာမ်၏ အနိစ္စသဘာဝမွေများကို ကောင်းစွာ ထင်မြင်၍ အနုလုံဂေါတြဘူ မဂ်ဇောဖိုလ်ဇော ဖြစ်ပေါ်လာပုံ အလုံးစုံကို လျှောက်ထား၏။

---

**ကျမ်းညွှန်း**

* ကျေးဇူးတော်ရှင် စုဒ္ဒသမရွှေကျင်သာသနာပိုင် သက်တော်ရှည် ဇယမေဒနီဝါဆိုဆရာတော်ဘုရားကြီး သက်တော် (၁၀၀) စာ(၁၀၀) ဆရာတော်ဘုရားကြီး၏ သက်တော်(၁၀၀)ပြည့် မွေးနေ့တော်ကို ပူဇော်သောအားဖြင့် တပည့် ဇယမေဒနီအရှင်နန္ဒိယနှင့် ဥက္ကာကျော်တို့ စီစဉ်ထုတ်ဝေသည်။ (၂၀၁၇)ခုနှစ်

လယ်တီဆရာတော်ကြီးက သာဓုသုံးကြိမ် ခေါ်တော်မူပြီး ဤသို့ မိန့်တော်မူ၏။

*"ငါ၏တပည့်များ နောက်ကို မင်္ဂရသည် ဖိုလ်ရသည်ဟု မည်သူ့ကိုမျှ မပြောကြနှင့်။ ဧရာဝတီ မြစ်ရိုးတစ်လျှောက် ပြည်၊ ရွှေတောင်၊ ကြံခင်း၊ မြန်အောင်၊ ဓနုဖြူ၊ ညောင်တုန်း၊ ကျိုက်လတ်၊ ပန်းတနော်မြို့ များမှစ၍ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် အစရှိသော အရိယာတွေ များစွာ ပေါ်များကြောင်းကို ဆရာတော်အား များစွာ လျှောက်ထားကြသည်။ အဆုံးအဖြတ်ပေးရန် လျှောက်လွှာ များစွာ ရောက်နေသည်။ ဖြေလို့မပြီးနိုင်အောင် များနေသည်။ သို့ဖြစ်၍ မုချ မဆုံးဖြတ်ကြနှင့်။ အနုသယသဘော သတ္တိကလေးသည် လွန်စွာ နူးညံ့သည်ဖြစ်၍ မင်္ဂဖြင့် မုချပယ်သည် မပယ်သည်ကို လွန်စွာ သိနိုင်ခဲသည်။ ကမ္မဋ္ဌာန်းကို သက်စွန့်ကြိုးပမ်း အားထုတ်နေပြီး ရုပ်နာမ်သဘာဝကို ဉာဏ်ဝမှာ ကောင်းစွာ ထင်မြင်နေသော ယောဂီ ပုဂ္ဂိုလ်သည် တစ်ခါတစ်ရံ နာမ်ရုပ် ချုပ်ငြိမ်းနေသကဲ့သို့ အေးငြိမ်းမှုကို တွေ့၍ ခံစားနေတတ်သည်။*

*ထိုအခါ ယောဂီတို့စိတ်တွင် ကိလေသာ ကြမ်းတမ်းသော အမူအရာ မပေါ်လာနိုင်ဘဲ ကွယ်ငုပ်နေတတ်သည်။ ကိလေသာ ကွယ်ငုပ်လေလေ အေးငြိမ်းမှုတွေ့လေလေ တွေ့တတ်သည်။ ထိုအခါ ထိုအေးငြိမ်းမှုကို ဆရာက တကယ်မင်္ဂဖိုလ်ထင်၍ ဆုံးဖြတ်တတ်သည်။ ဆရာအနေဖြင့် စာနှင့် ကိုက်ကြည့်၍ တကယ် ညီညွတ်သည် ထင်လျှင် သာဓု သာဓု သာဓုခေါ်၍ ငါ့ရှင် ရှေ့သို့ တိုး၍ အားထုတ်ရမည်။ ဗိုလ်ငါးပါးကို ညီမျှအောင်ထား၍ အားထုတ်ရန် အထူးတိုက်တွန်း ပေးရသည်။ မင်္ဂညွှန့် ဖိုလ်ညွှန့်တွေဝေနေသည့် ယောဂီပုဂ္ဂိုလ်ကို အဆုံး*

*အဖြတ်စော၍ တစ်ထစ်ချ ဆုံးဖြတ်လိုက်သည်နှင့် ငါသောတာပန်ဖြစ်ပြီ အပါယ်တံခါးပိတ်ပြီဟု ဆုံးဖြတ်ကာ လက်လျှော့လိုက်တတ်သည်။ မဂ်ဖိုလ် ဒီဘဝတွင် ရထိုက်သူဖြစ်ပါလျက် ဆရာဆုံးဖြတ်ချက် စောသည့်အတွက် စိတ်ချနေသောကြောင့် ရှေ့သို့ တရားအားထုတ်ရန် ရပ်သွားတတ်သည်။ တပည့်မှာလည်း အကျိုးယုတ်၊ ဆရာမှာလည်း မဂ်ညွန့်ဖိုလ်ညွန့်ကို ချိုးပစ်ရာ ရောက်သောကြောင့် အကျိုးယုတ်၊ နှစ်ဦးနှစ်ဝ အကျိုးယုတ်တတ်သည်ဟု ဆုံးမတော်မူ၏။ အနုသယဓာတ်ငုပ် ပေါ်၊ မပေါ်ကံ သုံးပါးသောင်းကျန်းမှုကို အနည်းဆုံး(၇)နှစ် စောင့်ကြည့်ရဦးမည်" ဟု* မိန့်တော်မူပါသည်။

ယခုအခါ မြန်မာနိုင်ငံ၌ ကမ္မဋ္ဌာန်းနည်းဆန်းများစွာ ပေါ်ပေါက်နေပြီး (၇)ရက်နှင့် သောတာပန်ဖြစ်နည်း၊ သောတာပန်စခန်း ဖြတ်လမ်းနည်း၊ သီလလုံဖို့ မပြောနဲ့ ဝိပဿနာမှ သောတာပန်ဖြစ်တာ စသည်ဖြင့် နားယောင်ကာ ဇဝေဇဝါ ဖြစ်နေသူများအနေဖြင့် လယ်တီဆရာတော်ကြီး၏ အဆုံးအဖြတ်ကို စဉ်းစားဆင်ခြင်နိုင်လျှင် ကောင်းပေစွ။

## ၄။ ဘဝ၏ နောက်ဆုံးပိုင်းကာလကို တရားနှင့်သာ နေတော်မူခဲ့သည့် သထုံမြို့ ဇေတဝန်ကျောင်း မင်းကွန်းဆရာတော်

သထုံမြို့ ဇေတဝန်ကျောင်း မင်းကွန်းဆရာတော်ဘုရားကြီး (AD ၁၈၆၈-၁၉၅၄)သည် နောက်ဆုံးအချိန် ခန္ဓာဝန်ကို ရွက်ဆောင်နေရသော (၈၅)နှစ်နှင့် (၈၆)နှစ်၊ (၂)နှစ်မျှ ကာလအတွင်း လောကီ

**ကျမ်းညွှန်း**

* ဦးအောင်မွန် ရေးသားပူဇော်သည့် ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး ဘဝဖြစ်တော်စဉ် ၊ ၂၀၀၇ ခု ပထမအကြိမ် (နှာ-၇၉၇)

ကိစ္စအ၀၀ကို လုံး၀ ငဲ့ကွက်တော်မမူဘဲ စွန့်လွှတ်တော်မူ၏။ အမြဲအစွဲ ဝိပဿနာတရားနှင့်သာ နေတော်မူ၏။ ကျိန်းတော်မူ၏။ မျှတသော အာဟာရဖြင့် ရောင့်ရဲတော်မူ၏။ လှေကားမှ လိမ့်ကျသော်လည်း သူတစ်ပါးအကူအညီ မယူလို မိမိစွမ်းနိုင်သမျှ ပြုလုပ်၏။ တုဏှိဘော အနေများ၏။ ဆေးဆရာကြီး ဆရာကြွယ်က ဆေးဝါးခါတ်စာများ မှီဝဲသုံးဆောင်ရန် လျှောက်ထားရာ -

*"တို့ ဘာဆေးမှ မစားဘူး"* ဟု မိန့်တော်မူ၏။ စောင့်ရှောက်သူ တပည့်များ၏ ဝတ်နိဗဒ် အသွယ်သွယ် ပြုဘွယ်ရန် လျှောက်ထားသော်လည်း လက်မခံချေ။ အခြေအနေအရသာ စောင့်ရှောက်သူ တပည့်များက ကူညီကြရလေသည်။ နောက်ပိုင်း၌ ဆွမ်းကို လုံး၀ ဘုဉ်းမပေးဘဲ နွားနို့များ ဘုဉ်းပေးမျှတနေတော်မူ၏။ မော်လမြိုင်မှ တပည့်ရင်းဖြစ်သူ သီလရှင်ကြီး ဒေါ်ကုသလာသည် တပည့်များနှင့် လာ၍ သီတင်းကျွတ်သောအခါ ကန်တော့ကြ၏။ ထိုအခါ -

*"ဒို့ ဒီနှစ်တော့ မလွန်တော့ဘူး"* ဟု မိန့်တော်မူ၏။ ထိုသီလရှင် ဆရာကြီးသည် မော်လမြိုင် ပြန်ရောက် သောအခါ ဆရာတော်ကြီးအား ရည်မှန်း၍ ခေါင်းသေတ္တာ စီမံပြီး သထုံမြို့သို့ လာရောက်ကာ နောက်ဆုံး ပြုစု ဖူးမျှော် ဆည်းကပ်နေ၏။ ကြိုတင် မိန့်တော်မူထား သကဲ့သို့ပင် ၁၃၁၆-ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၀)ရက် သောကြာ နေ့ သက်တော်(၈၇)နှစ် ဝါတော် (၆၁)ဝါတွင် ရုပ်နာမ်ခန္ဓာချုပ်ငြိမ်း ဇာတ်သိမ်းတော်မူခဲ့ပါသည်။

---

**ကျမ်းညွှန်း**

* ဦးသာသနဝိသုဒ္ဓိ (ဗိုလ်သိမ်းဆွေ)၏ မြန်မာနိုင်ငံတော် ရဟန္တာအရိယာများ၏ ထေရုပ္ပတ္တိ "ပဋိပတ္တိ" သာသနာဝင်ကျမ်း၊ (နှာ-၂၆၆)က ဝိရတနာစာပေမှ ထုတ်ဝေသည်။ (၁၉၇၇-ခုနှစ်) အုပ်ရေ -၂၀၀၀

# ၅။ အရိယာကို ကြည်ညိုလိုသူ

သာသနာ့အမြင်၊ သာသနာ့ဗဟုသုတ ဉာဏ်အမျှော်အမြင်ရှိကြသည့် ဒါယကာ ဒါယိကာမများသည် လူ့ထက် မြောက်မြားစွာ သာလွန် မြင့်မြတ်သော ရဟန်းသီလတို့ကို စောင့်ထိန်းတော်မူလေ့ရှိသည့် ရဟန်းတော်မျိုးကိုသာ ရှိခိုးလိုကြ၊ ကြည်ညိုလိုကြ၊ လှူဒါန်းလိုကြ၊ ကိုးကွယ်လိုကြ၊ ပူဇော်လိုကြသည်မှာ ဓမ္မတာဖြစ်ပါသည်။

ပထမဝိသုဒ္ဓါရုံဆရာတော်ကြီး (AD ၁၈၃၈-၁၉၁၆)ကို အလွန်ကြည်ညိုသည့် ဒါယကာ ဦးဘိုးလှိုင်က-

*"ဆရာတော် တစ်မဂ်တစ်ဖိုလ်ရအောင် ကျင့်တော်မူပါဘုရား၊ ဒါမှ တပည့်တော်တို့ ကြည်ညိုရတာ အားရပါရ ရှိပါ့မယ်"* ဟု လျှောက်ထားဖူး၏။ သည်တွင် ဆရာတော်ကြီးက-

*"ဘိုးလှိုင် တစ်မဂ်တစ်ဖိုလ်ရအောင် ကျင့်ဖို့နေနေသာသာ ဒို့လို ပုထုဇဉ်ရဟန်းများအဖို့ လူမထွက်ဖြစ်အောင်ကို အတော်အောင့်နေရသဟ"*ဟု ပွင့်ပွင့်လင်းလင်းကြီး မိန့်ကြားတော်မူပါသည်။

---

**ကျမ်းညွှန်း**

* အရှင်ရာဇဓမ္မာဘိဝံသ ရေးသားပြုစုတော်မူသည့် ဘဒ္ဒန္တသူရိယာဘိဝံသ၏ ထေရုပ္ပတ္တိကထာ၊ ၁၉၇၆-ခုနှစ်၊ ပထမအကြိမ် (နှာ-၂၁)

# ၆။ မဟာယောဂီကြီးပီပီ တရားလက်မလွှတ်ဘဲ နေ့ရောညဉ့်ပါ အားထုတ်တော်မူသည်

မဟာဂန္ဓာရုံဆရာတော် (AD ၁၈၅၈-၁၉၁၉)သည် ပရိသတ်ကို ရှောင်တော်မူလေ့ ရှိပါသည်။ ဥပုသ်သီတင်းနေ့များ၌ တရားနာလို သီလတောင်းလိုသော ဒကာ ဒကာမများ လာသံကြားလျှင် သီလ ပေးရမည်ကို စိုးရိမ်တော်မူ၍ တံခါးကိုပင် ပိတ်နေကြဟူ၏။

ပထမဂန္ဓာရုံ၌ သုံးလေးဝါကြာမှ မလွှဲသာ မကင်းသာ သီလ များပေး၍ တရားအနည်းငယ်ခန့် ဟောတော်မူလေသည်။ ကိုယ် သာလျှင် အားထုတ်တော်မူသည်ဟု သိရပေသည်။

သက်ရှည်သမျှကာလပတ်လုံး မဟာယောဂီကြီးပီပီ တရားနှင့် လက်မလွှတ်ပဲ နေ့ရောညဉ့်ပါ အားထုတ်တော်မူလေသည်။ အချင်း ခပ်သိမ်း လူသူလေးပါးနှင့် မပြွမ်းပဲ ဂူကျောင်း၊ စကြံကျောင်းများ၌သာ ဧကစာရီ နေတော်မူလေ့ရှိသည်။ ရံခါရံခါသာလျှင် သမထဝိပဿနာ တရားများကို အသင့်ဟောတော်မူ၍ သာသနာရေး သာသနာမှု သံဃကိစ္စများကို ဆောင်ရွက်တော်မူလေသည်။ ဗာဟိရ အပိုအလုပ် ကိစ္စများကို ပြုလုပ်တော်မူလေ့ မရှိချေ။ မဟာဂန္ဓာရုံ ဆရာတော်ကြီး သီတင်းသုံးတော်မူခဲ့သော ထိုထိုချောင်တို့တွင် သံဃာများ၌ မရှိ လျှင် မဖြစ်သော သိမ်၊ ကျောင်း၊ ရေကန် စသည်မှတစ်ပါး အပိုအမို အဆောက်အဦများလည်း မရှိကြကုန်။

မဟာဂန္ဓာရုံဆရာတော်သည် အမြဲ တရားနှလုံးသွင်းရှိသော မိတိမန္တပုဂ္ဂိုလ်မြတ်ကြီး ဖြစ်တော်မူသည့်အတိုင်း ရဟန်း တရား အားထုတ်စဉ် အခြားသူများ မသိစေရဘဲ၊ တေးမှတ်ထားသော

မှတ်တမ်းကလေးကို နောက်မှ တွေ့ကြရလေသည်။ မဟာဂန္ဓာရုံ ဆရာတော်ဘုရားကား အရိယာမဟုတ်ဟု မဆိုဝံ့ပေဟု ရွှေဟင်္သာ ဆရာတော်ကြီး၏ ကျမ်း၌လာရှိပါသည်။

## ၇။ ကံညံ့နေရင် မေတ္တာပို့လို့မရနိုင်

ကျေးဖူးတော်ရှင် စံကင်းဆရာတော်ကြီး (AD ၁၈၇၀-၁၉၇၂)က-

*“မေတ္တာပို့တာဟာ အလွန်ကောင်းတဲ့ အလုပ်ပါပဲ။ ပို့တဲ့သူဟာ ချက်ချင်းပဲ ကုသိုလ်ရပြီး ဖြစ်နေတယ်။ အပို့ခံရတဲ့ သူမှာတော့ ဒီက ပို့တဲ့အတိုင်း ဖြစ်ချင်မှ ဖြစ်မှာပေါ့၊ မေတ္တာအာနိသင် ဆိုတာကလည်း ရောက်ချင် ရောက်သွားနိုင်တာပဲ။ ကံကရှိသေးတာကိုး။ သူ့ကံဟောင်း အကျိုးပေးနိုင်တာလည်း ရှိမှာပေါ့။ တချို့တချို့ ပုဂ္ဂိုလ်က ကံညံ့နေလို့ မေတ္တာပို့လို့ မရနိုင်ဘူး။ အင်း . . မေတ္တာပို့တာနဲ့စပ်ပြီး အထူး မေတ္တာပို့တဲ့အထဲက အခုမှ သတိရလာလို့ စစ်ကိုင်းတောင်ရိုး မေတ္တာ ပို့မယ်ဆိုရင် မေတ္တာမပို့ခင် စစ်ကိုင်းတစ်တောင်လုံးကို ဂုဏ်တော် ရွတ်ပြီး၊ ပုတီးတစ်ပတ်လောက် တောင်ရိုးပေါ် လွှမ်းထားတာ၊ ပြီးတော့မှ မေတ္တာပို့တယ်။ ဒီလို အကျင့်လုပ်ထားတယ်။ ဂုဏ်တော်အောက် ခိုလှုံတဲ့ ပုဂ္ဂိုလ်တွေဖြစ်အောင်လို့ ဂုဏ်တော်ရေဖျန်းသလိုပေါ့လေ”*ဟု မိန့်ကြားတော်မူခဲ့လေသည်။

---

**ကျမ်းညွှန်း**

* စစ်ကိုင်းတောင်ရိုးရွှေဟင်္သာဆရာတော်၏ ထွင်ရှေ့ခေါင်ဆရာတော်ဘုရားကြီးအကြောင်း၊ ၁၉၇၈ ခုနှစ်၊ တတိယအကြိမ် (နှာ-၁၀၀)

* ကျေးဖူးတော်ရှင် ဝိသုဒ္ဓါရုံ စံကင်းဆရာတော်ကြီး၏ ဩဝါဒတော်များ



## ကျေးဇူးရှင် နဝမရွှေကျင်သာသနာပိုင် စံကင်းဆရာတော်ဘုရားကြီး

(မြန်မာ ၁၂၃၂ - ၁၃၃၄) ( ခရစ် ၁၈၇၁ - ၁၉၇၃)

"မေတ္တာပို့တာဟာ အလွန်ကောင်းတဲ့ အလုပ်ပါပဲ။ ပို့တဲ့သူဟာ ချက်ချင်းပဲ ကုသိုလ်ရပြီး ဖြစ်နေတယ်။"

ကျမ်းညွှန်း

- ကျေးဇူးတော်ရှင် ဝိသုဒ္ဓါရုံ စံကင်းဆရာတော်ကြီး၏ ဩဝါဒတော်များ

# ၈။ ငစွယ်ရှင် ပုံ့သုကူဆောင် မဟာထေရ်

နရပတိစည်သူမင်း (AD ၁၈၁၂-၁၈၄၉)လက်ထက် သာသနာတော် စည်ပင်လာသည်မှာ ငစွယ်ရှင် ပုံ့သုကူထေရ်ကြောင့် ဖြစ်လေသည်။ အရှင်မြတ်သည် ကထိန်သင်္ကန်းကိုမခံ၊ တစပြင်၌ သူကောင်လွှမ်းသော ပုဆိုးကိုသာ ယူတော်မူ၍ ပံ့သုကူ သုံးဆောင်မြဲတည်း။

ထိုအခါ ငစွယ်ငယ်ဆိုသောသူသည် သူငယ်ချင်းများနှင့် နွားကျောင်းကြလေ၏။ ငစွယ်ငယ်သည် သူငယ်ချင်းများကို ဤသို့ဆို၏။ "သူငယ်ချင်းတို့ နင်တို့လည်း ကုသိုလ်ဖြစ်စေ၊ ငါလည်း ကုသိုလ်ဖြစ်စေ။ ငါသေချင်ယောင်ဆောင်မည်။ ငါ့ကိုယ်ပေါ်တွင် နင်တို့အဝတ်ပုဆိုးကို လွှမ်းပြီးလျှင် သခင်မြတ်အား ပံ့သုကူ ပုဆိုးကို ကောက်တော်မူပါဘုရားဟု လျှောက်ကြကုန်" ဟုဆို၏။ သူငယ်ချင်းများကလည်း ငစွယ်ငယ် ပြောသည့်အတိုင်းပြု၍ လျှောက်ကြလေ၏။ သခင်မြတ်လည်း တစပြင်သို့ကြွ၍ ပံ့သုကူ ကောက်တော်မူ၏။ သခင်မြတ်ကြွတော်မူလေသော် ငစွယ်ငယ်သည် လူသေအစစ်ဖြစ်၍ အသက်မရှူဖြစ်ဘိ၏။

သူငယ်ချင်းများသည် ထိုအကြောင်းကို မြင်လေလျှင် ငစွယ်ငယ်၏ မိဖအိမ်သို့သွား၍ အကျိုး အကြောင်းကို ပြောပြလေ၏။ ငစွယ်ငယ်မိဖအစရှိသော သားချင်းမြေးဘော်တို့လည်း သခင်မြတ်အား လျှောက်ကြားကြလေသော် သခင်မြတ်လာ၍ ပရိတ်မေတ္တာပြုမှ ငစွယ်ငယ်ထ၍ ရှိခိုး၏။ ငစွယ်ငယ်မိဖတို့သည် ငစွယ်ငယ်ကို သခင်မြတ်အား လှူ၏။ ထိုအခါမှစ၍ ထိုမထေရ်သည် ငစွယ်ရှင်

ဟူသောအမည် တွင်လေသတည်း။ အမည်ရင်းကား 'အရှင်သီလဗုဒ္ဓိ' ဟူ၏။ ရွှေးသာသနာ၀င် အရှင်အရဟံ၏ ဂိုဏ်းသံဃာတော် အဆက်အနွယ်တည်း။

## ၉။ ဆွမ်းခံ၀တ်မပျက်သည့် သာသနာပိုင်ဆရာတော်

ဇာတိရွာကို အစွဲပြုကာ မင်းရွာဆရာတော် (AD ၁၇၂၃-၁၈၀၄)ဟု ထင်ရှားသည်။ ဘိုးတော်လက်ထက်က သာသနာပိုင် လေးပါးတွင် တစ်ပါးအပါအ၀င် ဖြစ်၏။ ဆရာတော်သည် ဆွမ်းဘုဉ်း ပေးလျှင် ဟင်းလျာကို အာရုံမပြု။ မျက်စိမှိတ်ကာ နှိုက်မိရာ ဟင်းလျာ ကိုသာ ဘုဉ်းပေးလေ့ ရှိတော်မူပါသည်။ ဆွမ်းဘုဉ်းပြီးလျှင် ပလုပ် ကျင်း၍ ထိုတစ်နေ့တာ၏ စားခြင်းကိစ္စ ပြီးသည်။

မင်းဆရာဖြစ်သော်လည်း သိက္ခာ - ၅၀ ကျော်တိုင်အောင် ပိဏ္ဍပါတ် ဓုတင်၀တ်မပျက်၊ နေပူ မိုးရွာ ဘိနပ်မစီး၊ ထီးမဆောင်း သပိတ်တစ်လုံး၊ သက်န်းသုံးထည်တို့ကို အမြဲဆောင်သည်။ ၀ိနည်းကို လေးစားလှသည်။ သက်တော် (၈၁)နှစ်တွင် မုန်တော်ဆရာတော် ဟောကြားသည့် သတိပဋ္ဌာန်တရားတော်ကို နာကြားတော်မူရင်း လွန်တော်မူပါသည်။

---

**ကျမ်းညွှန်း**

* ဦးသာသနဝိသုဒ္ဓိ (ဗိုလ်သိမ်းဆွေ)၏ မြန်မာနိုင်ငံတော် ရဟန္တာအရိယာများ၏ ထေရုပ္ပတ္တိ"ပဋိပတ္တိ" သာသနာ၀င်ကျမ်း၊ ကဝိရတနာစာပေမှ ထုတ်ဝေသည်။
* လယ်တီဦးလှပိုင်၏ မင်းရွာဆရာတော်၊ ပုခန်းသာသနာ၀င်ကျမ်း (၁၉၈၁ ခု၊ လယ်တီစာပေတိုက်)ကို မှီငြမ်းသည်။

# ၁၀။ သီလဂုဏ်နှင့်ပြည့်စုံပြီး ရှုတင်ဆောင် ဗောဓိမဏ္ဍိုင်ဆရာတော်

စစ်ကိုင်း ဗောဓိမဏ္ဍိုင်ချောင်ကား ယခု သံဃာမရှိ ကျောင်းရာ မျှသာ ရှိပေတော့သည်၊ ဗောဓိမဏ္ဍိုင် ဆရာတော်ကြီးကို အများက ဦးအိုဟု ခေါ်ဝေါ် ပြောဆိုကြကုန်၏။ သာသနာတော်၌ ဇာတိရွာ၏ အမည်ကို စွဲ၍လည်းကောင်း၊ ရှင်အမည်မဟုတ်ဘဲ လူအမည်ကိုပင် ယူ၍လည်းကောင်း၊ သီတင်းသုံးရာ ကျောင်းတိုက်အမည်ကို ယူ၍ လည်းကောင်း ခေါ်ဝေါ်သည့် အစဉ်အလာ ရှိကြလေသည်။

ပမာအား သီလုံးဆရာတော်၊ သက်ပန်းဆရာတော်ဟူ၍ ဖွားတော်မူရာ ဇာတိရွာများ၏အမည်နှင့် ပေါ်လွင် ထင်ရှားတော်မူပါ သည်။ သာသနာပိုင် ဖြစ်တော်မူသည့် ဆရာတော်ဦးဥေယျ၏ ဘွဲ့တော် သိပါသော်လည်း "မောင်းထောင် သာသနာပိုင်"ဟူ၍ လည်း ကောင်း သဲအင်းရွာဇာတိဆရာတော် သာသနာပိုင် ဖြစ်လာသည့် အခါ သဲအင်းသာသနာပိုင် ဆရာတော်ဘုရား ဟူ၍လည်းကောင်း ခေါ်ဝေါ် သုံးနှုန်းကြပါသည်။ ရံခါ ထိုပုဂ္ဂိုလ်၏ မူလအမည်ပင် မပေါ်လွင်ဘဲ ဖြစ်နေတတ်၏။ ဘုရားရှင်လက်ထက်မှသည် ယနေ့တိုင် သာသနာတော်၌ အသုံးပြုလေ့ရှိသည့် ယဉ်ကျေးသော အခေါ်အဝေါ် မျိုးဖြစ်၏။

# သီလတော်ရနံ့မွှေး

ဗောဓိမဏ္ဍိုင်ဆရာတော်ကြီးသည် တစ်ပါးတည်း ဧကစာရီ သီတင်းသုံးတော်မူသည့်၊ ခုတင်ဆောင် ထေရ်မြတ်ကြီးပင်လျှင်တည်း၊ အသုဘကောင်မှ ရအပ်သော ပံ့သကူမျိုးကိုသာ နှစ်သိမ့် အားရ ကောက်ယူတော်မူ၍ ပံ့သကူသင်္ကန်း ချုပ်လုပ် သုံးဆောင်တော်မူ၏။ ခုတင်တေရသကို ဆောင်တော်မူ၍ သီလကို အလွန်ချစ်မြတ်နိုးလျက် ဝါကြွားပလွှားမှု အထူးကင်းတော်မူ၏။ ကျောင်းစသော ပစ္စည်းများ မှာလည်း သံဃိကများသာဖြစ်၍ သံဃိကပစ္စည်းကိုလည်း ရိုသေ လှသည်ဟူ၏၊ သီတင်းတော်ရနံ့ မွှေးသဖြင့် ရဟန်းတစ်ပါး ရောက် လာပြီး တရားနည်းခံယူ ဆည်းကပ်လိုပါကြောင်းနှင့် လျှောက်ထား သောအခါ-

*"ငါ့ရှင် လူဆိုးတွေ နောက်ကလိုက်၍ အလွတ်အကျွတ် ပြေးနေရသော ငါသည် အဘယ်မှာ ရပ်နားပြီး သူတစ်ပါး ဘေးလွတ် ကြောင်းကို ဟောပြောဝံ့ပါအံ့နည်း"*ဟု မိန့်ကြားမူသတတ်။

---

**ကျမ်းညွှန်း**

* စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာဆရာတော်ရေးသားတော်မူသည့် ပထမထွင့်ရှုံခေါင်ဆရာတော်ဘုရားကြီးအကြောင်း ၁၉၇၈-ခုနှစ်၊ တတိယအကြိမ် (နှာ-၉၁)

# ၁၁။ သပိတ်ကြီးလွယ်ပြီး ကပ်တဲ့ဆွမ်းစားနေရင် သပိတ်ကြီးအားနာစရာ

စစ်ကိုင်းတောင်ရိုး အနောက်ပရက္ကမချောင်ဆရာတော်ကြီး အရှင်ဝဏ္ဏာစာရသည် ပိဏ္ဍပါတ်ဓုတင်ဆောင်ပုဂ္ဂိုလ်ပီပီ မည်သည့် အရပ်သို့ပင် ကြွစေကာမူ သပိတ်လွယ်၍ ကြွတော်မူပြီး၊ ရောက်ရာ အရပ်၌လည်း ဆွမ်းခံ၍သာ ဘုဉ်းပေးတော်မူပါသည်။

ဆရာတော်ကြီး၏တူ ဘုတလင်မြို့နယ် ကင်းစမ်းရွာ ကုန်းသာ ကျောင်းဘုန်းကြီး ဦးသီရိဓမ္မသည် နှစ်စဉ် စစ်ကိုင်းတောင်ရိုး အနောက် ပရက္ကမချောင်သို့လာ၍ ဦးကြီးတော်အား ဝေယျာဝစ္စကုသိုလ်ပြုရင်း တရားဝင်လေ့ရှိသည်။ ထိုဦးသီရိဓမ္မသည် တစ်နှစ်သော် သပိတ်ကြီး လွယ်၍ အနောက်ပရက္ကမချောင်သို့ ရောက်လာသည်။ ဆရာတော် ကြီးက-

*"ဦးသီရိဓမ္မ ကိုယ်တော်ရောက်တဲ့နေရာမှာ ဆွမ်းခံစားသလား၊ ကဲ-အခု စစ်ကိုင်းမှာ ဆွမ်းခံသလားကွယ့်"*ဟု အမေးရှိတော်မူသည်။ ဦးသီရိဓမ္မက မခံကြောင်း၊ တရားအားထုတ်သော နေရာသို့ရောက်မှ ခံယူကြောင်း လျှောက်ထားပါသည်။ ထိုအခါ ဆရာတော်ကြီးက-

*"ဒီလိုဆိုရင် ကိုယ်တော်ဟာကကွယ် သပိတ်ကို တကယ် အားမကိုးသေးပါဘူး၊ ကပ်မည့်သူမရှိမှ အားကိုးမှာပါကွယ်၊ သပိတ် ဆောင်မှတော့ တစ်ခါတလေမဟုတ်ဘဲ နေ့စဉ်ခံနိုင်အောင် ကြိုး စားကွယ့်၊ သပိတ်ကြီးလွယ်ပြီး ကပ်တဲ့ဆွမ်းစားနေရင် သပိတ်ကြီး အားနာစရာကွယ်"* ဟု အမိန့်ရှိတော်မူပါသည်။

---

**ကျမ်းညွှန်း**

* ဦးအောင်မွန် (မြတ်ဆုမွန်)၏ ကျောင်းကန်အနီးမှ အဖိုးတန်ပုံဝတ္ထုများ (နှာ-၁၂၇)

* အရှင်စာရိန္ဒ၏ အနောက်ပရက္ကမဆရာတော်၏ ဖြစ်စဉ်နှင့် ကျင့်စဉ်များ (နှာ-၄၀၈)

# ၁၂။ တောရကျောင်းမှာ တစ်သက်လုံး မနေနိုင်တောင်မှ တစ်ဝါ၊ နှစ်ဝါတော့ နေသင့်တယ်

ဝိသုဒ္ဓါရုံဆရာတော်သည် (၁၃-ဝါ)နှင့် (၁၄-ဝါ)၊ ၁၈၇၀-ခုနှစ်နှင့် ၁၈၇၁-ခုနှစ်တို့တွင် ၂-နှစ် ၂-ဝါတိုင်တိုင် အာရညိက အာရဒ္ဓဝိပဿကဓမ္မဂဝေသီ အဖြစ်ဖြင့် အားထုတ်နေရာမှ၊ ကျေးဇူးရှင် ရွှေကျင်ဆရာတော်၏ အမိန့်ဖြင့် ကျောက်မြောင်းမြို့အနီး ရွှေခွန်တောရမှသည် မန္တလေးမြို့တော် ရွှေကျင်တိုက်သို့ ပြန်ကြွလာရ၏။

ဆရာသမားတို့၏ မိန့်တော်သံကြောင့် မြို့ကျောင်းသို့ ပြန်၍ ရောက်ရသော်လည်း တောရကျောင်း နေရခြင်းကို လွန်စွာ နှစ်သက်တော်မူသည်။ တောရ၌ နေရခြင်း၏ မွေ့လျော် ပျော်ပိုက်ပုံကို နောင်အခါ-

'တောရကျောင်း တသက်လုံးနေဖို့ကောင်းတယ်၊ တသက်လုံး မနေနိုင်တောင် တစ်ဝါ၊ နှစ်ဝါတော့ နေသင့်တယ်။ ဒို့ တောရကျောင်း နှစ်ဝါနေခဲ့လို့ စာကြည့်ရတာ ပိုကောင်းတယ်'ဟု ဩဝါဒပေး မိန့်ကြားတော်မူလေ့ရှိ၏။

## ဆိတ်ငြိမ်ရာကိုရှာတော်မူ

အရှင်ဝိသုဒ္ဓါစာရသည် ဆရာသမားတို့၏ ဆန္ဒအရ မန္တလေးမြို့သို့ ရောက်ရှိပြီး တိုက်ကြီးတာကြီး၌ သီတင်းသုံးနေရသော်လည်း မြို့အာရုံတို့ကို ပယ်ခွာနိုင်သမျှ ပယ်ခွာ၍နေ၏။

မန္တလေးမြို့ မဟာဝိဇိတာရုံ ဆရာတော်ကြီး အရှင်ဝါသန မိန့်ကြားဖူးသည်မှာ -

'မဟာဝိသုဒ္ဓါရုံဆရာတော် တောရမှအပြန် မန္တလေးရောက်သောအခါ ဘုန်းကြီးပျံပွဲတစ်ခု လိုက်ရ၏။ ထိုဘုန်းကြီးပျံ၌ ပွဲများပါနေသဖြင့် ဘုန်းကြီးများလည်း ကြည့်ကြ၏။ ဇမ္ဗူမော်အဘိုးဖြစ်လတ္တံ့သော ကျောင်းသားက 'ငါ့ဉူးဇင်း အကဲစမ်းမယ်' ဆို၍ ပွဲခင်းထဲ လိုက်ရှာရာ မတွေ့ရ။ နောက်မှ ဆိတ်ငြိမ်ရာ သစ်တစ်ပင်အောက်တွင် သီတင်းသုံးနေသည်ကို တွေ့ရ၏'ဟု ဖြစ်၏။

## ၁၃။ တောထွက်ဖြစ်အောင် ထွက်ရစ်နော်

မိုးညှင်းဆရာတော်ကြီး (AD ၁၈၇၂-၁၉၆၄)က မောင်းထောင်ယွန်းဆက်တိုက် ဆရာတော်ဦးသောဘိတအား -

*"မောင်းထောင်ဘုန်းကြီး၊ တောထွက်ဖြစ်အောင် ထွက်ရစ်နော်၊ တို့များ ၁၇-ဝါကျမှ ထွက်နိုင်တယ်။ တောထွက်မယ် အားခဲပြီး သပိတ်အိတ်ကို တိုင်ချိတ်ဆွဲထားတာ သံချေးစားပြုတ်ကျလို့ သုံးလုံးကုန်မှ ထွက်ဖြစ်တယ်၊ ကြိုးစား"*ဟု တိုက်တွန်းတော်မူပါသည်။

ဆရာတော်ကြီးသည် ရဟန်းငယ်ဘဝကပင် ဓုတင်များကို ဆောက်တည်ခဲ့၏။ ကွမ်းစား ဆေးသောက်မရှိ။ နေကောင်းလျက်

---

**ကျမ်းညွှန်း**

* ဦးမာနိတသိရီဘိဝံသ၏မဟာဝိသုဒ္ဓါရုံဆရာတော် (၂၀၁၆ ခုနှစ်) ဒုတိယအကြိမ်

ထန်းလျက် သကြား ဖျော်ရည် စသည် မစားသောက်။ ရွာတွင်း ဖိနပ်မစီး၊ ထီးမဆောင်း၊ နွား၊ မြင်းယာဉ် မစီး။ ရံခါ ရထား၊ သင်္ဘောစီးရစေကာမူ ညအခါ မကျိန်းစက်။ ထကြွ လုံ့လကြီး၏။ ပျင်းရိခြင်းကို အလွန်မုန်းပါသည်။

ဒုတိယကမ္ဘာစစ်ကြီးတွင်းကာလတွင် မိုးညှင်းတောရ၌ စစ်ခိုယောဂီများ နှစ်ထောင်ခန့် ရှိလေသည်။ ဆရာတော်ကြီးက ယောဂီတို့ကို-

*"ဗုံးခိုကျင်းမတူးရ၊ တရားကိုသာ ကြပ်ကြပ်နှလုံးသွင်းရမယ်၊ ဒါမှဘုရားတပည့် အရိယာသာဝက ဖြစ်မယ်"*ဟု ဩဝါဒပေးတော်မူကာ တရားဟောမြဲဟောတော်မူပါသည်။ သမ္ဗုဒ္ဓေစေတီကိုလည်း ဆက်လက် တည်နေပါသည်။ သဲပုံအပေါ် ဗုံးသုံးလုံးကျရာ စစ်ခိုယောဂီများပင် မသိလိုက်ကြပေ။

အင်္ဂလိပ်စစ်တပ်များ ပြန်ဝင်လာချိန်တွင် မုံရွာမြို့ကို အဝေးမှ အမြောက်ပစ်ဖေါက်ရာ ဆရာတော်ကြီး စင်္ကြံကြွနေသည့် စင်္ကြံလမ်းပေါ် အမြောက်ဆန် ကျလာပါသည်။ ဆရာတော်ကြီးလည်း ထိုင်လျက်သား ပုံကျသွားတော်မူသည်။ အနီးအနားမှ အရာဝတ္ထုအားလုံး စိစိညက်ညက် ကြေမွကုန်၏။ ဆရာတော်ပျံလွန်တော်မူပြီဟူသော သောကဖြင့် ဝိုင်းအုံလာကြရာ ဆရာတော် ဘာမှမဖြစ်ချေ။ တရားသည် တရားစောင့်သူကို စောင့်မြဲပင်တည်း။

---

**ကျမ်းညွှန်း**

* မဇ္ဈိမာစရိယဦးဌေးလှိုင်၏ မြန်မာနိုင်ငံပဋိပတ္တိသာသနာဝင် ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများကို မှီငြမ်းသည်။

# ၁၄။ တိစီဝရိတ်ရှုတင်ဆောင် ပုဂ္ဂိုလ်များအတွက် အံသကိုဋ်၏ အဆုံးအဖြတ်

သုံးထည်တည်းသော သင်္ကန်းကိုဆောင်ခြင်း၊ ခံဆွမ်းဖြင့်သာ မျှတခြင်း၊ ဆွမ်းခံအကျင့် မဖျက်ခြင်း၊ အိမ်စဉ် ဆွမ်းခံခြင်း၊ တစ်ထိုင်တည်း ဘုဉ်းပေးခြင်း၊ တောရဆောက်တည်ခြင်း၊ ညဥ့်အခါ သုသာန်၌နေခြင်း၊ ကျောချကာ မကျိန်းခြင်း စသည်စသည်ဖြင့် ဓုတင် အကျင့်မြတ်ကို ကျင့်သုံးခြင်း၏ ပဓာနရည်မှန်းချက်မှာ ဘဝသံသရာမှ လွတ်မြောက်ရေးကို အဟန့်အတားဖြစ်စေသည့် ကိလေသာရန်သူနှင့် ပြင်းပြင်းထန်ထန် တိုက်ပွဲဆင်နေခြင်းဖြစ်၏။ ဤမျှအရေးပါပြီး ခက်ခဲလှသည့် အကျင့်မြတ်ကို ရေရှည်ကျင့်သုံးနိုင်ရန် လိုအပ်ပါသည်။

## လက်ဝဲပခုံး၊ ရင်ဘတ်နှင့် ဝမ်းလုံ့ရုံ့ပတ်ဝတ်ရသည့် သင်္ကန်းငယ်

ထို့ကြောင့် ဓုတင်္ဂဝိနိစ္ဆယခေါ် ဓုတင်အဆုံးအဖြတ် ကျမ်းပြုဆရာတော် ဖြစ်တော်မူသည့် နဘူးကျောင်းဆရာတော်ထံပါး ရဟန်း၏ အသုံးအဆောင်တစ်ခု ဖြစ်သည့် အံသကာသာဝခေါ် အံသကိုဋ်နှင့် စပ်လျဉ်း၍ အဆုံးအဖြတ်ကို တစ်ခုသော ဝါတွင်းကာလတွင် အေလာ ဆရာတော် ဦးဇာဂရက မေးလျှောက်ခွင့် ကြုံခဲ့ပါသည်။ ဆရာတော်ကြီးက -

*“အံသကာသာဝ - အံသကိုဋ်ဆိုတာ ခန္ဓာကိုယ်ကထွက်တဲ့ ချွေးကြောင့်၊ ချေးကြောင့် အပေါ်ရုံ ဧကသီသင်္ကန်းကို မညစ်ပေစေဖို့ ကာကွယ်နိုင်ဖို့အတွက် ခွင့်ပြုတာဖြစ်ပါတယ်။ အဓိဋ္ဌာန် မတင်*

*လောက်တဲ့ သင်္ကန်းငယ်ဖြစ်ပြီးတော့ လက်ဝဲဖက် ပခုံးအပါအဝင် ရင်ဘတ်နှင့် ဝမ်းလုံတယ်ဆိုရုံမျှ ပတ်ဝတ်ရတဲ့ သင်္ကန်းအပိုင်းပဲ ဖြစ်ပါတယ်။ ဒီသင်္ကန်းငယ်ကို တိစီဝရိတ် ဓုတင်ဆောင် ရဟန်းတော်တွေအတွက် အပ်တယ်လို့ အဋ္ဌကထာမှာ ပြပါတယ်၊ ပြီးတော့ စုလ္လနိဒ္ဒေသမှာတော့ သင်းပိုင်ရဲ့ အနံအလျားအောက်ငယ်တဲ့ ပမာဏ ရှိလို့ သင်းပိုင်အဖြစ် မသုံးလောက်၊ အဓိဋ္ဌာန်လည်း မတင်လောက် တာကို အံသကိုဋ္ဌ်ခေါ်တယ်လို့ ပြပါတယ်ဘုရား။* 'ညောင်လွန့်တောရဆရာတော်ကြီး (AD ၁၈၆၈-၁၉၃၃)ကတော့ ဝတ်လောက်၊ ရုံလောက် လေးထည်မြောက်ကို ပယ်ပါ၏'လို့ မိန့်တော်မူတဲ့အတွက် ဝတ်လောက် ဆိုတဲ့ စကားအရ သင်းပိုင်ပမာဏ မရှိရတော့ပါဘူးဘုရား။"

*"တပည့်တော် နှစ်သက်တာကတော့ ရေချိုးတဲ့အခါမှာ ရေလဲ သင်းပိုင်အဖြစ်လောက်တော့ သုံးနိုင်ရမယ်၊ စဉ်းစားရမှာက ရေရှည် ကျင့်နိုင်ဖို့လိုတယ်။ မိမိက တိစီဝရိတ်ဓုတင် ဥက္ကဋ္ဌမရဦးတော့ ဓုတင် အကျင့်မြတ်ရဲ့ ကုသိုလ်ဇောတော့ ပါနေတယ်ဘုရား၊ မလုပ်တဲ့သူ ထက်တော့ လုပ်တဲ့သူက ခြေတစ်လှမ်းသာတာပေါ့၊ ဘာကြောင့်လဲ ဆိုရင် ကိုယ်က တတ်နိုင်သလောက် စွန့်နေတာလေ၊ သင်္ကန်းတစ်စုံပဲ သုံးတယ် နှစ်စုံမသုံးဘူး ဆိုရင်ကို ကိစ္စက တော်တော်ကြီးကို နည်းသွားပြီဘုရား၊ အဲသည်ရဟန်းက ကိုယ်ပေါ်မှာဝတ်ထားတဲ့ သင်္ကန်းနှင့်ပဲ လိုရာသွားနိုင်လောက်အောင် ပေါ့ပါးပါပြီဘုရား"*ဟု လယ်ဝေးမြို့နယ် ထန်းတစ်ပင်တောရတွင် ဝါဆိုသည့်နှစ်က အံသကိုဋ္ဌ်နှင့် စပ်လျဉ်းသည့် အဆုံးအဖြတ်များကို အကျယ်တဝင့် ရှင်းလင်း မိန့်ကြားတော်မူခဲ့ခြင်း ဖြစ်ပါသည်။

---

**ကျမ်းညွှန်း**

* (၂၅)၊ တေစီဝရိကင်္ကထာ၊ ဓုတင်္ဂနိဒ္ဒေသ၊ ဝိသုဒ္ဓိမဂ္ဂဋ္ဌကထာ-၁ (နှာ-၆၂)

## ၁၅။ သူတော်ကောင်းကြီးတို့၏ မမြင်ရသည့်အားအစွမ်း

အင်းလေး ရွှေဥဒေါင်းတောင် ဆရာတော်ကြီး (AD ၁၈၇၃-၁၉၈၄)သည် အစဉ်အမြဲ ဆွမ်းခံဝတ်ကို ပျက်လေ့မရှိပေ။ ဆွမ်းခံကြွတော်မူရာတွင် ဆွမ်း၊ ဆွမ်းဟင်းများများရသည့် ရွာများ ရှိသကဲ့သို့ မရသည့်ရွာများလည်း ရှိခဲ့ပါသည်။ တစ်ခါတစ်ရံ ဆွမ်းချည်းရပြီး ဆွမ်းဟင်းမရခဲ့သည့် ရွာများလည်းရှိ၏။

တစ်နံနက်က ဖြစ်သည်။ ဆရာတော်သည် ဤယနေ့ အစဉ်အတိုင်း သုံးအိမ် ဆွမ်းခံရပ်မည်ဟု သန္နိဋ္ဌာန်ချကာ ရွာတစ်ရွာသို့ ကြွသွားတော်မူသည်။ ပထမ ဆရာတော် ဆွမ်းခံရပ်သည့်အိမ်က ညလုံးပေါက် ပွဲကြည့်ပြီး အိပ်ပျော်နေကြ၍ ဆွမ်းမရခဲ့ပါ။ ဒုတိယ ဆရာတော်ဆွမ်းခံရပ်သည့်အိမ်က လင်မယား စကားများနေ၍ ဆွမ်းမရခဲ့ပါ။ တတိယ ဆရာတော် ဆွမ်းခံရပ်သည့်အိမ်က အိမ်၌ လူမရှိကြ၍ ဆွမ်းမရခဲ့ပါ။ ဆရာတော်သည် ထိုနေ့က ရေဆွမ်းဖြင့် မျှတခဲ့ရကြောင်း သိရပါသည်။

### သုသာန်ရှုတင်

ညဉ့်ဦးယံ သတ်မှတ်ထားသည့်အချိန်တွင် ရွှေဥဒေါင်းတောင်နှင့် အနီးဆုံးရွာဖြစ်သည့် နားမှောင်းကျ ကျေးရွာ သုသာန်သင်္ချိုင်းသို့ကြွ၍ ကမ္မဋ္ဌာန်းတရား ပွားများ အားထုတ်တော်မူပါသည်။

တစ်ခုသောည၏ ညဉ့်ဦးကာလ၌ ဆရာတော် ရှုမှတ်နေသည့် သင်္ချိုင်းကုန်းရှိ အရိုးဆွေးအရိုးမြေ့ထဲမှ ရုတ်တရက် ကလေးငိုသံကြားလိုက်ရသည်။ ဆရာတော်သည် ငိုသံထွက်ပေါ်လာသော ထိုအရိုး

ဆွေးကိုယူ၍ တင်ပျဉ် ခွေအောက် ခုထိုင်ပြီး သဗ္ဗေသတ္တာကမ္မဿကာ တရားသဘောနှလုံးသွင်း၍ မေတ္တာပို့ အမျှ ဝေလိုက်သော အခါကျမှ အရိုးဆွေးမှ ကလေးငိုသံများ တိတ်ဆိတ်ပျောက်ကွယ်သွားကြောင်း သိရပါသည်။

နားမှောင်းကျေးရွာတွင် ရှေးယခင် ကလေးသူငယ်များ မွေးဖွားတိုင်း အဖတ်မတင် အသက်မရှင် ဖြစ်ခဲ့သည်။ ဆရာတော် သုသာန်ဓုတင် ဆောင်တော်မူသည့်နောက်ပိုင်း၌ မွေးဖွားသော ကလေးများ အဖတ်တင် အသက်ရှင်ခဲ့ကြသည်ဟု ရွာခံများထံမှ ကြားသိရသည်။ သူတော်ကောင်းကြီးတစ်ပါး ရှိနေခြင်းကြောင့် မိမိတို့၏ ပတ်ဝန်းကျင် လောကအတွက် အကျိုးသက်ရောက်မှု မည်မျှ ထက်မြက်စူးရှကြောင်းကို သိပ္ပံနည်းဖြင့် တိုင်းတာကာ သက်သေထူရန် စွမ်းနိုင်သည့်အရာ မဟုတ်ပေ။

## ၁၆။ သုသာန်ဓုတင် ဆောက်တည်သူများ အသား ငါး မဘုဉ်းပေးကြပါ

ဘုန်းတော်ကြီးဦးသီလ (AD ၁၈၃၂-၁၉၀၇)က-

*"အေး ဘုန်းကြီးတို့က တောထဲမှာ အားထုတ်နေရတော့ သူတို့ကို ကိုယ်ကမမြင်ရပေမယ့် သူတို့က ကိုယ့်ပတ်ဝန်းကျင်မှာ*

---

**ကျမ်းညွှန်း**

* မောင်ပန်းမွှေး၏ မြန်မာနိုင်ငံ ရဟန္တာနှင့်ရဟန်းထူးများ၊ အင်းလေး ရွှေဥဒေါင်းတောင် ဆရာတော်ဘုရားကြီးကို မှီငြမ်းသည်။

ရှိနေတယ်။ ဒ့ါကြောင့် သူတို့ရဲ့ အစောင့်အရှောက် အကူအညီရဖို့ လိုတဲ့အတွက် မေတ္တာပို့ရတယ်။ ပြီးတော့ တောထဲ တောင်ထဲမှာက ဒီလို ရုက္ခစိုးနတ်တွေတင်မကဘူး၊ အခြား အစိမ်းသရဲ၊ ဘီလူး၊ မိစ္ဆာနတ်ဆိုးတွေကလည်း ရှိကောင်းရှိမယ်။ သူတို့က ကြမ်းတယ်။ ရိုင်းစိုင်းကြတယ်။ တို့မျှား ရှေးရှေး ဆရာတော်ကြီးတွေ သုသာန်ဓုတင် ဆောက်တည်ကြတယ်။ အသား ငါး စားကြတော့ အဲဒီလို အစိမ်းသရဲ ဘီလူးတွေ နှောင့်ယှက်ခံရတယ်။ ဆရာတော်ကြီးတစ်ပါးဆိုရင် သုသာန် ဓုတင် ပထမကျင့်စဉ်က ဘီလူး၊ ဖုတ်၊ ပြိတ္တာသရဲက အမြဲလာပြီး ဦးခေါင်းကို တွန်းတွန်းလှဲချသတဲ့။ အဲဒီလို နှောင့်ယှက်ကြတော့ နောက်တော့ ဆရာတော်ကြီးက ဝိသုဒ္ဓိမဂ်အဋ္ဌကထာမှာလာတဲ့ သုသာန်ဓုတင် ဆောက်တည်တဲ့ ရဟန်းကျင့်ရမည့် ကျင့်ဝတ်ကို သတိထားမိသတဲ့။ အဲဒီစာထဲမှာ လာတာကတော့ 'အမနုဿာနံ ပိယံ တိလပိဋ္ဌမာသဘတ္တ မစ္ဆမံ သံခိရံတေလ ဂုဠာဒိ ခဇ္ဇဘောဇနံ န သေဝိတဗ္ဗံ' ။ မြန်မာလိုအဓိပ္ပာယ်ကတော့ သုသာန်၌ သုသာန်ဓုတင် ဆောက်တည်တဲ့ ရဟန်းဟာ ဘီလူး၊ ပြိတ္တာ၊ နတ်မိစ္ဆာတို့ ကြိုက်နှစ် သက်သော ဆီထွေး၊ နှမ်းထောင်း၊ ပဲထမင်း၊ ငါး၊ အမဲ၊ နို့ရည်၊ တင်လဲ အစရှိသော ခဲဖွယ်ဘောဇဉ်တို့ကို မစားသင့်ဘူးလို့ ဆိုတယ်။ အဲဒီ အချိန်ကစပြီး ဆရာတော်ကြီးဟာ ဒီအရာတွေမစားဘဲ တရား အားထုတ်ခဲ့တာ အနှောက်အယှက်ကင်းပြီး တရားရသွားတယ်"

---

**ကျမ်းညွှန်း** * မဟာသဒ္ဓမ္မဇောတိကဓဇ တက္ကသိုလ်သျှင်သီရိ (ဓမ္မာစရိယ၊ ဘီအေ) (ရွှေကျင်နိကာယ တောရဘုန်းကြီးဦးသီလ၏ ခန္ဓာဝန်ချ ရာပြည့်အထိမ်းအမှတ်မဂ္ဂဇင်း)

# (၈) ဘုန်းကြီးလေက မနားရ ဒုက္ခများသည်သာ

# ၁။ ထန်းပလပ်ကို မြင်းစီးရသလို ဘုန်းကြီးလေ ပင်ပန်းလေ

အဘိဓေယျပူဇော်ပွဲမှာ ဒကာ ဒကာမတွေ လှူဒါန်းကြတာ အချိန်တော်တော်လေး ကြာသွားပါတယ်။ လှူဒါန်းမှုတွေ ပြီးသွားမှ စံကင်းဆရာတော်ကြီး (AD ၁၈၇၀-၁၉၇၂)က နားနေခန်းကို ပြန်ကြွတော်မူလာပြီး ခေတ္တနားနေတော်မူပါတယ်။

ဒီအချိန်မှာ ရန်ကုန်ကျောင်းတော်ရာ သုံးထပ်ဆရာတော်ဦးသီလက္ခန္ဓအနား ရောက်လာပြီး ဝမ်းပမ်းတသာနဲ့ အလ္လာပ သလ္လာပ လျှောက်ထားပြောကြရင်းက-

*"ရန်ကုန်မှာ ဆရာတော်ဘုရားကို အခုလို အများက သိလာကြ ကြည်ညိုလာကြတာ တပည့်တော်တို့ ဂိုဏ်းကြီးလည်း ပိုပြီး အရောင်ထွက်လာနိုင်ပါတယ်ဘုရား"*လို့ လျှောက်ထားပါတယ်။ ဒီတော့ ဆရာတော်က-

*"သုံးထပ်ရယ် ကိုယ့်ဘုန်းဟုတ်မထင်ပါဘူး။ ဂိုဏ်းဘုန်းပါ။ ဂိုဏ်းကပေးတဲ့ တံဆိပ်ပါ။ ဂိုဏ်းကပေးတဲ့ ဂုဏ်ထူး၊ ဂိုဏ်းကခိုင်းတဲ့ တာဝန်၊ ဂိုဏ်းကခိုင်းလို့ အခု ရန်ကုန်ရောက်လာရတာပါ။ သုံးထပ်ဆရာတော် မကြားဖူးဘူးလား၊ အညာဆီမှာ ကလေးတွေ ထန်းပလပ်ကို မြင်းသဏ္ဍာန်လုပ်ပြီး စီးကြတာလေ၊ မြင်းပြေးလေ ပင်ပန်းလေ၊ ဘုန်းကြီးတယ်ဆိုတာ ထန်းပလပ်မြင်း စီးရတာလိုပါပဲ၊ ဘုန်း, ကြီးလေ ပင်ပန်းလေပေါ့"*လို့ မိန့်တော်မူပါတယ်။

---

**ကျမ်းညွှန်း**

* ဦးမာနိတသိရီနှင့် ဦးနန္ဒမာလာဘိဝံသတို့၏ နဝမ ရွှေကျင်သာသနာပိုင် စံကင်းဆရာတော်ဘုရားကြီး၏ ဂုရုပတ္တိကထာ ၂၀၀၆ ခုနှစ်၊ ဒုတိယအကြိမ်

# ၂။ တံဆိပ်ရ ဆရာတော်ကြီးဆိုပြီး ဟန်ကြီးပန်ကြီး မလုပ်လို့ဘူး

ဘွဲ့တံဆိပ်တော်ရ သာသနာပိုင်ဆရာတော် ဥ ယျမ္မာဘိမုနိ ဝရဉာဏကိတ္တိ သိရိဓဇဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရုသည် (၁၆-၁-၁၈၆၆)ရက်က ပျံလွန်တော်မူခဲ့သဖြင့် သာသနာပိုင် လစ်လပ် သွားပါသည်။

(၆)နှစ်ကြာသည့်တိုင် သာသနာပိုင် လစ်လပ်လျက်ရှိသဖြင့် မင်းတုန်းမင်းတရားကြီး (AD ၁၈၁၄-၁၈၇၈)က သာသနာပြု ဆရာ တော်တို့ကို တံဆိပ်ဘွဲ့မည်ပေး၍ အရေးအရာ လွှဲအပ်မြဲထုံးစံ ရှိသည် နှင့်အညီ ရွှေကျင်ဆရာတော်အား သာသနာပြု တံဆိပ်တော် ဆက် ကပ်၍ သာသနာပိုင်အပ်ရန် စီစဉ်ပါသည်။

## တောဘုန်းကြီးပီပီနေလို့သည်

ထိုအစီအစဉ်ကို ရွှေကျင်ဆရာတော်ထံသို့ လျှောက်ထား ရန် ယောမင်းကြီး ဦးဖိုးလှိုင် (AD ၁၈၂၉-၁၈၈၃)နှင့် ပိဋကတ်တော် အုပ်မင်း ဦးယမ်တို့ကို စေလွှတ်၍ လျှောက်ထားခိုင်းသည်။ ယောမင်း ကြီး ဦးဖိုးလှိုင်နှင့် ဦးယမ်တို့ လာရောက် လျှောက်ထားသောအခါ ရွှေကျင်ဆရာတော် (AD ၁၈၂၂-၁၈၉၃) က-

*"တံဆိပ်ရ ဆရာတော်ကြီးဆိုပြီး ဟန်ကြီးပန်ကြီး မလုပ်လို၊ တောဘုန်းကြီးပီပီနေပြီး သာသနာတော်ကို ကောင်းစွာ ပြုစုအားထုတ် မည်"*ဟု မိန့်ဆို ပယ်လှန်တော်မူပါသည်။

## ရာဇဝလ္လဘပုဂ္ဂိုလ် ငါမလုပ်လို

ရွှေကျင်ဆရာတော် သာသနာပြုတံဆိပ်တော် လက်မခံဘဲ သာသနာပိုင်အလုပ်ကို ပယ်လှန်ခြင်းမှာ သက်တော်ငယ်စဉ်က ဆုံးဖြတ်ချက် ဖြစ်လေသည်။ တံဆိပ်ဘွဲ့မည် တံဆိပ်တုံးကြီး တကားကားနှင့် ဝင့်ကြွားပြီး သာသနာရေးထက် လောကီရေးကို ရှေ့တန်းတင်နေခဲ့သော ဆရာတော်ကြီးများကို တွေ့ကြုံ ခဲ့ဖူးလှသဖြင့် *"ဤဘဝ အသက်ထက်ဆုံး သံတုံးတံဆိပ်ကို အရိုက်မခံပြီ" "ဤဘဝ အသက်ထက်ဆုံး မင်းမျိုးမတ်တို့၏ဆရာ ရာဇဝလ္လဘပုဂ္ဂိုလ် ငါ မလုပ်ပြီ"*ဟု အဓိဋ္ဌာန်ထားပြီး ဖြစ်လေသည်။

## ၃။ မာန်မာနကင်းပြီး မိမိကိုယ်ကိုယ် နှိမ့်ချတော်မူသည့် ဆရာတော်

ယောဆရာတော်သည် မာန်မာနကင်းရှင်းပြီး ကိုယ့်ကိုယ်ကိုယ် နှိမ့်ချသည်။ ကြွားဝါပလွှားလိုစိတ် လုံးဝမရှိ၊ အဆင့်အတန်း မြင့်မားသော ဘွဲ့တံဆိပ်တော်များစွာ ရရှိထားသော်လည်း ဓမ္မလက်ဆောင် စာအုပ်များနှင့် မဂ္ဂဇင်းဆောင်းပါးများ၌ တိပိဋကယောဆရာတော် ဟုသာ တစ်လုံးတည်း တပ်ထားသည်ကို တွေ့ရသည်။

---

**ကျန်းညွှန်း**

* ဦးမာနိတသိရီ ပြုစုတော်မူသည့် ပထမရွှေကျင်ဆရာတော် (နှာ-၁၄၂)

တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊ သ. စ. အ ပါဠိပါရဂူ၊ အဂ္ဂမဟာ အကျော်ဟု ပြည့်စုံအောင် တပ်လေ့မရှိ၊ မိမိရရှိထားသော အဆင့် မြင့်မား ဘွဲ့တံဆိပ်များကို ရဟန်းရှင်လူရှေ့၌ ထုတ်ဖော် ပြောကြားလေ့ လုံးဝမရှိ၊ မေးမြန်းလာလျှင်သော်မှ မိန့်တော်မမူပေ။

## ၄။ ဘွဲ့တံဆိပ်ဆိုတာ အပြင်အဆောင်အယောင် ဂုဏ်ပကာသနမျှသာ ဖြစ်ပါတယ်

သတိပဋ္ဌာန် သာသနာတော်ကို အသက်ထက်ဆုံး သာသနာပြုတော်မူခဲ့သော မူလမင်းကွန်း ဇေတဝန် ဒုတိယဆရာတော်ကြီး အရှင်တိက္ခာစာရ (AD ၁၉၁၀-၁၉၉၆)အား သက်တော် (၈၄)နှစ်တွင် နိုင်ငံတော်အစိုးရက အဂ္ဂမဟာကမ္မဋ္ဌာနစရိယဘွဲ့ ဆက်ကပ် လှူဒါန်းခဲ့ပါသည်။

ရန်ကုန်ကမ္ဘာအေးတွင်ပြုလုပ်သော နိုင်ငံတော်၏ အထက်ပါ ဘွဲ့တော် ဆက်ကပ်ပူဇော်ပွဲသို့ ကြွရောက်တော်မူပါရန် ပင့်လျှောက်ကြပါသည်။ မဟာစည်သာသနာ့ရိပ်သာ ဖလ်ယဉ်ဓမ္မာရုံ၌လည်း ပူဇာသဘင် ကျင်းပပူဇော်လို၍ ကြွရောက်တော်မူပါရန် ပင့်လျှောက်ကြပါသည်။ မူလမင်းကွန်း ဇေတဝန် ပဋိပတ္တိအသင်းကလည်း ပူဇော်ပွဲပြုလုပ်လို၍ ဆရာတော်၏ ခွင့်ပြုချက်ရရှိရန် သွားရောက် လျှောက်ထားကြရာ -

---

**ကျမ်းညွှန်း**

* အရှင်ပညာတိက္ခ (ယော)၏ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ယောဆရာတော် ဘဝဖြစ်စဉ် ကြောင်းကျိုးထင် (ဆရာတော်၏ သက်တော် ၇၅-နှစ်ပြည့် စိန်ရတုအထိမ်းအမှတ်)

*“ဘွဲ့တံဆိပ်ဆိုတာတွေက ဂုဏ်အဆောင်အယောင်တွေပဲ၊ အပြင်ပန်းပဲ၊ ဒီဘွဲ့တံဆိပ်ကြောင့် အတွင်းအဖြေတွေက ဘာမှပြောင်းလဲသွားတာ မရှိဘူး၊ ပညာပိုတတ်သွားတယ်၊ အသိဉာဏ် ပိုရသွားတယ် မဆိုနိုင်ဘူး။ ကိုယ့်ရဲ့ ကိုယ်ပိုင်တရားကပဲ အဓိကကျတယ်။ သူက အပြင်အဆောင်အယောင်ဘဲ ဂုဏ်ပကာသနပဲ၊ ကျော်ကြားမှုကို ဖြစ်စေတယ်၊ ငါ့အဖို့တော့ ဒီအချိန်မှာ သေပန်းပွင့်တယ်လို့ ဆိုရမှာပေါ့ ငါကသေဖို့ နီးကပ်နေပြီ၊ ဒီဂုဏ်ကြောင့် ဂုဏ်ပြုပွဲတွေလုပ်၊ အလုပ်ရှုပ်ကြရ၊ ဟိုက ဒီကလူတွေကလည်း ဂုဏ်ကြောင့် ဖူးဖို့လာရင်၊ အေးအေးဆေးဆေး ကိုယ့်အလုပ် ကိုယ်မလုပ်ရဘူး ဖြစ်တတ်တယ်”*ဟု အမိန့်ရှိတော်မူပါသည်။

## ၅။ ယောဆရာတော်ကြီးသည် ဒေါက်တာဘွဲ့ကို လက်ခံတော်မမူ

၁၃၆၉-ခုနှစ်တွင် တိပိဋကက ယောဆရာတော်ကြီးကို ထိုင်းနိုင်ငံ မဟာချူလာလောင်ကွန် တက္ကသိုလ်မှ ဗုဒ္ဓစာပေဆိုင်ရာ ပါရဂူဂုဏ်ထူးဆောင် “ပီအိပ်ဒီချ်” “ဒေါက်တာ”ဘွဲ့ ဆက်ကပ်လှူဒါန်းရန် စကားကမ်းလှမ်းခဲ့သော်လည်း-

**ကျမ်းညွှန်း**

* ဒေါက်တာပြုံးချို၏ မူလမင်းကွန်း ဇေတဝန် ပဋ္ဌိပတ္တိသာသနာဝင် မထေရ်မြတ်များနှင့် ပုဂ္ဂိုလ်များကို မှီငြမ်းသည် (၂၀၁၅ ခုနှစ်၊ ပထမအကြိမ်)



## ကျေးဇူးရှင် ယောဆရာတော်ဘုရားကြီး

## (မြန်မာ ၁၃၀၄ - ) (ခရစ် ၁၉၄၅ - )

"ဆက်ကပ် လှူဒါန်းလိုသည်ဆိုခြင်းကို ကျေးဇူးတင် ဝမ်းမြောက်ပါကြောင်း၊ သို့ရာတွင် မိမိမှာ တိပိဋကဓရဘွဲ့ ရထားပြီးဖြစ်၍ တိပိဋကဓရဘွဲ့ကို အခြားဘွဲ့တစ်ခုက ဝါးမျိုလွှမ်းမိုးသွားတာမျိုး မခံလို၍ အခြားဘွဲ့များကို မယူလိုတော့ပါကြောင်း"

ကျမ်းညွှန်း

- အရှင်ပညာတိက္ခ (ယော)၏ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ယောဆရာတော် ဘဝဖြစ်စဉ် ကြောင်းကျိုးထင် (ဆရာတော်၏ သက်တော် ၇၅ - နှစ်ပြည့် စိန်ရတုအထိမ်းအမှတ်)

"ဆက်ကပ် လှူဒါန်းလိုသည်ဆိုခြင်းကို ကျေးဇူးတင် ဝမ်းမြောက်ပါကြောင်း၊ သို့ရာတွင် မိမိမှာ တိပိဋကဓရဘွဲ့ ရထားပြီးဖြစ်၍ တိပိဋကဓရဘွဲ့ကို အခြားဘွဲ့တစ်ခုက ဝါးမျိုလွှမ်းမိုးသွားတာမျိုး မခံလို၍ အခြားဘွဲ့များကို မယူလိုတော့ပါကြောင်း" မိန့်တော်မူပြီး ငြင်းပယ်တော်မူခဲ့လေသည်။

## အလကားရသည့်ဘွဲ့ကို အားပေးတော်မမူ

တိပိဋက ယောဆရာတော်သည် မိမိ၏ ဉာဏ်အစွမ်းဖြင့် ကြိုးစားဖြေဆို၍ ရရှိသော ဘွဲ့တံဆိပ်ကိုသာ တန်ဖိုးထားပါသည်။ သို့သော် တိပိဋကပြီး၍ ပူဇော်ပွဲ လုပ်သည်ကိုမူ နှစ်သက်တော်မမူပါ။ အပူဇော်ခံလို၍ တိပိဋက လုပ်သည်မဟုတ်။ ပျော်စရာကောင်း၍သာ လုပ်သည်ဟု မိန့်တော်မူခဲ့ပါသည်။ မိမိ၏ ဉာဏ် အစွမ်း အစမပါသော နိုင်ငံတော်က ဆက်ကပ်သောဘွဲ့များကိုလည်း တန်ဖိုးမထား၊ အားလည်းမပေးပါ။ ပူဇော်ပွဲလုပ်၍ တရားဟောလာပင့်လျှင်လည်း မလိုက်ပေ။

တိပိဋကယောဆရာတော် "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့ရစဉ်အခါက ကျောင်းတိုက် ဝေယျာဝစ္စ ဒကာ ဒကာမများက "အဂ္ဂမဟာပဏ္ဍိတ" ပူဇော်ပွဲ ကျင်းပပြုလုပ်ရန် အလှူငွေများ လက်ခံ၍ အခမ်းအနားအတွက် စီစဉ်ထားကြသည်။ စီစဉ်၍ ပြီးစီးချိန်တွင် ကျောင်းတိုက်ဝေယျာဝစ္စ လူကြီးများက ယောဆရာတော်ထံ လာရောက်၍ "အဂ္ဂ

မဟာပဏ္ဍိတ” ပူဇော်ပွဲ ပြုလုပ်ပူဇော်မည်ဖြစ်ကြောင်း လျှောက်ထားကြရာ ယောဆရာတော်က ဤဘွဲ့သည် မိမိဉာဏ်အစွမ်းဖြင့် ကြိုးစားဖြေဆို၍ ရရှိသော ဘွဲ့တံဆိပ်မဟုတ်၊ အလကားရသော ဘွဲ့ဖြစ်၍ ပူဇော်ပွဲကို လက်မခံကြောင်းနှင့် လှူဒါန်းထားသော အလှူငွေများကိုလည်း အလှူရှင်များထံ ပြန်လည် ပေးအပ်ရန် မိန့်တော်မူ၍ “အဂ္ဂမဟာပဏ္ဍိတ” ပူဇော်ပွဲကို လက်မခံဘဲ ရုပ်သိမ်းခိုင်းတော်မူလိုက်သည်။

ထိုအချိန်က ယောဆရာတော်သည် ပဓာနနာယက မဖြစ်သေး၊ ဒုတိယနာယက ဖြစ်သည်။ နှစ်စဉ် နိုင်ငံတော်မှ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပြီးချိန်၌ နိုင်ငံအနှံ့အပြားမှ ဆရာတော်များ၊ ဒကာ ဒကာမများက ပူဇော်ပွဲတွင် တရားဟောပေးရန် လာရောက် ပင့်လျှောက်ကြသည်။ လိုက်ပါတော်လေ့ မရှိပေ။

ပထမကြီးအောင် ဓမ္မာစရိယအောင်ပုဂ္ဂိုလ် စသည်များကို ပူဇော်ပွဲပြုလုပ်လို၍ ပူဇော်ပွဲတွင် တရားဟောပေးရန် လာရောက်ပင့်လျှောက်လာလျှင်မူ ဝမ်းသာအားရ လက်ခံသည်။ ညတရားပွဲကျင်းပရာ၌ ညပိုင်းမအားလျှင် ညနေဆည်းဆာချိန် တရားဟောပေးတော်မူပါသည်။

---

**ကျမ်းညွှန်း**

* အရှင်ပညာတိက္ခ (ယော)၏ တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက ယောဆရာတော် ဘဝဖြစ်စဉ် ကြောင်းကျိုးထင် (ဆရာတော်၏ သက်တော် ၇၅-နှစ်ပြည့် စိန်ရတုအထိမ်းအမှတ်)

## ၆။ ရဟန်းဘဝလျှောကျကာ ဖိုးသူတော်မဖြစ်ချင်ပါ

သပြေပင်၊ ရန်ကင်းတောရကျောင်း၌ ဝါဆိုသံဃာစာရင်းများ ရေးသား ပြုစုနေသည့်အချိန်တွင် ဘဒ္ဒန္တနေမိန္ဒထေရ် (AD ၁၉၄၃-၂၀၁၄) အရှင်သူမြတ်အား နိုင်ငံတော်အစိုးရထံမှ ဘွဲ့တံဆိပ်တစ်ခု ရရှိရေးကို ဆောင်ရွက်ပေးလိုပါသဖြင့် ထေရုပတ္တိအကျဉ်းကို ရေးသား ပေးပါရန်နှင့် ပညာအရည်အချင်းကို အကြီးတန်းအောင်မြင်သည်ဟု ရေးသားပေးပါရန်ဟူသော သတင်းစကားတစ်ခု ရောက်ရှိလာပါသည်။ ဆရာတော်ကြီးက -

*"တပည့်တော် အကြီးတန်းမှ မအောင်ခဲ့တာ၊ မအောင်တာကို အောင်တယ်လို့ လိမ်ညာရေးပြီး ရလာမယ့်ဘွဲ့တံဆိပ်နှင့် လာဘ်လာဘ ကြောင့် တပည့်တော် ပါရာဇိကကျလိမ့်မယ်။ ဘွဲ့တံဆိပ်လည်း မလိုချင်ဘူး၊ ရဟန်းဘဝကနေ ပါရာဇိကကျပြီး ဖိုးသူတော်လည်း မဖြစ် ချင်ပါဘူး"*ဟု တပည့်များအား မိန့်ကြားတော်မူပါသည်။

သပြေပင်မှန်ကျောင်းဆရာတော် ဘဒ္ဒန္တနေမိန္ဒထေရ် အရှင် သူမြတ်သည် လယ်ဝေးမြို့နယ် သပြေပင်၊ ရန်ကင်းတောရ၏ ဆဋ္ဌမ မြောက် ရန်ကင်းတောရဆရာတော်ဖြစ်၏။

### ပဉ္စမနှင့် ဆဋ္ဌမရန်ကင်းတောရဆရာတော်

နဘူးကျင်းဆရာတော်ကြီးကိုယ်တိုင် တာဝန်ပေးအပ်ထားသည့် ပဉ္စမ ရန်ကင်းတောရဆရာတော် ဘဒ္ဒန္တဓမ္မပါလထေရ် မရှိတော့သည့်

နောက်ပိုင်း နှစ်အနည်းငယ်ခန့် ရန်ကင်းတောရ၌ အုပ်ချုပ်မည့်သံဃာ အဆက်ပြတ်သွားပါသည်။ ထို့ကြောင့် ဘဒ္ဒန္တ နေမိန္ဒထေရ်က သပြေပင်မှန်ကျောင်းမှ ဒုလ္လဘရဟန်းအပါအဝင် ဂါမဝါသီ ရဟန်း ၇-ပါးခန့်ကို ကျောင်းစောင့်ရှောက်ရန်နှင့် တောစောင့်ရှောက်ရန် ပို့ထားပါသည်။

ရန်ကင်းတောရ၌ ထိုသို့ အခက်အခဲဖြစ်နေသည့် ကာလတွင် လယ်ဝေးမြို့မှ ဒါယကာများက နဘူးကျင်းဆရာတော်ကြီး၏တပည့် အရှင်ခေမာနန္ဒ (ပြာဟ္မဏ)ကို ပင့်သဖြင့် ရောက်ရှိလာပြီး လများ မကြာမီကာလ လပြည့်နေ့ညနေ ဥပုသ်ပြုအပြီးတွင် ဘဒ္ဒန္တနေမိန္ဒ ထေရ်အရှင်မြတ်က -

*"ဒီဘုန်းကြီးလေးလို မြတ်စွာဘုရား ဝိနည်းဥပဒေနှင့်အညီ နေနိုင်ရင် ရန်ကင်းတောင်ပေါ်မှာ အရှင်ဘုရားတို့ နေတော်မူကြပါဘုရား၊ မနေနိုင်ရင်တော့မနက်ဖန် နေမဝင်ခင် တောင်ပေါ်ကဆင်းပြီး ရွာကျောင်းမှာပဲ သွားနေကြပါဘုရား"*ဟု ပြတ်ပြတ်သားသား အမိန့် ရှိတော်မူလိုက်ပါသည်။

## များပြားလှစွာ သာသနာ့ဝန်တာ

ရန်ကင်းတောရကျောင်း၌ သီတင်းသုံးတော်မူကြသည့် ရဟန်းတော်တို့သည် ရှေးအခါမှသည် ယနေ့ ထိတိုင် မြတ်ဗုဒ္ဓ၏ ဝိနည်း ဥပဒေတော်ကြီးကို အစဉ်အမြဲ ဦးထိပ်ပန်ဆင် တသွေမတိမ်း လိုက်နာတော်မူကြပါသည်။

ငွေကို မကိုင်ကြပါ။ ကွမ်း၊ ဆေးလိပ် မသုံးဆောင်ကြပါ။ ညစာစားခြင်း၊ ရုပ်ရှင် ပြဇာတ်ကြည့်ခြင်း မပြုကြပါ။ ဆွမ်းခံချိန်မှအပ အကြောင်းမဲ့ ရပ်ရွာထဲ ကြွသွားခြင်း မပြုကြပါ။ သာရေး နာရေး စသည် ကိစ္စရပ်များ၌ ပါဝင်ခြင်း မပြုကြပါ။ မိမိတို့၏ ပဓာနတာဝန်ဖြစ်သည့် ဝိပဿနာတရား အားထုတ်ခြင်း၊ စာပေပရိယတ္တိ သင်အံ လေ့ကျင့်ခြင်း၊ ကမ္မဋ္ဌာန်းအား ထုတ်နိုင်ရန် သင်ပြပေးခြင်း၊ နိုင်ငံတစ်ဝန်း ယဉ်ကျေး လိမ္မာသင်တန်းများ ဖွင့်လှစ်ပေးခြင်းနှင့် စာပေများ ရေးသားပြုစုခြင်း စသည် သာသနာ့တာဝန်များစွာကို ထမ်းဆောင်တော်မူလျက် ရှိကြပါသည်။

## ၇။ လှိုအပ်တဲ့နေရာမှာ လှူကြပါ

ယောဆရာတော်သည် တယ်လီဖုန်းကို ထားလည်းမထား၊ ကိုင်လည်းမကိုင်၊ ကိုယ်ကလည်း သူများထံ လုံးဝမဆက်၊ သူများထံမှ ဆက်လာလျှင်လည်း လုံးဝမကိုင်၊ ကိစ္စအထူးရှိပါက တပည့်များကို ဖုန်းဆက်ခိုင်းသည်။ တရားပွဲ ပင့်လျှောက်ရာ၌ဖြစ်စေ၊ ဆွမ်းစား ပရိတ်ရွတ် ပင့်လျှောက်ရာ၌ ဖြစ်စေ၊ တယ်လီဖုန်း ဆက်၍ ပင့်လျှောက်ပါက လက်မခံရန် တပည့်သံဃာ့ပရိသတ်ကို မိန့်ကြားထားသည်။

လွန်ခဲ့သည့် (၁၆)နှစ်ခန့်က လက်ကိုင်ဖုန်းကို တော်ရုံလူ မကိုင်နိုင်ပါ။ ဆယ်လူလာဖုန်း တစ်လုံးလျှင် ကျပ်သိန်း (၄၀) ပေးဝယ်ရသည့် အချိန်တွင် ကမ္ဘာအေး မဟာပါသာဏလိုဏ်ဂူ၌ သူဌေးအလှူရှင်များက တိပိဋက ဩဝါဒါစရိယဆရာတော်ကြီး ၁၀-ပါးကို တစ်ပါးလျှင် တယ်လီဖုန်း တစ်လုံးစီ လှူဒါန်းရာ ယောဆရာတော်မှ-

*"ဘုန်းကြီးက တယ်လီဖုန်း လုံးဝ မကိုင်ဘူးဗျ။ လိုအပ်တဲ့နေရာ ကိုသာ လှူလိုက်ကြ"* ဟု အမိန့်ရှိ၍ လက်မခံဘဲ ငြင်းပယ်လိုက်သည်။ ထိုအခါ အနီးနားက ဆရာတော်တစ်ပါးက *"ဦးသိရိန်၊ သိန်း (၄၀) တောင် တန်တာ၊ ယူထားလိုက်ပါ၊ ကိုယ်မလိုတော့လည်း တပည့်တွေကို ပေးရတာပေါ့"* ဟု ဆက်လက် တိုက်တွန်း သော်လည်း လက်မခံခဲ့ချေ။

## တီဗွီလှူသည်ကို လက်မခံ

တစ်ချိန်တွင် ဒကာ ဒကာမ မိသားစုများ ယောဆရာတော်ထံ ရောက်လာ၍-

*"ဆရာတော်ဘုရား၊ ဥပုသ်နေ့ အားလပ်သည့်အချိန်တွင် ဦးပဉ္စင်းကိုရင်များ၊ မျက်စိပွင့်နားပွင့် ကြည့်ရှု နိုင်ရန် တီဗွီစလောင်း လှူဒါန်းချင်ပါတယ်ဘုရား"* ဟု လျှောက်ရာ ယောဆရာတော်က-

*"ဒို့ကျောင်းတိုက်မှာ တီဗွီအလုံးပေါင်း (၁၈၀) ကျော် ရှိကြောင်း၊ နံနက်ညဉ့် ဘုရားဝတ်တက်ပြီးတိုင်း တစ်ပါးလျှင်တစ်လုံး ဖွင့်ကြည့် ခိုင်းကြောင်း"* မိန့်တော်မူလေသည်။ ထိုအခါ ဒကာ ဒကာမများက-

*"များလှချည်လားဘုရား၊ တပည့်တော်တို့က ဆရာတော့် ကျောင်းတိုက်မှာ တီဗွီမရှိဘူး ထင်နေတာ"* ဟု လျှောက်ရာ *"များတယ်ဗျ တီဗွီဆိုတာ ခန္ဓာအရှိကို ဉာဏ်နဲ့မြင်အောင် ကြည့်ရှုသုံးသပ် ဆုံးဖြတ် ရတဲ့ ခန္ဓာတီဗွီကိုပြောတာ၊ အာရုံနောက်စရာ၊ သမာဓိပျက်စရာ ရုပ်မြင်သံကြား တီဗွီစက်ကတော့ တစ်ကျောင်းတိုက်လုံး တစ်လုံးမှ မရှိပါဘူး၊ ထားခွင့်လည်း မပြုပါဘူး"* ဟု မိန့်တော်မူကာ လက်မခံပေ။

ယောဆရာတော်သည် တပည့်ပရိသတ်များကို ဘုရားဝတ် တက်ပြီးတိုင်းနေ့စဉ် တရားဘာဝနာ ရှုမှတ်ခိုင်းသည်။ ခန္ဓာတီဗွီ ရုပ်မြင် နာမ်ကြားစက်ကြီးကို ဖွင့်ကြည့်ခိုင်းသည်။ ဝင်လေ ထွက်လေ ရှုမှတ် ခိုင်းသည်။ မေတ္တာဘာဝနာ ပွားများခိုင်းသည်။ တီဗွီရုပ်မြင်သံကြား စက်တို့၊ အောက်စက်တို့ကိုတော့ တစ်ကျောင်းတိုက်လုံး မည်သူမျှ မထားရ။ စစ်ဆေးတွေ့ရှိပါက လက်ဝယ်ထားသူရော၊ ကြည့်ရှုသူပါ ချက်ချင်း ကျောင်းတိုက်မှ နှင်လိုက်တော့သည်။ စာသင်သားများ အတွက် သမာဓိအားကောင်းမှသာ စာကျက်ရတာတွင်၍ ရထားပြီး သော စာကိုလည်း မေ့ပျောက်ခြင်း မရှိအောင် ထိန်းထားနိုင်စွမ်း ရှိသည်။ ထို့ကြောင့် သမာဓိပျက်စေနိုင်သည့် တီဗွီ၊ အောက်စက် ကြည့်ရှုနားထောင်ခြင်း လက်ဝယ်ထားရှိခြင်းကို လုံးဝ ခွင့်မပြုပေ။

## ၈။ မင်းဆရာလှုပ်ရှော် စာကြည့်ပျက်မှာ စိုးရိမ်တော်မူသည်

ဆရာတော်ဦးပိုးကား 'နန်းမတော်မယ်နု' ဟု မြန်မာ့သမိုင်း၌ အမည်တွင်ခဲ့သည့် ဘကြီးတော်မင်း၏ တောင်ညာစံဒေဝီ မဟေသီ မိဖုရားကြီး ဆောက်လုပ်လှူဒါန်းသည့် အုတ်ကျောင်းကြီးကို အလှူ ခံတော်မူရသော ဆရာတော် ဖြစ်ပါသည်။

---

**ကျမ်းညွှန်း**

* အရှင်ပညာတိက္ခ (ယော)၏ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ယောဆရာတော် ဘဝဖြစ်စဉ် ကြောင်းကျိုးထင် (ဆရာတော်၏ သက်တော် ၇၅-နှစ်ပြည့် စိန်ရတုအထိမ်းအမှတ်)

ဆရာတော်ဦးပိုးသည် ဆရာတော်ဗုဓ်၏ ဆရာရင်းဖြစ်ပြီး ပါဠိ အဋ္ဌကထာ၊ ဋီကာ ကျမ်းဂန်များကို ကျနစွာ တတ်မြောက်၍ သတ္တိဇ္ဈတ္တိ ရှိသည်။ ဉာဏ်ပညာ ထက်သန်လှသည်။ ဘင်္လီ၊ နာဂရီ စသော အထူးထူးသော ကျမ်းဂန်တို့၌ ကျွမ်းကျင်လိမ္မာတော်မူသည်ဟု သာသနာ့သမိုင်းများ၌ ဖော်ပြပါရှိ၏။

ဆရာတော်ဦးပိုး လွန်တော်မူသောအခါတွင် နန်းမတော် မယ်နု၏ အုတ်ကျောင်းတိုက်၌ ဆရာတော်ဦးဗုဓ် ကျောင်းထိုင်ရန်မှာ ဆရာတော်ဦးပိုး၏ တပည့်များအဖို့ သေရေး ရှင်ရေးကိစ္စ ဖြစ်လာ ပါသည်။

အင်းဝအုတ်ကျောင်းကြီး၌ပင် သီတင်းသုံးလျက်ရှိသည့် ဆရာတော်ဦးပိုး၏ တပည့်များက ဦးဗုဓ်ထံ တိုက်ရိုက် မလျှောက်ထား ဝံ့ကြပေ။ ဦးဗုဓ်နှင့် ပြောမနာ ဆိုမနာ ဦးဗုဓ်၏ ဒဋ္ဌမိတ္တ ဖြစ်တော်မူသော ဦးဉာဏထံ စာနှင့်လျှောက်ကြ၏။ ဦးဉာဏကလည်း သဘောကျ၏။ သို့ဖြစ်၍ ဆရာတော်ဦးပိုးနေရာတွင် ကျောင်းထိုင်ဖို့ ဦးဗုဓ်ကို ပြောသည့်အခါ -

*'မင်းဆရာလုပ်ရလျှင် စာကြည့်ပျက်မှာ စိုး၏။ မင်းဆရာ လုပ်ရလျှင် ဗာဟီရကိစ္စ များ၏။ ဒါကြောင့်မင်း ဆရာမလုပ်လို တိုက် ကျောင်း၌ မထိုင်လို'*ဟု မိန့်ကြားတော်မူလိုက်၏။

---

**ကျမ်းညွှန်း**

* သခင်အောင်ဖေ၏ဆရာတော်ဦးဗုဓ် ၂၀၁၀-ပြည့်နှစ်၊ ဒုတိယအကြိမ် (နှာ-၂၄)

# ၉။ စာကြည့်ပျက်လို့ မိဖုရားခေါင်ကို မတွေ့အားဘူး

ပခုက္ကူမြို့၊ မဟာဝိသုတာရာမတိုက်တည် ရေစကြိုဆရာတော်ကြီး အရှင်ဂန္ဓသာရ (AD ၁၈၃၂-၁၉၁၄)သည် မန္တလေးမြို့ သာသနာပိုင်ကြီး၏ တိုက်တော်၌ စာသင်နေစဉ်က ဘုရင့်ဆွမ်းဆန်တော် အထောက်အပံ့ရ ပထမစာတော်ချဖြစ်ခဲ့ပြီး၊ မင်းတုန်းမင်းကြီး၏ မိဖုရားခေါင် စကြာဒေဝီ (AD ၁၈၁၃-၁၈၇၆) အကိုးကွယ် ပူဇော်မှုကိုလည်း ခံယူရတော်မူခဲ့ပါသည်။

တစ်နေ့သော် စကြာဒေဝီမိဖုရားခေါင်ကြီးသည် သာသနာပိုင်ကြီး၏ တိုက်တော်သို့ ရောက်ရှိလာ၍ သာသနာပိုင် ဆရာတော်ကြီးနှင့်တကွ စာချဆရာတော်တို့ကို တစ်ပါးစီကန်တော့၍ လှူဖွယ်များ လှူလေသည်။ ထိုအခါ ကပ္ပိယတစ်ဦးက စာချရန် စာကြည့်နေသော စာချဘုန်းကြီး ဦးဂန္ဓအား-

*"မိဖုရားခေါင်ကြီး၏ အဖူးမျှော်ခံရန် ကြွပါဘုရား"* ဟု ပင့်လျှောက်ခဲ့လေသည်။ ဦးဂန္ဓက ကပ္ပိယအား-

*"ငါစာကြည့်ပျက်သည်၊ မိဖုရားခေါင်ကြီးကို မတွေ့အားဘူး"* ဟု ပြောကာ ကြည့်မြဲစာကိုသာ ကြည့်နေတော်မူခဲ့ပါသည်။

---

**ကျမ်းညွှန်း**

* ဦးအောင်မွန် (မြတ်ဆုမွန်)၏ ကျောင်းကန်အနီးမှ အဖိုးတန်ပုံဝတ္ထုများ (နှာ-၁၈၁)
* ဘုန်းနွယ်(ရေစကြို)၏ အရှင်ဂန္ဓသာရ အမှတ်တရဖြစ်စဉ်များ။ မဟာဝိသုတာရာမတိုက် နှစ် ၁၀၀-ပြည့်စာစောင် (နှာ-၁၆၈)



## ကျေးဇူးရှင် ရေစကြိုဆရာတော်ဘုရားကြီး
## (မြန်မာ ၁၁၉၄ - ၁၂၇၆) (ခရစ် ၁၈၃၂-၁၉၁၄)

"ငါစာကြည့် ပျက်သည်၊ မိဖုရားခေါင်ကြီးကို မတွေ့အားဘူး"ဟု ပြောကာ ကြည့်မြဲစာကိုသာ ကြည့်နေတော်မူခဲ့ပါသည်။

---

ကျမ်းညွှန်း

* ဦးအောင်မွန် (မြတ်ဆုမွန်)၏ ကျောင်းကန်အနီးမှ အဖိုးတန်ပုံဝတ္ထုများ (နှာ – ၁၈၁)
* ဘုန်းနွယ်(ရေစကြို)၏ အရှင်ဂန္ထသာရ အမှတ်တရဖြစ်စဉ်များ။ မဟာဝိသုတာရာမတိုက် နှစ် ၁၀၀ – ပြည့်စာစောင် (နှာ – ၁၆၈)

# ၁၀။ သံသရာကိုကြောက်ရွံ့၍ တောမှာပင်နေလို့သည့် ရွှေဥမင်ဆရာတော်

သာလွန်မင်းတရားကြီး (နန်းစံ AD ၁၆၂၉-၁၆၄၈)ကိုယ်တိုင်က တောင်ဖီလာဆရာတော်အား "မဟာတိပိဋကာလင်္ကာရ" ဘွဲ့တံဆိပ်တော် လှူဒါန်း၏။ သာလွန်မင်းတရား၏ညီတော် မင်းရဲကျော်စွာက တောင်ဖီလာတောရ၌ ကြီးကျယ်သော ဇေတဝန် ရွှေကျောင်းတော်ကြီး ဆောက်လှူ၏။ တောင်ဖီလာဆရာတော်က -

*"ပုခန်းရွှေဥမင်ဆရာတော်မှာ ပိဋကတော်၌ ရဲရင့်တောက်ပြောင်လှ၏။ ဝိနည်းပါဠိတော် အဋ္ဌကထာ နိဿယ ကျမ်းများကိုလည်း ပြန်ဆိုပြီးဖြစ်သည်။ အနက်ဉာဏ် အလွန်ကြီးမား၍ သိက္ခာဂုဏ်နှင့် ပြည့်စုံသော ထူးခြားသော ပါရမီထူး ပုဂ္ဂိုလ်တစ်ပါးဖြစ်သည်"*ဟု မိန့်ကြားတော်မူ၏။

မင်းတရားကြီးကလည်း အကြားနှင့်ပင် အလွန် ကြည်ညို သဒ္ဒါ မြတ်နိုးတော်မူလှသဖြင့် အင်းဝနေပြည်တော်သို့ ပင့်ဆောင် ကိုးကွယ်လိုသဖြင့် အမတ်ပညာရှိတို့အား ပင့်ဆောင်ကြစေဟု အမိန့်တော် ထုတ်ပြန်လေ၏။ အင်းဝတွင် ကြီးကျယ်သော ကျောင်းတော်ကြီး ဆောက်လုပ်တင်လှူ ကိုးကွယ်တော်မူမည့်အကြောင်း လျှောက်ထားသော်လည်း ရွှေဥမင်ဆရာတော်က-

*"မိမိမှာ သံသရာကြောက်ရွံ့၍ တောမှာပင် နေလိုသည်။ ရေမြေရှင် သဒ္ဒါတော်မူသည်ကို လက်ခံခြင်း မပြုနိုင်"*ဟူ၍ အမိန့် ရှိတော်မူ၏။

---

**ကျမ်းညွှန်း**

* လယ်တီဦးလှပိုင်၏ ရွှေဥမင်နှင့် တောင်ဖီလာ၊ ပုခန်းသာသနာဝင်ကျမ်း (၁၉၈၁ ခု၊ လယ်တီစာပေတိုက်)ကို မှီငြမ်းသည်။

## ၁၁။ လုပ်ပိုင်ခွင့်ရှိသည့်ရာထူးကို တာဝန်မယူလိုသည့် မစိုးရိမ်ဆရာတော်ဘုရားကြီး

တောင်ခွင်သာသနာပိုင် ဆရာတော်ဘုရားကြီးက မစိုးရိမ် ဆရာတော်ဦးသူရိယ (AD ၁၈၇၉-၁၉၇၅)အား ပထမသုဓမ္မာဝင် ဆရာတော်အဖြစ် ခန့်အပ်ရန် လျာထားကြောင်း၊ ယခင်လျာထားစဉ်က အဂ္ဂမဟာပဏ္ဍိတဘွဲ့ လိုချင်သဖြင့် သုဓမ္မာဝင်ဆရာတော် လုပ်သည်ဟု အစွပ်စွဲ ခံရမည်ကို စိုးပါသည်ဟုလျှောက်ပြီး ငြင်းပယ်ခဲ့ကြောင်း၊ ယခုအချိန်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့လည်း ရရှိပြီး ဖြစ်သဖြင့် စွပ်စွဲခံရန် အကြောင်းလည်း မရှိတော့ကြောင်းနှင့် လက်ခံစေချင်ကြောင်းကို မိန့်ကြားတော်မူရာ မစိုးရိမ်ဆရာတော်မှာ ခေတ္တစဉ်းစားပြီးနောက် ဤသို့ ပြန်လည် လျှောက်ထားလေသည်။

*"သာသနာပိုင် ဆရာတော်ဘုရားကြီးက လိုလိုလားလား ချီးမြှင့်တော်မူသည်ကို ဝမ်းမြောက်လှပါသည်။ သုဓမ္မာဝင်ဆရာတော် ဖြစ်လျှင် သံဃာအချင်းချင်း ဖြစ်ရသည့် အမှုအခင်းများကို ဆုံးဖြတ်ရာ၌ အမှုသည် နှစ်ဦးအနက် တစ်ဦးကို အရှုံးပေး၍ တစ်ဦးကို အနိုင်ပေး ဆုံးဖြတ်ရပါလိမ့်မည်။ နိုင်သည့်ဘက်က တာဝန်ယူဆုံးဖြတ်သည့် သုဓမ္မာဝင်အပေါ် ကြည်ညိုကြမည် ဖြစ်သော်လည်း ရှုံးသည့်ဘက်ကမူ ရန်သူသဖွယ် သဘောထားကြမည် ဖြစ်ပါသည်။ တပည့်များအဖို့ အမှုတစ်ခု ဆုံးဖြတ်ရလျှင် ရန်သူတစ်ရာ ဖြစ်လာပါမည်။ ကာလကြာသော် ရန်သူများ၏ မြို့ထဲရွာထဲသို့ပင် သွားဝံ့စရာ မရှိတော့ပါ။ ထို့ကြောင့် ပထမသုဓမ္မာဝင်အဖြစ် ခန့်အပ်မှုကို တပည့်များ လက်မခံလိုပါကြောင်း ရိုသေစွာ လျှောက်ထားပါသည်ဘုရား"*

---

**ကျမ်းညွှန်း**

* အရှင်ရာဇဓမ္မာဘိဝံသ ရေးသားပြုစုတော်မူသည့် အရှင်အရိယာဘိဝံသ၏ ထေရုပ္ပတ္တိကထာ၊ ၁၉၇၆ ခု (နှာ-၁၂၀)

# ၁၂။ ဘုန်းကြီးလေက မနားရ ဒုက္ခများသည်သာ

စံဝတီဆရာတော် ဘဒ္ဒန္တသုဇာတာလင်္ကာရ (AD ၁၉၀၇-၁၉၈၄)သည် အေးအေးနှင့် ရိုးရိုးမှန်မှန်ပင် နေတတ်၏။ ဟိတ်ဟန်မထား ဝါကြွားခြင်း ကင်းတော်မူ၏။

*"လူအထင်ကြီးဖို့ ပေါ်လွင်ဖို့ထက် စိတ်ချမ်းသာဖို့က ပို၍အရေးကြီးကြောင်း"*ကို မကြာခဏ မိန့်တော်မူသည်။ ဆရာတော်ဘုရားသည် မဟာပုညော အတိဒုက္ခော 'ဘုန်းကြီးလေက မနားရ ဒုက္ခများသည်သာ' ဟူသော စကားကို နှလုံးထား၍ ဘုန်းကြီးမှုစသည်တို့ လိုလားတော်မမူချေ။

ထို့ကြောင့် ဘုန်းကြီးအောင်လည်း မကြိုးစားခဲ့ပေ။ ဆရာတော်ဘုရား၏ ထူးခြားချက်မှာ ဒါယကာ၊ ဒါယိကာမများ အထင်ကြီးစေရန် ကြည်ညိုလာစေရန် ဟန်ဆောင်လေ့မရှိ ပင်ကိုယ် ပကတိစိတ်ဓာတ်တော်အတိုင်းသာ တစ်သက်တာ ကျင့်သုံးတော်မူသွားပါသည်။

---

**ကျမ်းညွှန်း**

* စံထေရ်မဟာထေရ်၏ တသက်တာ ဘဝဖြစ်စဉ်လွှာ



## ကျေးဇူးရှင် စံဝတီဆရာတော်ဘုရားကြီး
(မြန်မာ ၁၂၆၉ - ၁၃၄၆ ) (ခရစ် ၁၉၀၇ – ၁၉၈၄ )

“လူအထင်ကြီးဖို့ ပေါ်လွင်ဖို့ထက် စိတ်ချမ်းသာဖို့က ပို၍ အရေးကြီးကြောင်း”

ကျမ်းညွှန်း

- စံထေရ်မဟာထေရ်၏ တသက်တာ ဘဝဖြစ်စဉ်လွှာ

# ၁၃။ မင်းဆရာဖြစ်သော်လည်း ဘုရားသားတော်စစ်စစ်ဖြစ်အောင်ကျင့်တော်မူ

အမရပူရ ဒုတိယမြို့တည် နန်းတည် ကုန်းဘောင်မင်းတရားကြီး၏သားတော် ပြည်မြို့စား မဟာသီဟသူရဓမ္မရာဇာ၏ ပင့်ဆောင်တော်မူချက်အရ ဆရာတော်ဦးကျီးသည် နေပြည်တော်သို့ ကြွရောက်တော်မူလာပါသည်။ ထိုနောက် တစ်ရွာတည်းသား တစ်ကျောင်းတည်းထွက် ဆရာတူတပည့်ဖြစ်သည့် ဆရာတော် ဦးဗုဓ်ထံသို့ နှုတ်ခွန်းဆက်စကား ပြောကြားရန် ကြွလာတော်မူ၏။

ဆရာတော်ဦးဗုဓ်နှင့် ဆရာတော်ဦးကျီးတို့မှာ ခင်မင်ရင်းနှီးသူဖြစ်သော်လည်း နှုတ်မဆက် စကားမပြော စာကြည့်လျက်သာရှိသည်။ ဆွမ်းစားချိန်ကျ၍ ဆွမ်းဘုဉ်းပေးသောအခါမှ ဆရာတော်နှစ်ပါး မျက်နှာချင်းဆိုင်ကာ ထိုင်လျက် ဆရာတော်ဦးဗုဓ်က -

*“မောင်ကျီး မင်းကို မင်းသားကပင့်၍ ကိုးကွယ်ခြင်းခံရသဖြင့် မင်းဆရာဖြစ်ပြီ၊ ဘုရားအလိုတော်ကျ လိုက်၍ကျင့်မှသာ ဘုရားသားတော်ဖြစ်မည်၊ မင်းလိုလိုက်၍ မင်းကြိုက်ကျင့်ဆောင်လျှင် မင်း၏သား ဖြစ်လိမ့်မည်”*ဟု ဆုံးမတော်မူသည်။

ဆရာတော်ဦးဗုဓ်ကား မင်းဆရာဖြစ်သော်လည်း ဘုရားသားတော်စစ်စစ်ဖြစ်အောင် အမြဲကျင့်တော်မူသည်။ မြှောက်ပင့်ပြောဆိုမှု၊ မျက်နှာသာပေးမှု လုံးဝမပြုလုပ်ဘဲ တရားနှင့်အညီသာ အတိုဆုံးနှင့် အထိရောက်ဆုံး ဆုံးမတော်မူလေ့ ရှိပါသည်။

---

***ကျမ်းညွှန်း***

* ညီမြ၏ ကုန်းဘောင်ရှာပုံတော်၊ ၁၉၉၇ ခု (နှာ-၂၉၁)

# ၁၄။ ရှင်ဘုရင်ကို မင်းနှင့်တူအောင်ကျင့်ဟု ဆုံးမတော်မူသည်

ရတနာပူရ စတုတ္ထမြို့တည် နန်းတည် ဖန်နန်းရှင် နောင်တော်မင်းတရားကြီး (စစ်ကိုင်းမင်း AD ၁၇၈၄- ၁၈၄၅)က ဆရာတော်ဦးဗုဓ် (AD ၁၇၈၇- ၁၈၄၂) အား ဘွဲ့တံဆိပ်တော် ဆက်ကပ် လှူဒါန်းပြီးနောက် အုတ်ကျောင်းတော်ကြီးကိုလည်း လှူဒါန်းလေသည်။

ထိုအခမ်းအနားသို့ လေးပြင်လေးရပ်မှ တံဆိပ်တော်ရ၊ တံဆိပ်တော်မရ ဆရာတော် သံဃာတော်များ၊ မင်းမိဖုရားသားတော်၊ သမီးတော်များ၊ ဝန်ကြီးဝန်ငယ်၊ သူဌေး၊ သူကြွယ်၊ ကုန်သည်၊ လယ်လုပ် စသော ချွေရံပရိသတ်တို့ဖြင့် ပြည့်ကြပ် စည်ကားလျက် ရှိပါသည်။

ဆရာတော်ဦးဗုဓ်က သီလပေး ရေစက်ချ တရားဟောပြီးသည်၏ အဆုံး၌ နာခံတော်က ဩဘာစာ ဆုတောင်း အမျှဝေစာများကို ဖတ်ကြားရသည်။ ထို့နောက် မင်းမိဖုရား နှစ်ပါးတို့က-

*"ဆရာတော်ဘုရား၏ နောင်တော်က လှွဲအပ်ထားဘိသကဲ့သို့ ဆက်လက် ကိုးကွယ်ရခြင်းကြောင့် ဒကာတော်တို့မှာ အလွန်တရာ ဝမ်းမြောက်လှပါကြောင်း၊ ဤနေ့ကစ၍ ဘုရားတပည့်တော်တို့ကို ပစ္စည်းလေးပါး ဒါယကာ ဒါယိကာမ မှတ်တော်မူပါဘုရား။ ဒကာတော်များကိုလည်း သနားသောအားဖြင့် အရှင်ဘုရား၏ နောင်တော်ကဲ့သို့ ဆုံးမဩဝါဒ ပေးသနားတော်မူပါဘုရား"*ဟု ဖန်နန်းရှင်မင်းတရားကြီးက လျှောက်ထားလေ၏။ ထိုအခါ ဆရာတော်ဦးဗုဓ်က-

*"မင်းနှင့် တူအောင်ကျင့်က ငါတို့ ဆုံးမဩဝါဒပေးရန်မလို၊ မင်းနှင့် တူအောင်မကျင့်က ငါနှင့်မဆိုင်၊ အဝီစိနှင့်သာ ဆိုင်သည်"* ဟု မိန့်ဆိုတော်မူ၏။

---

**ကျမ်းညွှန်း**

* သခင်အောင်ဖေ၏ ဆရာတော်ဦးဗုဓ် (နှာ-၃၄)

## ၁၅။ ဆရာကောင်းကို ရွေးချယ်ခြင်း

မဟာစည်ဆရာတော်ကိုယ်တိုင် ဟောသောတရားတော်ကို မနာရသေးသော်လည်း ဆရာတော် ပြုစုတော်မူသော ဝိပဿနာ ရှုနည်းကျမ်းကြီးကို ဖတ်ကြည့်လိုက်လျှင် ဆရာတော်သည် ပရိယတ် ပဋိပတ် စွယ်စုံ ကျွမ်းကျင်တော်မူကြောင်း သိရှိရမည် ဖြစ်ပါသည်။ သို့သော်လည်း ဆာဦးသွင်သည် ဆရာတော်ကို ကိုယ်တိုင် ဖူးတွေ့ အကဲခတ်လိုသော ဆန္ဒရှိသည်။ ထို့ကြောင့်ပင် ဝါတွင်းဖြစ်သော်လည်း ဆရာတော်ကို ပင့်ပေးပါရန် ဦးဘသင်ကို တောင်းပန်ပါသည်။

ဆင်ခြင်တုံဉာဏ်ရှိသော ပုဂ္ဂိုလ်များသည် ဆရာရွေးရာ၌ စနစ်ကြီးကြသည်။ ပညာအရည်အချင်း ပြည့်စုံရုံမျှဖြင့် ကျေနပ်လေ့ မရှိကြပေ။ ထိုပုဂ္ဂိုလ်၏ ရုပ်ရူပကာယကိုလည်းကောင်း၊ အင်္ဂါစုံမစုံကို လည်းကောင်း စုံစမ်းလိုသေးသည်။ ကျေနပ်မှသာ ဆရာအဖြစ် ကိုးကွယ်လေ့ ရှိကြသည်။

ပုဂံပြည် နရပတိစည်သူမင်းကြီးသည် အကြားအမြင်များသည်၊ လိမ္မာသည်၊ စွမ်းရည်ရှိသည်ဟု ကျော်စောထင်ရှားသော ရဟန်းတော် တစ်ပါးကို အင်္ဂါကြီးငယ် ပြည့်စုံလျှင် ဆရာပြု၍ ဆည်းကပ်မည်ဟု စုံစမ်းစေသောအခါ ခြေမဖျား ပြတ်နေကြောင်း ကြားသိရလေသည်။ ထိုအခါ အင်္ဂါကြီးငယ် မပြည့်စုံဟု သတ်မှတ်ယူဆကာ ဆရာရင်းအဖြစ် မကိုးကွယ်တော့ဘဲ ပူဇော်သက္ကာရမျှသာ ပြုပြီးလျှင် ဓမ္မဝိလာသ ဟူသော ဘွဲ့အမည်ကို လှူတော်မူ၍ ရာမညတိုင်းသို့ သာသနာပြု ကြွစေတော်မူကြောင်း သာသနာလင်္ကာရစာတမ်း၌ လာရှိပါသည်။

### ဆာဦးသွင် ဆရာတော်ကိုလေ့လာ

သူဌေးကြီး ဆာဦးသွင်သည်လည်း နရပတိစည်သူမင်းကြီး ကဲ့သို့ပင် စုံစမ်းလိုဟန် တူပါသည်။ ထို့ကြောင့် သမိဒ္ဓေါဒယချောင်

ဓမ္မာရုံ၌ တရားပွဲ ကျင်းပသောအခါ သူဌေးကြီးဆာဦးသွင်သည် သူ့ ရည်ရွယ်ချက်နှင့်သူ ဆရာတော်ကိုဖူး၍ အကောင်းဆုံးဖြစ်မည့် နေရာမှာ နေလေသည်။ ဆရာတော် ကားပေါ်က ဆင်းကတည်းက အကဲခတ်နေသည်။ တရားနာရင်းလည်း ဆရာတော်၏ ကိုယ်အမူ အရာ၊ နှုတ်အမူအရာကို အကဲခတ်သည်။ မဟာစည်ဆရာတော်၏ ဂုဏ်သတင်းကို ဦးဘသင်ထံမှ ကြားပြီးသည်မှစ၍ ကြည်ညိုပြီး ဖြစ်ပါ သော်လည်း ကိုယ်အင်္ဂါဆိုင်ရာ ချို့ယွင်းချက်များ ရှိလေမည်လား ဆိုသည်ကို စိုးရွံ့စွာပင် စုံစမ်းကြည့်ရှုလေသည်။

ထိုသို့ စုံစမ်းကြည့်ရှု၍ အားပါးတရ လေ့လာပြီးသောအခါ ချို့ယွင်းချက်ဟူ၍ တစ်စုံတစ်ရာမျှ မတွေ့သည့်အပြင် အလွန်အားရဖွယ် ကျေနပ်ဖွယ်ကောင်းသော ကိုယ်အင်္ဂါ အမူအရာတို့ကိုသာ တွေ့ရ လေသည်။ တရားဟောပလ္လင်ပေါ် ထိုင်သည်မှစ၍ ကိုယ်လက် လှုပ်ရှားပြုမူခြင်း မရှိဘဲ ငြိမ်သက်စွာ တရားဟောတော်မူသည်ကို ကြည်ညိုမဝ ဖြစ်ခဲ့ရသည်။ ဆရာတော်သည် စက္ခုန္ဒြေချကာ ဘယ်ကိုမျှ မကြည့်ဘဲ တည်ကြည် ငြိမ်သက်သော ပကတိဟန်လုပ်မှုမပါသည့် ဣန္ဒြေဖြင့် တရားဟောတော်မူသည်။ သိမ်ဖျင်း သေးနုပ်သော စကား လုံးဟူ၍မပါဘဲ တရားသားသက်သက်ကိုသာ နက်နဲစွာ ဟောတော် မူသည်။

ဆရာတော်ထံပါးမှ ထူးခြားဆန်းကြယ်၍ အနက်အဓိပ္ပာယ် လေးနက် နက်နဲသော မာလုကျပုတ္တတရားတော်ကို နာရသောအခါ မှာလည်း သူဌေးကြီးသည် လွန်စွာ နှစ်ခြိုက် သဘောကျသွားလေသည်။ ထို့ကြောင့် သူဌေးကြီး ဆာဦးသွင်သည် ငါ ရှာဖွေစုံစမ်းနေသော ဆရာမှာ ဤအရှင်ပင် ဖြစ်တော့သည်ဟု မှတ်ယူလိုက်လေတော့သည်။

**ကျမ်းညွှန်း** ✳ ဆုပြည့်စုံထွန်း အယ်ဒီတာအဖွဲ့၏ မဟာစည်ဆရာတော်ဘုရားကြီး

## ၁၆။ အနုတ်ဖိုရ်ဆရာတော်ကြီး၏ မေတ္တာနှင့် ဝိစာရဉာဏ်

၁၂၄၇ ခုနှစ် တန်ဆောင်မုန်းလဆုတ် ၈ ရက်နေ့ (၁၈၈၅-ခုနှစ် နိုဝင်ဘာလ ၂၉)ရက်နေ့တွင် သီပေါမင်းတရားကြီးအား မြန်မာ့မြေပေါ်မှ အင်္ဂလိပ်တို့က ဖမ်းဆီး ခေါ်ဆောင်သွားသည်မှအစပြု၍ မြန်မာ့ထီးနန်း ကြငှန်းထီးရိုး ဂုဏ်ရောင်ညှိုးလျှက် မြန်မာဘုရင် အုပ်ချုပ်ရေးစနစ် ပျက်စီးပျောက်ကွယ်သွားခဲ့သည်။ ကုန်းဘောင်မင်းဆက်လည်း ပြတ်စဲသွားခဲ့သည်။ မြန်မာ့လွတ်လပ်ရေးလည်း ဆုံးရှုံးသွားခဲ့သည်။

မြန်မာနိုင်ငံကို အပိုင်သိမ်းပြီးဖြစ်ကြောင်းနှင့် သီပေါမင်း၏ ပိုင်နက်အားလုံးသည် ဗြိတိသျှနိုင်ငံ ဝိတိုရိယဘုရင်မကြီး၏ ပိုင်နက်ဖြစ်ကြောင်း၊ အိန္ဒိယဘုရင်ခံချုပ်က အခါအားလျော်စွာ ခန့်ထားသော အရာရှိများမှတစ်ဆင့် မြန်မာနိုင်ငံကို အုပ်ချုပ်သွားမည်ဖြစ်ကြောင်း ဘုရင်ခံချုပ် လော့ဒပ်ဖရင်က ကြေညာပါသည်။ မြန်မာနိုင်ငံနှင့်တကွ ပြည်ထောင်စုသားအားလုံးတို့လည်း ဗြိတိသျှတို့၏ လက်အောက်ခံ ကျွန်ဘဝသို့ လုံးလုံး ရောက်သွားပါတော့သည်။

## ဗာရာဏသီမြို့၌ အစောင့်အကြပ်ဖြင့် မြို့ချုပ်ခံနေရသည့် မြင်ကွန်းမင်းသားကြီး

မင်းတုန်းမင်းတရားကြီး၏ သားတော်တစ်ပါးဖြစ်သည့် မြင်ကွန်းမင်းသားကြီး သုမဟာသီရိမမ္မရာဇာ (AD ၁၈၄၂-၁၉၂၁) သည် အိမ်ရှေ့စံ ကနောင်မင်းသားကို လုပ်ကြံပြီး ဘုရင်ပိုင် ရေနန်းစကြာ

သဘော်ဖြင့် မြန်မာပြည်အောက်ပိုင်း ဗြိတိသျှပိုင်နယ်သို့ စုန်ပြေးခဲ့သည်။ ထို့နောက် အင်္ဂလိပ်တို့၏ ဖမ်းဆီးခြင်းကို ခံရပြီးနောက် ဗာရာဏသီမြို့၌ အစောင့်အကြပ်များစွာဖြင့် မြို့ချုပ်ခံနေရပါသည်။ ထိုစဉ်ကာလ ကျေးဇူးတော်ရှင် အုတ်ဖိုရ်ဆရာတော်ကြီး (AD ၁၈၁၈-၁၉၀၆)သည် မဟာဗောဓိပင်ကို ရှိခိုးပူဇော်ပြီးနောက် ကာလကတ္တားသို့ ကြွရောက်၍ သဘော်စီးရန် ခေတ္တ စောင့်ဆိုင်းတော်မူနေစဉ် မင်းသားကြီးက အုတ်ဖို ဆရာတော်ဘုရားကြီး မဟာဗောဓိသို့ ကြွလာတော်မူသည်ကို ကြားသိ တော်မူလျှင် မိမိအကြီးတော်တစ်ယောက်ကို ဆရာတော်ထံပါး စေလွှတ် ကာ လျှောက်ထားစေသည်မှာ-

*"ဘုရားတပည့်တော်သည် ယခုအခါ သွားလိုရာသို့ မသွားရ၊ နေလိုရာ၌ မနေရ၊ အလွန်ကျည်းမြောင်း ကျပ်တည်းလှပါသောကြောင့် အရှင်သူမြတ်ထံ ကိုယ်တိုင်လာရောက်၍ ရှိမခိုးနိုင်ပါဘုရား၊ အရှင် သူမြတ်ကဲ့သို့ သီလဝန္တသိက္ခာကာမ ပုဂ္ဂိုလ်များကို ရှိခိုးရပါက ကျဉ်း မြောင်းခြင်းမှ လွတ်ကင်းလိမ့်မည် နှလုံးပိုက်၍ အပင့်စေရပါသည်။ ကြွလာတော်မူ၍ တပည့်တော်၏ ရှိခိုးပူဇော်ခြင်းကို ခံတော်မူပါ အရှင်ဘုရား"*ဟု လျှောက်ထားလွှာနှင့်အတူ ပင့်လျှောက်လာပါသည်။ ထိုအခါ ဆရာတော်ကြီးက-

*"ယခုမြန်မာပြည်ပြန်ရန် တပည့်အပေါင်းနှင့်တကွ သဘော်လက်မှတ်များ ယူပြီးသည်ကတစ်ကြောင်း၊ နာမကျန်းသော တပည့်များ ရှိသည်က တစ်ကြောင်းကြောင့် ဆရာမလိုက်နိုင်ပြီ။ ဆရာကို ရှိမခိုးရသော်လည်း ကျဉ်းမြောင်းခြင်းမှ လွတ်ကင်းချမ်းသာအောင် ဆရာက ဘုရားဟောဂါထာကို ပေးလိုက်မယ်၊ ယင်းဂါထာကို နေ့ညမပြတ် ရွက်ဖတ်သဇ္ဈာယ်လေ"*ဟု မိန့်တော်မူလိုက်ပါသည်။

## အကျယ်ချုပ်မှ လွတ်မြောက်

နယ်ချဲ့အင်္ဂလိပ်တို့က တိုင်းတစ်ပါးတွင် ချုပ်နှောင်ထားသည့် မြင်ကွန်းမင်းသားကြီးသည် အကျဉ်းအမြောင်း အချုပ်အနှောင် ခံနေရခြင်းမှ လွတ်ကင်းချမ်းသာရန်အကျိုး ရှိခိုးလိုကြောင်း လျှောက်ထား တောင်းပန်လာသည်ကို ဆရာတော်ကြီးက ဝိစာရဉာဏ်ဖြင့် ဝေဖန်ချင့်တွေး၍ အတွေ့ခံတော်မမူခဲ့ခြင်းသာ ဖြစ်ပေလိမ့်မည်။

ကျဉ်းမြောင်းခြင်းမှ လွတ်ကင်းရာ လွတ်ကင်းကြောင်း ကောင်းစွာထင်ထင် ဆင်ခြင်တော်မူ၍ သဂါထာဝဂ္ဂသံယုတ်ပါဠိတော်လာ စန္ဒသုတ် သူရိယသုတ်ဂါထာများကိုလည်းကောင်း၊ တစ်ကမ္ဘာပတ်လုံး တည်နေသော ယုန်မင်းရုပ်ကို ရှိခိုးသဖြင့် သူ၏အသက်သည်လည်း အာယုကပ်တတ်လုံး တည်နေရလတ္တံ့ဟု ဆင်ခြင်တော်မူ၍ သရာဇာ ရှိခိုးဂါထာကိုလည်းကောင်း၊ ပေးတော်မူလိုက်ခြင်းကား ရာဇဝတ် မကင်းသော မင်းသားကြီးကို ချမ်းသာစေတော်မူရန် ရည်သန်သည့် ဆရာတော်၏ မေတ္တာနှင့်ဝိစာရဉာဏ် အရာပေတည်း။

မြင်ကွန်းမင်းသားကြီးလည်း ဆရာတော်ကြီး ဆုံးမပေးသနားတော်မူခဲ့သည့်အတိုင်း လိုက်နာတော်မူသောကြောင့် အကျယ်ချုပ်ထားရာ ဗာရာဏသီမြို့မှ လွတ်မြောက်နိုင်၍ ပြင်သစ်အစိုးရပိုင် ချန်တာနဂိုရ် မြို့သို့ ရောက်လေသည်။ ချန်တာနဂိုရ်မှ တစ်ဖန် ပြင်သစ်ပိုင် ပွန်တီချာရီမြို့သို့ ရောက်၏။ ထိုမှတစ်ဆင့် ပြင်သစ်အစိုးရပိုင် ဗီယက်နာမ်နိုင်ငံ ဆေဂုံမြို့(ယခုဟိုချီမင်းမြို့)၌ နေထိုင်ကာ သက်တော် (၇၉)နှစ်၌ ဘဝကူးပြောင်းလေသည်။

# ၁၇။ ဆရာတော်ဦးဗုဓ် သမာဓိကြီးမားဘိ

ဆရာတော်ဗုဓ်သည် မည်သူ့ကိုမျှ စတင် နှုတ်ဆက်မေးမြန်းခြင်း မပြုပေ။ ဆရာတော်ဦးဗုဓ်၏ သမာဓိသည် လွန်စွာ ကြီးမားဘိ၏။ သတင်းစကား ကျော်ကြားနေရကား နန်းတွင်းအထိ သိရှိကြသဖြင့် မှူးကြီးမတ်ကြီးများ ဆရာတော်ဦးဗုဓ်၏ ဂုဏ်ကျေးဇူးတော်များကို ဆွေးနွေးနေကြစဉ် အမတ်ကြီး ဦးပေါ်ဦးအနားသို့ ရောက်ရှိ၍-

*'အဘယ်အကြောင်းကို ဆွေးနွေးနေကြသလဲ'* မေးမြန်းရာ ဆရာတော်ဦးဗုဓ်၏ ဂုဏ်ကျေးဇူးများ အထူးသဖြင့် သမာဓိ အလွန်ကြီးမားတော်မူကြောင်း အကြောင်းကြီးငယ်ရှိ၍ လျှောက်ထားသော်မှ လိုရင်းအတိုချုပ်ပြီး မိန့်ကြားကြောင်း ပြောကြား၏။ ထိုအခါ ဦးပေါ်ဦးက-

*'ဒါက လျှုလိုက်လို့ပါ လျှောက်ထားတတ်လျှင် ဆရာတော် ပြောရမှာပေါ့၊ ကျုပ်တို့လျှောက်ထားလျှင် မပြောဆိုဘဲ ဘယ်မှာရှိမလဲ'* ဟုဆိုရာ၊ မှူးမတ်ကြီးများက-

*'သည်လိုဆို အမတ်ကြီး သွားကြည့်ပါဦးလေ'*ဟု တိုက်တွန်းကြ၏။

တစ်နေ့သော် ဦးပေါ်ဦးသည် ဆရာတော်ဗုဓ်ကျောင်းသို့ သွား၏။ ဆရာတော်သည် ရေကန်အနီး၌ တံမြက်စည်းလှည်းနေသဖြင့် ဦးပေါ်ဦးက ဆရာတော်အား ရှိခိုးကန်တော့၏။

ဆရာတော်ဗုဓ်သည် တံမြက်ကိုပင် ဆက်၍လှည်းနေရာ ဦးပေါ်ဦးသည် စကားမရှိစကားရှာ၍ လျှောက်၏-

*"ရေကန်ကြီးကဖြင့် အလွန်ကောင်းပါပေသည်ဘုရား"*

*"အေး - ကောင်းတယ်"*

*"ရေကလည်း အလွန်ကြည်လင်ပါပေသည်ဘုရား"*

*"အေး - ကြည်တယ်"*

*"သည်ရေကန်ကြီး မည်မျှနက်ပါသလဲဘုရား"*

*"ငါမသိဘူး"*

*"ဆရာတော်သီတင်းသုံးတော်မူတဲ့ ကျောင်းတိုက်အတွင်း ဖြစ်လို့ နီးတဲ့အတွက် သိလိမ့်မယ်ထင်မှတ်ပြီး လျှောက်မိပါတယ်ဘုရား"*

*"နီးတိုင်းသိရမယ်ဆိုရင် ဒကာကြီးရဲ့ နှုတ်ခမ်းမွေး ဘယ် နှစ်ပင်ရှိသလဲ"*

*"သတိမထားမိလို့ ဘယ်နှစ်ပင်ရှိကြောင်း မသိပါဘုရား"*

*"ဒကာကြီး နှုတ်ခမ်းမွေးကိုမှ ဘယ်နှစ်ပင်ရှိတယ်ဆိုတာ ဒကာကြီး မသိဘဲနဲ့ ရေကန်ရဲ့ အတိမ်အနက်ကိုကော ငါသိနိုင်မလား"*

ဦးပေါ်ဦးသည် စကားအရာ၌ တဖက်ကမ်းရောက် ကျွမ်းကျင် တတ်မြောက်လှပါသည်ဟု ဆိုစေ ဆရာတော်ဦးဗုဓ်ကို ရှေ့ဆက်၍ လျှောက်ထားရန် မဖြစ်တော့သည်နှင့် ကန်တော့ပြီး ပြန်ခဲ့ရ၏။

---

**ကျမ်းညွှန်း**

* ညီမြ၏ ကုန်းဘောင်ရှာပုံတော် ၁၉၉၇-ခုနှစ်၊ တတိယအကြိမ် (နှာ-၂၈၇)

## ၁၈။ သေရင် သင်္ဂြိုဟ်လိုက်တာပ

တစ်နေ့တွင် ဆရာတော်ဦးဗုဓ် (AD ၁၇၈၇-၁၈၄၂)၏ မယ်တော်ကြီး နေထိုင်သည့် နန်းတော်ရှေ့ရပ်ကွက် မီးလောင်ရာ မယ်တော်ကြီးအိမ် ပါသွား၏။

မယ်တော်ကြီးသည် မီးလောင်စဉ် ရေချိုးနေခိုက်ဖြစ်၍ ခါးဝတ်လုံချည်နှင့် ပခုံးတင်ရန် တဘက်တစ်ထည်မှအပ အိမ်ရှိ ပစ္စည်းအားလုံး မီးထဲပါသွားပါသဖြင့် ရင်ဘတ်စည်တီး ငိုကြီးရှိုက်ငင် ပူပင်ကြီးလှစွာဖြင့် သားတော်ရှိရာ ကျောင်းသို့ ပြေးသွားပြီး သားတော်ကို မျက်ရည်စက်လက်ဖြင့်-

*"မောင်ပဥ္စင်းရေ၊ တပည့်တော်မအိမ် မီးလောင်ရာ ပါသွားလို့ ဘာပစ္စည်းမှ မရလိုက်တော့ဘူးဘုရား"* ဟု လျှောက်၏။

*"ဒကာမကြီး၊ တစ်သံသရာလုံး လောင်လာတဲ့မီးကို ကျုပ် မတားဆီးနိုင်ဘူး၊ ကုသိုလ်ကံသာလျှင် အေးငြိမ်းအောင် တားဆီးနိုင်တယ်၊ ခု ဒကာမကြီး မီးလောင်လို့ ဆင်းရဲသလား"*

*"တပည့်တော်မမှာ တစ်သက်တစ်ခါ သည်ဆင်းရဲမျိုး မတွေ့ကြုံဘူးပါဘုရား"*

*"ဒကာမကြီး ချမ်းသာချင်လျှင် ခင်ဗျားတဘက်ကလေး ကျုပ်ကို လှူထားခဲ့"* ဟူ၍ မယ်တော်ဒေါ်မွေး၏ တစ်ခုတည်းသော တဘက်ကလေးကို ဆရာတော် အလှူခံလိုက်၏။ ယင်းအကြောင်း အားလုံးကို ကပ္ပိယကြီးက ကျောင်းအမကြီး နန်းမတော်မယ်နု (AD ၁၇၈၄-၁၈၄၀)ထံ သွားရောက် လျှောက်တင်လေရာ ကျောင်းအမကြီးနှင့်တကွ နန်းတွင်းသူ နန်းတွင်းသားတို့သည် မယ်တော်ကြီးအား ပေးကမ်းထောက်ပံ့ကြ၏။

ကျောင်းအမကြီးသည် မယ်တော်ကြီးကို နန်းတော်၌ ခေတ္တ ခဏ နေထိုင်စေ၍ အိမ်သစ်တစ်ဆောင် ထပ်မံ ဆောက်ပေး၏။ မယ်တော်ကြီးသည် ကျောင်းအမကြီး၏ အထောက်အပံ့ဖြင့် ဤအိမ်သစ်၌ နှစ်နှစ်အကြာ နေထိုင်ပြီး လူကြီးရောဂါဖြင့် အနိစ္စ ရောက်၏။

## မယ်တော်ကြီးဈာပန

မယ်တော်ကြီး အနိစ္စရောက်ကြောင်း ဆရာတော်ကို လျှောက်ထားရာ-

*“သေရင် သင်္ဂြိုဟ်လိုက်တာပ”* ဟု အမိန့်ရှိလိုက်၏။

ကျောင်းအမကြီးသည် မယ်တော်အလောင်းကို ခမ်းနား ကြီးကျယ်စွာ သင်္ဂြိုဟ်ခြင်းအမှု ပြုလုပ်စေ၏။ သင်္ဂြိုဟ်မည့်နေ့၌ ဈာပနအခမ်းအနားကို သားတော်၏အုတ်ကျောင်းအနီး ရောက်သည့် အခါ ခေတ္တ ရပ်ထားစေ၏။ သည်လိုရပ်စေခြင်းမှာ မယ်တော်၏ဈာပန ရုပ်ကလာပ်ကို သားတော် ဆရာတော်ဦးဗုဓ် ကြည့်ရှုလိုက ကြည့်ရှု နိုင်ရန်ပင် ဖြစ်၏။ ဆရာတော်ကား ခါတိုင်းကဲ့သို့ပင် စာကြည့် မပျက်ပေ။ ထို့ကြောင့် တိုက်အုပ်၊ တိုက်ကြပ်များက ဆရာတော်ကို -

*“မယ်တော်ဈာပန ကျောင်းနားရောက်သဖြင့် ခေတ္တ ရပ်နား ထားပါသည်၊ ရှုကြည့်လိုက ရှုကြည့်ပါရန်”*ဟူ၍ လျှောက်ထားလျှင် ဆရာတော်သည် ကြည့်နေဆဲပေချပ်ကို လက်ကကိုင်၍ အနားရှိ ပြတင်းပေါက်သို့ မတ်တတ်ရပ်ကာ -

*“ဒကာမကြီးတို့က တို့အရင်ကျသကိုး၊ သွားနှင့်ပေဦးတော့”* ဟူ၍ ပြောပြီး ပြန်ထိုင်လျက် စာကို ဆက်ကြည့်နေသည် ဟူလို။

**ကျမ်းညွှန်း**

* ညီမြ၏ ကုန်းဘောင်ရှာပုံတော် ၁၉၉၇ ခုနှစ်၊ တတိယအကြိမ် (နှာ-၂၈၄)

# ၁၉။ မန္တလေးမြို့ အဘယာရာမဆရာတော်ကြီး၏ ဆရာ၊ ဒကာဆက်ဆံရေး

မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်အတွင်း သုဝဏ္ဏဝတီ တိုက်ကျောင်းတွင် ရွှေကျင်နိကာယဓမ္မသေနာပတိ အဘယာရာမ ဆရာတော် လျှောင်းလျှာ စာချဘုန်းကြီး အရှင်အဂ္ဂဓမ္မ (AD ၁၈၇၈-၁၉၄၃) သီတင်း သုံးလျက်ရှိရာ၊ ထိုသုဝဏ္ဏဝတီကျောင်း ဒကာဦးလှဖေ၊ ကျောင်းအမ ဒေါ်ကြင်တို့ ဇနီးမောင်နှံသည် ဆရာဒကာ ရင်းနှီးမှု ခိုင်မြဲစေရန်နှင့် အဆုံးအမခံယူရန် ရောက်ရှိလာကြသည်။

ဘုန်းတော်ကြီး အရှင်အဂ္ဂဓမ္မသည် စာကြည့်နေခိုက်ဖြစ်၍ မိမိအား ဝတ်ချလာသော ကျောင်းဒကာ ဇနီးမောင်နှံဝတ်ချပြီး အတန်ကြာမှ စာအုပ်ကို ဖယ်၍ လှမ်းကြည့်ပြီး -

*"အင်း-ရောက်လာကြသကိုး"*ဟု ပဋိသန္ထာရစကား မိန့်ကြားတော်မူပါသည်။ ကျောင်းဒကာ ဇနီးမောင်နှံက ဝမ်းသာလှိုက်လှဲစွာဖြင့်-

*"တင်ပ့ါဘုရား"*ဟု စကားတုံ့ပြန် လျှောက်ထားပြီး -

*"ဆရာတော် နေကောင်းပါရဲ့လားဘုရား"*ထပ်ဆင့် မေးလျှောက်ကြရာတွင် -

*"အင်း-နေကောင်းပါရဲ့"* ဟု ဖြေတော်မူပြီး ကြည့်လက်စ စာအုပ်ကို ဆက်၍ကြည့်နေ၏။

အတန်ကြာသော် ကျောင်းဒကာမက အရဲစွန့်၍ -

*"ဘုန်းကြီးဘုရား၊ တပည့်တော်မတို့အား ရှစ်ပါးသီလ ချီးမြှင့်ပါဦးဘုရား"*ဟု လျှောက်ထားသောအခါ-



ကျေးဇူးရှင် အဘယာရာမဆရာတော်ဘုရားကြီး

(မြန်မာ ၁၂၄၁ - ၁၃၀၅) (ခရစ် ၁၈၇၈ - ၁၉၄၃)

*“အောက်ထပ်မှာ ပဏ္ဍိတ်တို့အရှိသွားပဲ၊ သူတို့ဆီသွားပြီး သီလယူကြပေါ့”*ဟု နောက်ဆုံးပိတ် မိန့်ကြားလိုက်လေရာ ကျောင်းဒကာဇနီးမောင်နှံမှာ လက်အုပ်ချီဝတ်ချပြီး သူတို့၏ဆရာတော်ကလေးထံမှ ဖဲခွာ ခဲ့ကြရလေသည်။

## ၂၀။ တည်ခန့်မှန်မှန် ဆက်ဆံတော်မူသည်

စံဝတီဆရာတော် ဘဒ္ဒန္တသုဇာတာလင်္ကာရ (AD ၁၉၀၇-၁၉၈၄) သည် ဒါယကာ၊ ဒါယိကာမတို့နှင့် ဆက်ဆံရာ၌ တည်တည်တံ့တံ့ ခန့်ခန့်မှန်မှန်သာ ဆက်ဆံတော်မူလေ့ရှိပြီး ရောရော နှောနှောဖြင့် အကျွမ်းတဝင် နေတော်မမူပေ။ ဒါယကာ၊ ဒါယိကာမများအား ကြည်ညိုအောင်လည်း မကြိုးစား၊ မြှောက်ပင့်၍လည်း မပြောတတ်။ ကျေးမွေးညှော့ခံခြင်း လောကွတ်မရှိ၊ နေနိုင်လွန်းလှ၏။ ဆရာတော်ဘုရား၏ သဘောကိုမသိက ဟန်ကြီးသည်၊ မာနကြီးသည်ဟု ထင်မှတ်ဖွယ် ဖြစ်သည်။ ထိုသို့ကား မဟုတ်ပေ။ ဘုရားဟော ဝိနည်းတော်အရ ကျင့်သုံးတော်မူနေခြင်း ဖြစ်ပါသည်။

ဆရာတော်ကြီးသည် စကားနည်း၏။ တောင်စဉ်ရေမရ, ပေါက်ကရ ပြောလေ့မရှိ။ စကားကို ပြောသင့်မှ ပြောသည်။ ပြောပြီးသော စကားကိုလည်း တန်ဖိုးထားသည်။ ကတိတည်မှုကို

---

**ကျမ်းညွှန်း**

* ဦးအောင်မွန် (မြတ်ဆုမွန်)၏ ကျောင်းကန်အနီးမှ အဖိုးတန်ပုံဝတ္ထုများ (နှာ-၁၈၃)

* အဘယာရာမဆရာတော်ထေရုပ္ပတ္တိ (နှာ-၅၁)

အထူး ဂရုပြုတော်မူပေ၏။ ပေါ့ပေါ့ဆဆနှင့် ကတိတလုံးကို သုံးလေ့မရှိပေ။ ပိုင်လောက်၊ နိုင်လောက်မှသာ ပေးတော်မူ၍ ပေးပြီးသော ကတိစကားကိုလည်း ဘယ်အခါမှ မပျက်စေရ။ အသက်ပင်သေသေ ဟူသော စိတ်ထားမျိုးဖြင့် မိမိ၏ ကတိစကားကို စောင့်ရှောက်တော်မူလေ့ ရှိသည်။

ဆရာတော်ဘုရားသည် အသေးအမွှားလေးကအစ အဆင်ပြေ အချိုးကျအောင် ညွှန်ပြ ဆုံးမတတ်သည်။ စာရေးသားပုံ စာရွက်ခေါက်ပုံ, စာအိပ် လိပ်စာတပ်ပုံ, တံဆိပ်ခေါင်းကပ်ပုံများကို သင်ကြားပေးသည်၊ ရေးပြတော်မူသည်၊ လွဲလျှင် ပြင်ပေးသည်။

*“အတုဆိုတာ ယူတတ်ရတယ်၊ ဘာမဆို ကောင်းတာဆိုရင် နည်းယူမှတ်သားရတယ်၊ ဒါမှ လူရာဝင်မယ်၊ အသုံးကျမယ်”*ဟု တပည့်များကို မကြာခဏ ဆုံးမတော်မူလေ့ ရှိပါသည်။

---

**ကျမ်းညွှန်း** ✻ စံထေရ်မဟာထေရ်၏တသက်တာ ဘဝဖြစ်စဉ်လွှာ

# (ဃ) သီလသည်သာ မှီခိုရာ
# အားထားရာ၊ လဲလျောင်းရာ

# ၁။ သူတော်ကောင်းရဟန်း ပီသရန်

ရဟန်းဘ၀ဆိုသည်မှာ လူ၀တ်ကြောင်ဘ၀ဖြင့် များစွာ သာလွန်မြင့်မြတ်သောကြောင့် လူတိုင်း လူတိုင်း ရဟန်းမပြုနိုင်ကြပေ။ မြတ်စွာဘုရားရှင် ကိုယ်တော်တိုင်ပင် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ကျင့်စဉ် ကာလအတွင်း၌ ရဟန်းဘ၀ကို (၉)ကြိမ်သာ ရခဲ့ဖူးသည်။ မြင့်မြတ်သောဘ၀ဆိုသည်မှာ မြင့်မြတ်သောစိတ်ထား ရှိသူတို့နှင့်သာ ထိုက်တန်ကြကုန်၏။

ထို့ကြောင့် ရွှေဥမင်ဆရာတော်ကြီး (AD ၁၉၁၃-၂၀၀၂)က မိမိရရှိထားသည့် ရဟန်းဘ၀ကို သူတစ်ပါးကြည်ညိုရန်ထက် မိမိကိုယ်ကိုမိမိ ကြည်ညိုတတ်စေရန်၊ တန်ဖိုးထား တတ်စေရန်၊ မြတ်နိုးတတ်စေရန်အတွက် တပည့်ရဟန်းများအား အခါအားလျော်စွာ အဆုံးအမ ဩ၀ါဒစကားများ မိန့်ကြားတော်မူလေ့ ရှိပါသည်။ အောက်ဖော်ပြပါ အဆုံးအမဩ၀ါဒသည် ဆရာတော်ကြီး၏ လက်ရေးမူ ဖြစ်ပါသည်။

ရဟန်းဆိုသည်

ငြိမ်သက်အေးချမ်းစွာ နေလေ့ရှိကြသော
သူတော်ကောင်း ပုဂ္ဂိုလ်မျိုး ဖြစ်ကြတယ်၊

ရိုးသားစွာ နေတတ်ကြ ရမယ်၊

လျှော်ဆိုးလုပ်ရမည့် ပုဂ္ဂိုလ်မျိုး မဟုတ်ဘူး
ရိုးသားသော စိတ်ဓါတ်နေထား မွေး၍
အေးသ မာနကင်းသူကဲ့သို့
နေလေ့ရှိခြင်းကို ပျော်မွေ့တတ်ရမယ်၊

ရဟန်းကဝိ

ရိုးသားစွာ နေထိုင်တတ်ခြင်းထက်
ကောင်းသော အဆင့်တန်ဖိုးမျိုး
သူတော်ကောင်းတို့ အတွက် အခြားမရှိပါ၊

ရိုးရိုးကျင့်၊ မြင့်မြင့်ကြံ
မှန်မှန်လုပ် ကပ်ကပ်နေ
စေတနာကောင်းထား
ရဟန်းတရားနှင့်ပျော်
သူတော်ကောင်းတို့ ရိုးနည်းတည်း၊

ဤဩဝါဒ အတိုင်း နေသွားကြလျှင်
ဘဝတစ်လျှောက်လုံး
သူတော်ကောင်း ပီသပါတယ်၊



## ကျေးဇူးရှင် ဒသမရွှေကျင်သာသနာပိုင် မြောင်းမြဆရာတော်ဘုရားကြီး

(မြန်မာ ၁၂၅၀ - ၁၃၃၇) (ခရစ် ၁၈၈၉ - ၁၉၇၆)

"တပည့်တော်တို့ ရဟန်းတွေဆိုတာဟာ အနေရိုးသားရမယ်၊ အသိဉာဏ်ဘက်ကျတော့ ဆန်းကြယ်စေရမယ်၊ လူများနဲ့ ရောရောနှောနှောလည်း မနေရဘူး၊ ကင်းနိုင်သမျှ ကင်းအောင်နေရမယ်၊ ဒါပေမဲ့ သူတို့နဲ့ လုံးဝ မဆက်ဆံဘဲနေလို့လည်း မဖြစ်ဘူး၊ အသင့်အတင့် ပေါင်းသင်းဆက်ဆံမှုတော့ ရှိရမယ်၊ ပေါင်းသင်းဆက်ဆံတဲ့အခါမှာလည်း ပဲ ငါရဟန်းဆိုတဲ့ သမဏသညာကို ပျောက်မသွားစေရဘူး"

---

ကျမ်းညွှန်း

✵ အရှင်ကုမာရ၏ ဝိသုဒ္ဓါရုံ မြောင်းမြဆရာတော်နှင့် ဗုဒ္ဓမြတ်စွာသာသနာ၊ ၂၀၁၁၊ ဒီဇင်ဘာလ တတိယအကြိမ်။ (နှာ - ၃၂၄)

## ၂။ ရဟန်းဆိုတာ အနေရှိုးသားရမယ်၊ အသိဉာဏ် ဆန်းကြယ်ရမယ်

မြောင်းမြဆရာတော်ကြီး (AD ၁၈၈၈-၁၉၇၅)က ရုပ်ဆင်း အင်္ဂါကလည်း ဖြူဖြူစင်စင်၊ ပြည့်ပြည့်ဖြိုးဖြိုးနဲ့ တောင့်တောင့် တင်းတင်းကြီး ကြည့်ပုံရှုပုံကလည်း စူးစူးရှရှ ထက်ထက်မြက်မြက်၊ အသံတော်ကလည်း ထည်ထည်ဝါဝါ ရှိတဲ့အပြင် လေယူလေသိမ်းက ပြတ်သားပါဘိသနဲ့။

စာသင်တိုက်တစ်တိုက်ကို တည်ထောင်တဲ့အခါ ဆရာတော် ကိုင်စွဲတဲ့ဝါဒက နေနည်း ရှေးကျပြီး သင်နည်း ခေတ်မီရမယ်ဆိုတဲ့ ဝါဒဖြစ်ပါတယ်။

*"တပည့်တော်တို့ ရဟန်းတွေဆိုတာဟာ အနေရိုးသားရမယ်၊ အသိဉာဏ်ဘက်ကျတော့ ဆန်းကြယ် စေရမယ်၊ လူများနဲ့ ရောရော နှောနှောလည်း မနေရဘူး၊ ကင်းနိုင်သမျှ ကင်းအောင်နေရမယ်၊ ဒါပေမဲ့ သူတို့နဲ့ လုံးဝ မဆက်ဆံဘဲနေလို့လည်း မဖြစ်ဘူး၊ အသင့် အတင့် ပေါင်းသင်းဆက်ဆံမှုတော့ ရှိရမယ်၊ ပေါင်းသင်းဆက်ဆံတဲ့ အခါမှာလည်းပဲ ငါရဟန်းဆိုတဲ့ သမဏသညာကို ပျောက်မသွား စေရဘူး"*

စာသင်တိုက်မှာ စာသင်သားတွေ အနေအထိုင်နဲ့ ပတ်သက် လို့ ဝိနည်းတော်ကို အစွမ်းကုန် လေးစားလိုက်နာစေတော်မူပြီး ဆရာတော်ကိုယ်တိုင်က စံပြအဖြစ်နဲ့ နေထိုင်ပြသရုံမက ကြက် ကောင်း ကြိုးမကွာရစေသလို စာသင်သားတွေကို အမြဲ စောင့်ကြပ် ကြည့်ရှု ဆုံးမမှုအောက်မှာ ထားရှိတော်မူပါတယ်။

---

**ကျမ်းညွှန်း**

* အရှင်ကုမာရ၏ ဝိသုဒ္ဓါရုံမြောင်းမြဆရာတော်နှင့် ဗုဒ္ဓမြတ်စွာသာသနာ(၂၀၁၁-ခုနှစ်၊ တတိယအကြိမ်)(နှာ-၄၄၈)
* လူထုဒေါ်အမာ၏ သာသနာ့တန်ဆောင်ဆရာတော်ကြီးများ (နှာ- ၁၈ - ၂၀)

# ၃။ ဝိနည်းသည် သာသနာ့အသက်

ဝိနည်းသည် သာသနာ့အသက် ဖြစ်သကဲ့သို့ ရဟန်း သာမဏေ တို့၏ အသက်လည်း ဖြစ်ပါသည်။ အနည်းငယ် ရှင်းပြပါဦးမည်။ ရဟန်းဖြစ်ဖို့ သာမဏေဖြစ်ဖို့ ဝိနည်းစည်းကမ်းအတိုင်း ဆောင်ရွက် ရပါသည်။ ဝိနည်းတိုင်း မဆောင်ရွက်လျှင် ရဟန်းစစ်၊ သာမဏေစစ် မဖြစ်နိုင်ပါ။ ရဟန်းဖြစ်၊ သာမဏေ ဖြစ်ပြီးသည့်အခါလည်း ဝိနည်း တော်အတိုင်း လိုက်နာကျင့်သုံးရပါသည်။ ဝိနည်းအတိုင်း မလိုက်နာ မကျင့်သုံးလျှင် ရဟန်းကောင်း၊ သာမဏေကောင်း မဖြစ်နိုင်ပါ။ ရဟန်းကောင်း၊ သမဏေကောင်းမဖြစ်ပါဘဲ ရဟန်း၊ သာမဏေ ကောင်းတို့အတွက် ဘုရားရှင်ကလည်း ခွင့်ပြု၊ ဒကာ, ဒကာမများ ကလည်း လှူဒါန်းသည့် ပစ္စည်းလေးပါးကို သုံးဆောင်လျှင် ဣဏ ပရိဘောဂ (ကြွေးတင်သော သုံးဆောင်ခြင်း)၊ ထေယျပရိဘောဂ (ခိုးယူ၍ သုံးဆောင်ခြင်း) ဖြစ်သည်ဟု ကျမ်းဂန်တို့၌ ပြဆိုပါသည်။ ထိုသို့ ထေယျပရိဘောဂ၊ ဣဏပရိဘောဂ ဖြစ်နေလျှင် အလွန် အပြစ် ကြီးတတ်ပါသည်။

ဝိနည်းအတိုင်း မနေထိုင်သော ရဟန်း သာမဏေတို့သည် သာသနာ၏ အဆီအနှစ်ကို မရနိုင်ပါ။ သာသနာထဲ ရောက်ပါလျက် သာသနာ၏ အဆီအနှစ်ကို မယူနိုင်သောကြောင့် နစ်နာဆုံးရှုံးသူများဟု ဆိုရပါသည်။

ဒကာ ဒကာမများက ပစ္စည်းလေးပါးကို ထောက်ပံ့ လှူဒါန်း နေကြသည်မှာလည်း ဤဝိနည်းတော်ကြောင့် ဖြစ်ပါသည်။ ဝိနည်း

အတိုင်း နေကြသောကြောင့် ကြည်ညိုကြခြင်း ဖြစ်ပါသည်။ ကြည်ညို သောကြောင့် ပစ္စည်းလေးပါး လှူဒါန်း ထောက်ပံ့ကြပါသည်။ ပစ္စည်း လေးပါး မချို့တဲ့ပါမှ သာသနာ့အလုပ်ကို လုပ်နိုင်ပြီး သာသနာတော် ကြာရှည်လေးမြင့် တည်နိုင်ပါသည်ဟု ရွှေကျင်သာသနာပိုင် သက်တော်ရှည် ဝါဆိုဆရာတော်ကြီးက ဆိုဆုံးမတော်မူပါသည်။

## ၄။ အာပတ်သင့်တဲ့ရဟန်း အလဇ္ဇီ

ပြည်မြို့ ကန်တွင်းဆုတောင်းပြည့်တိုက်အတွင်းနေ ပဥ္စင်းပျို တစ်ပါးသည် ကိုရင်ကျောင်းသားများ မအားမလပ်သည်နှင့် ကိုယ်တိုင် ပေါင်းမြက်သုတ်သင်နေသည်ကို မူလဗ္ဗါရမဟာနိကာယ သတ္တမမြောက် သာသနာပိုင် ကန်တွင်းဆုတောင်းပြည့်ဆရာတော်ကြီး တွေ့တော်မူ သွား၏။

စာဝါချိန်သို့ရောက်သောအခါ ဆရာတော်ကြီးက- *'တပည့်တို့ ရဟန်းဟူသည် သက်န်းဝတ်တတ် ရုံတတ်ကာမျှဖြင့် ဖြစ်သလော'* ဟု မေးတော်မူပြီး ဆက်၍- *'အေး-သင်္ကန်းဝတ်တတ် ရုံတတ်ကာမျှဖြင့် ရဟန်းမဖြစ်ဘူးကွယ့်၊ နစီဝရစာရဏေန သမဏော-ပေ့ါကွယ်။ ရဟန်း အဖြစ်က ရဟန်းသီလသိက္ခာ လုံခြုံမှုကွယ့်၊ ဧကန္တေန သီလစာရဏေန သမဏော-ပေ့ါကွယ်'* ဟု မိန့်တော်မူ၏။

---

**ကျမ်းညွှန်း**

* အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက စုဒ္ဒသမရွှေကျင်သာသနာပိုင် သက်တော်ရှည် ဇယမေဒနီ ဝါဆိုဆရာတော်ကြီး ရေးသားပြုစုသော ဓမ္မရတနာ မြတ်ကျမ်းစာ (၂၀၁၆)ခုနှစ်

ပြီးမှတဖန် *'ပေါင်းမြက်သုတ်သင်တာဟာ ဘာအာပတ်လဲကွယ့်'* ဟုမေးတော်မူ၏။ *'ပါစိတ်အာပတ် ဖြစ်ကြောင်း'* လျှောက်ထားကြရ၏။ *'၎င်းအာပတ်သင့်တဲ့ရဟန်းကို ဘာခေါ်သလဲ'*ဟု မေးမြန်းပြန်ရာ 'အလဇ္ဇီ ခေါ်ပါသည်ဘုရား' ဟု လျှောက်ထားကြ၏။ *'၎င်းအလဇ္ဇီတစ်ပါးက အလဇ္ဇီတစ်ရာ, တစ်ထောင် ပွားတယ်ဆိုတာ ဘာကိုဆိုလိုတာလဲ'* ဟု မေးတော်မူပြန်ရာ မဖြေတတ်ဘဲရှိနေသဖြင့် *'ထိုအလဇ္ဇီ ပုဂ္ဂိုလ်သည် သူနှင့်ပေါင်းနေတဲ့ ရဟန်းများကိုပါ ကူးစက်စေတတ်ကြောင်းကို ဆိုတာကွယ့်'*ဟု မိန့်ပြီး *'ကိုယ့်တစ်ယောက်အတွက် အများအကျိုး ယုတ်အောင် မလုပ်သင့်ကြောင်း၊ ယခုတစ်ခါတော့ ဓမ္မဝိဋ္ဌာန်ဟော့၊ နောက်တစ်ခါ ဆိုလျှင်တော့ ပုဂ္ဂလဝိဋ္ဌာန် ဆုံးမရလိမ့်မယ်'* ဟု မိန့်ကြားတော်မူပါသည်။

## ၅။ ဆွမ်း သင်္ကန်း ကျောင်း ဆေး အရာမခဲ့ချင်ကြပါနဲ့

လဇ္ဇီဆိုတာ ရှက်တဲ့ပုဂ္ဂိုလ်ကို ခေါ်တယ်၊ အာပတ်သင့်မှာ ရှက်တဲ့အတွက် အာပတ်မသင့်အောင် နေတယ်၊ မတော်တဆ သင့်ပြီးတဲ့အာပတ်ကိုလည်း ကုစားတယ်၊ ဆန္ဒ - ဒေါသ - ဘယ - မောဟ ခေါ်တဲ့ အဂတိတရားလေးပါး မလားရောက်ရဘူး၊ အဲဒီ ပုဂ္ဂိုလ်မျိုးကို လဇ္ဇီလို့ ခေါ်တယ်၊ ငါ့ရှင်တို့ လဇ္ဇီဖြစ်အောင် နေကြပါ၊ သာသနာဟာ မိမိအတွက် မဟုတ်ဘဲ မိမိသည်သာ သာသနာတော်

---

**ကျမ်းညွှန်း** ✳ ဦးအောင်မွန် (မြတ်ဆုမွန်)၏ ကျောင်းကန်အနီးမှ အဖိုးတန်ပုံဝတ္ထုများ (နှာ-၄၁)
✳ ဘဒ္ဒန္တဉာဏာဓာရ၏ ကန်တွင်းမဟာထေရုပ္ပတ္တိကျမ်း(နှာ-၉၈)

အတွက်ဖြစ်အောင် သာသနာတော်ကြီး တိုးတက်ကြီးပွားအောင် ဆောင်ရွက်နိုင်တဲ့ လဇ္ဇီပုဂ္ဂိုလ်ဖြစ်အောင် ကြိုးစားကြပါ၊ လဇ္ဇီပုဂ္ဂိုလ်က သာလျှင် သာသနာတော်ကို စည်ပင်တိုးတက်အောင် စောင့်ရှောက်နိုင်မှာဖြစ်တယ်။

## သာမဏေတွေကို စောင့်ရှောက်ကြပါ

စာချဘုန်းကြီးတွေကို ပြောချင်တာ တစ်ခုရှိတယ်။ မိမိထံမှောက် အပ်နှံရောက်ရှိလာတဲ့ သာမဏေငယ်တွေကို ပျော်မွေ့အောင် သာသနာ့ဘောင်နေချင်အောင် စောင့်ရှောက် မွေးမြူကြရမယ်။ သာမဏေများဟာ သာသနာ့မျိုးစေ့များ ဖြစ်တယ်။ အရှင်နာဂသိန်လောင်းလျာ သာမဏေလေးကို ဥပဇ္ဈာယ်ဖြစ်တဲ့ အရှင်ရောဟဏမထေရ်ဟာ ဘယ်လောက်အပင်ပန်းခံ စောင့်ရှောက်ခဲ့ရပုံ၊ သာသနာ့ဘောင်ရောက်အောင် သိမ်းသွင်းခဲ့ရပုံ၊ အရှင်မဟာမောဂ္ဂလိပုတ္တတိဿလောင်းလျာ သာမဏေကို ဥပဇ္ဈာယ်ဆရာတော် အရှင်သိဂ္ဂဝမထေရ်မြတ် မည်မျှလောက် စောင့်ရှောက်ခဲ့ရပုံ၊ သာသနာ့ဘောင်ရောက်အောင် ကြိုးစားခဲ့ရပုံတို့ကို စဉ်းစားကြည့်ကြပါ။ အဲဒီ အရှင်ရောဟဏမထေရ်၊ အရှင်သိဂ္ဂဝမထေရ်တို့ထုံးကို နှလုံးမူပြီး သာသနာ့ဘောင် မရောက်သေးတဲ့ အမျိုးကောင်းသားကလေးတွေကို သာသနာ့ဘောင်ရောက်အောင် သာသနာ့ဘောင်ရောက်ပြီးတဲ့ သာမဏေလေးတွေကို ပျော်ပိုက်အောင် စောင့်ရှောက်ကြပါ၊ စာပေမပြတ် ကြိုးစားပို့ချပေးကြပါ။

## အိုးကွဲကို ရေမလောင်းချင်ကြနဲ့

စာချဘုန်းကြီးများ စာကို တွင်တွင်ပို့ချကြပါ။ စာချတဲ့အခါ ပါဠိတော်တွေ အဋ္ဌကထာတွေ မြန်မြန်ပေါက်အောင် တစ်ခေါက်ပြီး တစ်ခေါက် ဆက်ပို့ချကြပါ။ တတ်နိုင်လျှင် ဋီကာရှိတဲ့ကျမ်းတွေကို ဋီကာပါ တွဲပြီး ပို့ချကြပါ။ ခက်တယ်ထင်တဲ့ နေရာလောက်သာ အဓိပ္ပာယ်ပြောပြီး တွင်တွင်ပေါက်အောင် ပို့ချပေးကြပါ။

ပါဠိတော်တွေကို ပို့ချရတာ ဘုရားနဲ့ အမြဲတွေ့နေရတာနဲ့ တူတယ်။ စာသင်သားတွေကလည်း စာပေ ကြိုးစားသင်ယူကြ၊ ဆရာချတဲ့အတိုင်း မှတ်သားနာယူကြ၊ ပို့ချတဲ့အတိုင်း အနက်ကို နာနာလှည့်ကြ။ အရဆောင်သင့်တဲ့ ဂါထာတွေ၊ ဝါကျတွေ၊ စကားလုံးတွေကို အရဆောင်ကြ။ စာချဘုန်းကြီးတွေကလည်း စာဝါဖျက်ပြီး သာရေးနာရေး မလိုက်ချင်ကြနဲ့၊ တရားမဟောချင်ကြနဲ့။ လူတွေကို တရားဟောတာဟာ အိုးကွဲကို ရေလောင်းတာပဲ။ အိုးကွဲကို ရေ မလောင်းချင်ကြနဲ့၊ ဘာမှ အကျိုးမရှိဘူး။

## ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး အရာမှာ မခဲ့ချင်ကြပါနဲ့

ငါ့ရှင်တို့ ဖြစ်သလို စားကြ၊ အစားကို မခဲ့ချင်ကြပါနဲ့။ ဆွမ်းစားပြီး လက်ဖက်ရည် မသောက်ကြနဲ့။ အစားအသောက်ဟာ ခဲ့လို့ မဆုံးနိုင်ဘူး။ တို့တစ်တွေ မန္တလေးရွှေမြို့တော် အရှေ့ပြင် တိုက်တော်မှာ စာသင်သားအဖြစ်နဲ့ နေခဲ့စဉ်က ဆွမ်းခံသွားတာ တစ်ခါတစ်ခါ ဟင်းလျာမရဘူး။ အဲဒီတုန်းကဆို တစ်ချို့ရက်တွေမှာ

ဆွမ်းကို ရေနဲ့ မျိုချရတယ်။ တစ်ခါတလေ ဈေးထဲ သွားရပ်တော့ ချဉ်ပေါင်ရွက်စည်းကလေးများ ရတတ်တယ်။ အဲဒီချဉ်ပေါင်ရွက်ရည် ကလေးကို ညှစ်ပြီး စားခဲ့ရသည်လည်း ရှိတာပဲ။

အခုနေအခါ အဲဒီလောက် မရှားပါဘူး။ စာသာ ကြိုးစား ပို့ချကြပါ။ ကြိုးစားသင်ယူကြပါ။ ဘုန်းကြီးများမှာ စာတတ်ချင်ပါ လျက်နဲ့ အစားအသောက်ဖျက်လို့ စာမတတ်ဘဲ ဖြစ်နေကြတာ။

ရဟန်းသာမဏေ သာသနာ့ဝန်ထမ်းများဟာ ရောင့်ရဲ တင်းတိမ်ဖို့ လိုပါတယ်။ သင်္ကန်းဆိုလျှင် ပိတ်သင်္ကန်းဖြစ်ဖြစ်၊ ဖျင်သင်္ကန်းဖြစ်ဖြစ် လုံရင်ပြီးတာပဲလို့ သဘောထားပြီး ရှိသမျှသင်္ကန်းနဲ့ ရောင့်ရဲပါ။ သင်္ကန်းအတွက် ကြောင့်ကြစိုက်မနေကြပါနဲ့။ ဆွမ်း အတွက်ဆိုလည်း မကောင်းကောင်းကြောင်း ရှာဖွေ စားသောက် မနေကြပါနဲ့။ ကျောင်းဆိုလည်း သစ်သားကျောင်းကနေ တိုက်ကျောင်း မှလို့ လုပ်မနေကြပါနဲ့။ ရှိပြီးသားကျောင်းပေါ် နေလိုက်ကြပေါ့။ ဆေးပစ္စည်းဆိုလည်း ရှိတာစားပေါ့။ မရှိရင် ဘုရားပေးထားတဲ့ နွားကျင်ငယ်ပုပ်နဲ့ ဖန်ခါးသီးကို စိမ်ပြီး မှီဝဲကြပေါ့။ ဝိနည်းသိက္ခာပုဒ် တွေကို ရိုရိုသေသေနဲ့ စာကြိုးစားသင်၊ စာကြိုးစားချကြ။ အဲဒီလို ရောင့်ရဲနိုင်မှ ချမ်းသာမှာပါ။ အဲဒီတော့ ချမ်းသာအောင်နေကြ။

ရေစကြိုဆရာတော်ဘုရားကြီး (AD ၁၈၃၂-၁၉၁၄)သည် ဤကဲ့သို့သော ဩဝါဒကထာများကို မကြာမကြာ မြွက်ကြား ချီးမြှင့်တော်မူလေ့ ရှိပါသည်။

---

**ကျမ်းညွှန်း**

* ဆုပြည့်စုံထွန်းအယ်ဒီတာအဖွဲ့၏ ရေစကြိုဆရာတော်ဘုရားကြီး

## ၆။ နတ်ကသာ ရှင်ရဟန်းကို အရိုအသေပြုသင့်တယ်၊ နတ်ကို ရှင်ရဟန်းက အရိုအသေမပြုကောင်းဘူး

မဟာစည် သာသနာ့ရိပ်သာအသစ်တစ်ခု ဖွင့်ရာတွင် နတ်ကန်တော့ပွဲတင်ကြောင်း သတင်းစကားသည် မဟာစည်ဆရာတော်ကြီး (AD ၁၉၀၄-၁၉၈၂)၏ ထံတော်သို့ ရောက်ရှိလာလေသည်။

ဆရာတော်ကြီးက အခမ်းအနားကြီးတစ်ခုတွင် သြဝါဒကထာ မိန့်ကြားတော်မူရာ၌ -

*"ဘုရားသာသနာတော်က ဘုရားနည်းကို ဟောပြောနေရာမှာလဲ ထွက်ရပ်ဂိုဏ်းယောင်ယောင်၊ နတ်ဂိုဏ်းယောင်ယောင် အသွင်ဆောင်နေရင် မသင့်တော်ဘူး။ မကြာမီကမှ ဖွင့်သစ်စဖြစ်တဲ့ ဌာနတစ်ခုမှာ နတ်ကန်တော့ပွဲ တင်ထားတာကို တွေ့ခဲ့ရကြောင်း ယုံကြည်လောက်တဲ့ ပုဂ္ဂိုလ်ထံမှ ကြားသိရတယ်။ ရဟန်းက နတ်ကို အရိုအသေပြုတယ်ဆိုတာ သင့်တော်ပါ့မလား။ ဘုရားတပည့်တော်ကတော့ ရှင်သာမဏေဘဝ၊ ရဟန်းငယ်ဘဝကတည်းက နတ်ကို ရှင်ရဟန်းက အရိုအသေမပြုကောင်းဘူး၊ နတ်ကသာ ရှင်ရဟန်းကို အရိုအသေပြုသင့်တယ်လို့ အသိအမှတ် ပြုလာခဲ့ပါတယ်။ ရဟန်းက နတ်ကို အရိုအသေပြုတယ်၊ ကန်တော့ပွဲဖြင့် ပူဇော်တယ်ဆိုတာကတော့ အလွန်မသင့်မတော်တဲ့ အမှုပါပဲ။ လူဒကာ၊ ဒကာမတွေရဲ့ အလိုသို့ လိုက်ပြီး ကန်တော့ပွဲတင်ထားတာကို လက်ခံထားတာများ ဖြစ်လေမလားတော့ မပြောတတ်ပါဘူး။ ဘုရားတပည့်တော် အမြင်အား ဖြင့်တော့ အဲဒီလို လူဒကာ၊ ဒကာမတွေကလာပြီး ကျောင်းမှာ တင်ထားတာကိုလဲ လက်မခံသင့်ဘူးပဲ မြင်ပါတယ်၊ ဖြစ်နိုင်လို့ရှိရင်*

*အိမ်မှာ ကန်တော့ပွဲ တင်ထားတာကိုတောင် တားမြစ်သင့်တယ်လို့ပဲ မြင်ပါတယ်”*ဟူ၍ မိန့်ကြားတော်မူခဲ့ပါသည်။

## ၇။ ဒွါရသာသနာပိုင် အုတ်ဖို့ရ်ဆရာတော်ကြီးကပင် သီလအရာ ဦးညွှတ်ချီးမွမ်းတော်မူသည့် ပုသိမ်မြို့ မိဂဒါရုံဆရာတော်

မိဂဒါရုံဆရာတော် ဦးသုမနစာရ (AD ၁၈၃၂-၁၉၂၁)သည် ဗြာဟ္မာဏ မဟာသာလပုဏ္ဏား အမျိုး ဖြစ်တော်မူပြီး ဝိနယဂရုက၊ သံသာရဘီရုက၊ လဇ္ဇီပေသလ၊ သိက္ခာကာမနှင့် လွန်စွာ ပြည့်စုံတော်မူသည့်ပြင် အလွန်တရာမှလည်း သိမ်မွေ့ ကျစ်လစ်တော်မူသည်။

ဘယ်အချိန်အခါမျိုးမဆို မိမိ၏ ကိုယ်အသားအရေကို ကောင်းစွာ ညီညွတ်စွာ ဖုံးဖိ၍ သုပ္ပဋိစ္ဆန္န သိက္ခာပုဒ်နှင့်အညီ နေတော်မူသောကြောင့် အပြင်လူများကို မဆိုထားဘိ၊ အတွင်းနေတပည့် ရဟန်းသာမဏေများပင် ကျော၊ ရင်တို့ကို တွေ့မြင်ရဖူးသည် မရှိပေ။

အခါတပါး ဆရာတော်ဘုရားကြီး ကျောကုန်း၌ အနာဖုကြီး တလုံးပေါက်လာ၍ မသက်မသာ ဖြစ်နေတော်မူရာ ဒါယကာ ဒါယိကာမများက ဆေးများ လာရောက်လျှူဒါန်း၍ ကုသပေးနိုင်သော ဆရာများ ခေါ်ကြငြားသော်လည်း ဆရာတော်ဘုရားကြီးက မိမိ သက်န်းကို လှစ်ခါ၍ ကျောပြင်ကို မပြ၊ အကုအသမခံ၍ ဆေးများကိုသာ လျှူဒါန်းကာ ပြန်ကြရလေသည်။

---

**ကျမ်းညွှန်း**

* ဦးအောင်မွန် (မြတ်ဆုမွန်)၏ ကျောင်းကန်အနီးမှ အဖိုးတန်ပုံဝတ္ထုများ (နှာ-၁၆၅)

* မဟာစည်ဝိနယဝိနိစ္ဆယသင်္ဂဟ (နှာ-၂၁၉)

အလွန်အခံခက်အောင် မသက်မသာသောအခါမှသာ ဆရာတော်ဘုရားကြီးသည် မိမိ၏ အနီးအပါးတွင် အမြဲနေသောမောင်လွန်းခေါ် ကျောင်းသားအား ရေနွေးအကျိုခိုင်းကာ ကိုယ်တော်တိုင်သိရှိ၍ အပ်စပ်သော ဆေးများဖြင့် ကျပ်ထုပ်ပြုလုပ်နေပြီး ထိုရေနွေးအိုးပေါ်မှာပင် တင်ထားစေ၏။ ထိုအခါ မောင်လွန်းက သူတကာ မမြင်ရဘူးသော ဆရာတော်ဘုရားကြီး၏ ကျောပြင်အသားများကို ငါကိုယ်တိုင် မြင်တွေ့ရတော့မယ်၊ ငါကိုယ်တိုင် ကျပ်ထုပ်ထိုးပေးရတော့မယ် ဟူသောအတွေးဖြင့် များစွာ ဝမ်းမြောက် ဝမ်းသာဖြစ်နေပြီး. . .

*"ရေနွေးအိုးဆူပါပြီ ဘုရား"* ဟု လျှောက်ထားလေသည်။

*"ရေချိုးခန်းထဲမှာ သွားထားလိုက်"* ဟု အမိန့်ပေးသဖြင့် -

*"သွားထားပါပြီ ဘုရား"* ဟု လျှောက်ထားပါသည်။

ဆရာတော်ဘုရာကြီးသည် ရေချိုးခန်းထဲသို့ ဝင်ရောက်ကာ တံခါးပိတ်ထားလိုက်သဖြင့် ဘယ်လိုများ လုပ်မယ်လို့လဲဟု သိချင်၍ အပေါက်လေးတခုမှ ချောင်းမြောင်းကြည့်ရှုလေ၏။ အခန်းတွင်း၌ ဆရာတော် ဘုရားကြီးသည် မိမိ၏ ကျောပြင်က အနာပေါ်လာရုံမျှ သင်္ကန်းတော်ကို လှစ်ခွာပြီး ကျပ်ထုပ်ကလေးကို ကိုယ်တိုင်ယူကာ အနာပေါ်၌ ထိုးနေသည်ကို မြင်တွေ့လေသည်။

## သင်္ကန်းရုံကာ အိပ်ယာဝင်တော်မူသည်

ညဉ့်အခါ အိပ်ယာသို့ ဝင်တော်မူရာ၌ပင် သင်္ကန်းတော်များကို အဝန်းညီစွာ ဝတ်ရုံကာ တင်လျှမ်းတော် မူပြီးလျှင် ဒုကုဋ်သင်္ကန်းကို

လကျာ်ပခုံးတော်အထက်၌ တင်ထား၍ လကျာ်နံပါးဖြင့် စောင်းတော်မူကာ လကျာ်ခြေပေါ်တွင် လက်ဝဲခြေတော်ကို တင်ထားလျက် ခြသေ့်မင်းများကဲ့သို့ သတိသမ္ပဇဉ်နှင့်သာ ကျိန်းစက်တော်မူလေသည်။ အိပ်ယာမှ နိုးတော်မူသော အခါမှလည်း မိမိ၏ ကိုယ်နေကိုယ်ထား လက်ခြေအနေအထားများ နဂိုရ်က ထားမြဲအတိုင်း ရှိ၊ မရှိကို သတိဖြင့်ကြည့်ပြီးမှ အိပ်စက်ရာမှ ထတော်မူ၏။

## သတိပဋ္ဌာန်လက်မလွှတ်

ဆရာတော်ဘုရားကြီးသည် သွားခြင်း၊ ရပ်ခြင်း၊ ထိုင်ခြင်း၊ လျောင်းခြင်း ဣရိယာပုတ် လေးပါးတို့အတွင်း ဖြစ်ပေါ်လာသော မြင်မှု၊ ကြားမှု၊ နံမှု၊ စားမှု၊ တွေ့ထိမှု၊ စိတ်ကူးကြံစည်မှုများကို အမြဲတမ်း အသိတရားနှင့် သမ္ပဇဉ်ဉာဏ်ယှဉ်လျက်သာ ပြုတော်မူလေ့ရှိ၏။ သတိပဋ္ဌာန်တရားအတိုင်းပင် မြင်မှုဆိုရာ၌ ဆရာတော်ဘုရားကြီးသည် အမြဲတမ်းမျက်လွှာချ၍ လေးတောင်ခန့်မျှအတွင်းသာ သတိနှင့် ကြည့်ရှုတော် မူလေ့ရှိသည်။ အသံကြားမှု၌လည်း ဆရာတော်ဘုရားကြီးသည် သာသနာတော်၏ ဆူးငြောင့်တံကျင် သဖွယ်ဖြစ်သော ဂီတသံများကို ဘယ်အခါမျှ မကြားလိုပေ၊ မိမိအရာမ်အတွင်း၌ တူရိယာ ဂီတသံများကို တားမြစ်တော်မူ၏။ အကယ်၍ ကြားရသော်လည်း အခြားအသံများကို ဂရုမပြု၊ သတိပဋ္ဌာန်တရားအတိုင်း ကြားခါမျှ သတိတရားလက်ကိုင်ထား သီတင်းသုံးတော်မူ၏။ သက်တော် (၈၀) ကျော်သောအခါ အခါ၌မူ သောတာပသာဒ ချွတ်ယွင်းကာ နားကြား

တော်မူခြင်းမရှိသဖြင့် ရဟန်းတော်များက အကြောင်းကြီးငယ် ကိစ္စများကို စာဖြင့်ရေးသားကာ လျှောက်ထားရလေသည်။

ဆရာတော်ဘုရားကြီးသည် ဆွမ်း ခဲဘွယ် ဘောဇဉ်များကို တပည့်ရဟန်းများက ပြင်ဆင်ပြီးစီးကြောင်း လျှောက်ထားသောအခါမှ ထုံးစံအတိုင်း ကိုယ်ဝတ်သင်္ကန်းများကို သပ္ပါယ်စွာ ဝတ်ရုံ ဆင်မြန်းပြီးလျှင် ဒုကုဋ်သင်္ကန်းကို လကျာ်ပခုံးပေါ်၌ ခေါက်လျက်တင်ကာ အခန်းတွင်းမှ သတိသမ္ပဇဉ်ဖြင့် တလှမ်းခြင်း ထွက်ကြွတော်မူလာ၏။ နေရာတွင်ထိုင်ခြင်း၊ သိခြင်းတို့ကို သတိတရားဖြင့် ပြုတော်မူကာ လက်တော်ကိုကြွခြင်း၊

ဘယ်အခါမဆို ဘယ်လိုဒါယကာ ဒါယိကာမတို့ကိုဖြစ်စေ မျက်လွှာမ၍ ဘယ်အခါမျှ ကြည့်လည်း မကြည့်၊ စကားလည်းမပြော၊ ပရိသတ်တို့၏ ဖူးမျှော်ခံရန်အခန်းတွင်းမှ ထွက်ကြွတော်မူလာသောအခါ ပရိသတ်ရှေ့မှာ ခင်းထားသော နေရာတွင် အခင်းလေးပေါ်၌ ကျုံ့ကျုံ့ကလေးမျှသာ သတိနှင့်ထိုင်နေတော် မူပြီးလျှင် မည်သူ့ကိုမျှမကြည့်ဘဲ စက္ခုန္ဒြေချထားကာ မိမိ၏ သတိသမ္ပဇဉ် တရားနှင့်သာ နေတော်မူ၏။ အကျင့်သီလ အာစာရတို့နှင့် ပြည့်စုံတော်မူသည့်အတွက် ရှေးဦးပထမ ဒွါရသာသနာပိုင် အုတ်ဖိုဆရာတော် ဘုရားကြီး ကိုယ်တော်တိုင်ကပင် ပရိသတ်အလယ်၌ -

*"အိမ်း ငါကတော့ ပညာသာပါတယ်၊ သို့ရာတွင် အကျင့်သီလကို လိုက်နာကျင့်ကြံတဲ့ နေရာမှာမိဂဒါရုံ ဆရာတော်၏ အကျင့်သီလကို ငါကိုယ်တိုင်ကပင် ဦးညွှတ်ချီးကျူးရပါတယ်"* ဟု ရဲရဲတောက်မိန့်ကြား၍ ချီးမွမ်းတော်မူ၏။

## လာဘ်လာဘ သံဃိက

ထိုစဉ်အခါက ပစ္စည်းလေးပါး လာဘ်လာဘအလွန် ပေါများသော ဆရာတော်ကြီးတစ်ပါး ဖြစ်ရကား မိမိရသမျှသော လာဘ်လာဘတို့ကို သံဃာတော်အားသာ စွန့်လျှုထားတော်မူလေသည်။ ဆရာတော်ဘုရားကြီးသည် သာသနာတော်ကြီးကို မိမိကိုယ်တိုင် ကြည်ညိုလေးစားသော သဒ္ဓါတရားနှင့် ပြည့်စုံ တော်မူသည့်ပြင် တပည့်ရဟန်းသံဃာများနှင့် ဒါယကာ ဒါယိကာမများတို့အားလည်း သာသနာတော်ကြီးကို ယုံကြည်လေးစား သဒ္ဓါစိတ်တွေ ပွားများလာအောင် ဆွဲဆောင်နိုင်သော သဒ္ဓါဓာတ် သံလိုက်ဓာတ်ပမာ ခွန်အားပြည့်စုံတော်မူပါပေ၏။ မိမိတိုက်တွင်းရှိ ရဟန်း သံဃာတော်များအား သီလ၊ သမာဓိ၊ ပညာ သိက္ခာ သုံးရပ်ပြည့်စုံစွာ ကျင့်သုံးနေထိုင်ရေးကိုလည်း အမြဲတမ်းကြည့်ရှုဆုံးမတော်မူကာ သီလသိက္ခာကိုလုံခြုံစွာ မလိုက်နာသောသူများအားလည်း ညှာတာတော်မူလေ့ မရှိချေ။

ဗေဒင်ဆေးကျမ်း အစရှိသည်လည်း ကျွမ်းကျင်လိမ္မာတတ်မြောက်ခဲ့သော်လည်း ဝိနည်းအရ ဆေးကုခြင်း၊ ဗေဒင်ဟောခြင်း လုံးဝမပြုခဲ့ချေ။ ရဟန်းများ ဝါဆိုဝါကပ်ကိစ္စ အရေးကြီးသဖြင့် ရေးသားတော်မူခဲ့၏။

## ဓူတင်အကျင့် မပြတ်ကျင့်တော်မူသည်

ဓူတင်အကျင့်ကိုမူ သက်တော် (၈၀)ဝန်းကျင်အထိ သုဿန်သို့ ညသန်းခေါင်ကြွတော်မူ၍ အသုဘကမ္မဋ္ဌာန်း ပွားများ အားထုတ်

ကြောင်း သိရလေသည်။ ထို့နောက် ဗုဒ္ဓါနုဿတိစသည်နှင့် မေတ္တာပွားများ အားထုတ်၏။ နောက်၌မူ တိစိဝိရိတ်ဓူတင် ဆောက်တည်လျက် အာနာပါနကမ္မဋ္ဌာန်း လက်စွဲအားထုတ်ရာ အသက် ဇီဝိန်ချုပ်သည်အထိ ဖြစ်လေသည်။

ဤကဲ့သို့ အံ့ဘွယ်သရဲ ထူးကဲသည့် ရဟန္တာအရှင်မြတ်ကြီးလည်း ဖြစ်၍လည်းကောင်း၊ ပုဏ္ဏားမျိုးလည်း ဖြစ်၍လည်းကောင်း၊ အလွန်ကျစ်လစ်သိမ်မွေ့စွာ ဝိနည်းအရာ ဘုရားဟောအတိုင်း တသွေမတိမ်းလိုက်နာ ကျင့်သုံးနေနိုင်တော်မူခြင်း ဖြစ်ပါပေ၏။ ချီးမွမ်းထိုက်လှပါပေ၏ဟု မြန်မာနိုင်ငံတော် ရဟန္တာအရိယာများ၏ ထေရုပ္ပတ္တိကျမ်းစာအုပ်၌ ကျမ်းပြုသူ ဦးသာသနဝိသုဒ္ဓိက မှတ်တမ်းတင်ထားပါသည်။

## ၈။ ကြည်ညိုဖွယ်ရာ သန္တုဋ္ဌိ၊ သလ္လေခနှင့် ဓုတင်ဓရော္ဂဏ်

ရေစကြို ဂူဖြူတောရဆရာတော်ဘုရားကြီး (AD ၁၈၂၈-၁၉၁၉) သည် ပိဏ္ဍပါတ်, တိစီဝရိတ်, အာရညကင်, သပဒါနစာရိက စသော ဓုတင်တို့ကို အမြဲ ဆောက်တည်တော်မူသည်။ သက်တော် ၉၁-ရဟန်းသိက္ခာဝါတော် ၇၂- ဝါ ပျံလွန်တော်မူခါနီး မကျန်းမမာဖြစ်ကာ အားတော် ကုန်ခန်းပြီး မောပန်းနေသဖြင့် ဆွမ်းခံ မကြွနိုင်

**ကျမ်းညွှန်း**

* ဦးသာသနဝိသုဒ္ဓိ (ဗိုလ်သိမ်းဆွေ)၏ မြန်မာနိုင်ငံတော် ရဟန္တာအရိယာများ၏ ထေရုပ္ပတ္တိ"ပဋိပတ္တိ"သာသနာဝင်ကျမ်း၊ ကဝိရတနာစာပေမှ ထုတ်ဝေသည်။ (၁၉၇၇-ခုနှစ်) အုပ်ရေ -၂၀၀၀

တော့သည့် ၁၁-ရက်မျှသာ ပိဏ္ဍပါတ်ခုတင် ပျက်တော်မူသည်ဟု သိရပါသည်။

ဂူဖြူတောရ ဆရာတော်ဘုရားကြီးအကြောင်းကို အတိသုဒ္ဓါရုံ ဆရာတော်ဘုရားက-

*"ဂူဖြူတောရ ဆရာတော်ဘုရားကြီးသည် ထီးမဆောင်း, ယပ်မဆောင်းဘဲ ထန်းရွက်အတိုင်းသာ ကိုင်ကောင်းရုံ ပြုပြင်၍ ကိုင်တော်မူသည်။ ဆွမ်းခံရာမှရသော ဆန်ဆွမ်းကောင်းကို သံဃာတော်များအား လှူဒါန်း၍ ပြောင်းဆန် ဆွမ်းကြမ်းကိုသာ ဆရာတော်ဘုရားကြီး သုံးဆောင်တော်မူသည်"*ဟု မိန့်ကြားတော်မူလေသည်။ ဘုန်းတော်ကြီး ဦးသီလကလည်း ဂူဖြူတောရ ဆရာတော်ဘုရားကြီးကို *"ဒွိဓုတ်ကသာတယ်"*ဟု မိန့်တော်မူဖူးပါသည်။

## ၉။ ကျောင်းပိုင်သံဃာ အားလုံးနှင့်သက်ဆိုင်သည့် သံဃိကစာတ်ဘူး

တစ်ခါသော် အဘိဓဇမဟာရဋ္ဌဂုရု ပရိတ်ကြီးနိဿယသစ် ကျမ်းပြု သပြေကန်ဆရာတော်ကြီး အရှင်ဝါသေဋ္ဌာဘိဝံသ (AD ၁၉၁၁-၁၉၉၅)သည် အပြင်ဘက်အလှူတစ်ခုမှ ပြန်ကြွလာရာ၊ လှူဖွယ် ပစ္စည်း များစွာပါလာ၏။

---

**ကျမ်းညွှန်း**

* မောင်ပန်းမွှေး၏ မြန်မာနိုင်ငံ ရဟန္တာနှင့် ရဟန်းထူးများ၊ ရေစကြိုမြို့ ဂူဖြူတောရဆရာတော်ကြီးကို မှီငြမ်းပါသည်။ (၂၀၀၈ ခုနှစ်၊ ပထမအကြိမ်)

ကျောင်းပေါက်ဝရှိ ဓမ္မာရုံတွင် ဆရာတော်ကြီး၏ကပ္ပိယ ဒကာကြီးဦးဘငွေထိုင်နေသည်ကို တွေ့မြင်သည်နှင့် ခရီးရောက် မဆိုက်ပင် အနီးရှိကိုရင်တစ်ပါးအား-

*"ဒကာကြီးဦးဘငွေ သွားခေါ်ချေ"* ဟု ခိုင်းလိုက်သည်။ ဒကာကြီး ရောက်လာသော်-

*"ရော့- ဒကာကြီး၊ ဒီခေတ်ဘူးသုံး"* ဟု အလှူမှရလာသော ခေတ်ဘူးတစ်လုံးကို စွန့်တော်မူလိုက်သည်။ ဒကာကြီးမှာ ဝမ်းသာ၍ မဆုံး၊ ခေတ်ဘူးကိုယူ၍ ဓမ္မာရုံဘက်သို့ ပြန်သွား၏။

ဒကာကြီးထွက်သွားပြီး မကြာမီ တိုက်အုပ်ဘုန်းကြီး ဦးခေမာ စာရက အလှူမှရလာသော အခြား ခေတ်ဘူးတစ်လုံးတွင် *'ရွှေကျင် ကျောင်းတိုက်'* ဟု ကမ္ပည်းစာသားပါရှိပြီး ဆရာတော်ကြီး၏ဘွဲ့ မပါသဖြင့် ဖတ်ကြည့်နေရာ ဆရာတော်ကြီးက-

*"ဘာစာလဲ"* ဟု မေးတော်မူသဖြင့် ထိုစာကို ပြလိုက်ရသည်။ ထိုစာဖတ်ပြီးလျှင် ပြီးချင်းပင်- "ဒကာကြီး ဦးဘငွေကို သွားခေါ်ချေ" ဟုခိုင်း၍ ခေါ်ရပြန်ပါသည်။ ဒကာကြီးရောက်လာသော်-*"ဒကာကြီး၊ ဘုန်းကြီးကို ပစ္စည်းလေးပါး ဖိတ်ဖူးတယ်နော်"* ဟု ဆရာတော်ကြီး ကမေးရာ- *"ဖိတ်ဖူးပါတယ်ဘုရား"* ဟုဖြေသည်။

*"ဒါဆို ခုနက ဘုန်းကြီးပေးလိုက်တဲ့ခေတ်ဘူးကို ဘုန်းကြီးအား ပြန်လှူပါ"* ဟု မိန့်ဆို၍ မိမိစွန့်ခဲ့သောခေတ်ဘူးကို အလှူခံတော် မူခဲ့ပါသည်။

ဒကာကြီးဦးဘငွေထံမှ 'ရွှေကျင်ကျောင်းတိုက်' စာတန်းပါ ခေတ်ဘူးကိုပြန်ရလျှင် ဒကာကြီးအား ဆရာတော်ကြီးက မိမိသုံးစွဲ နေသော ခေတ်ဘူးတစ်ဘူးကို အစားပြန်၍ စွန့်တော်မူပါသည်။



ကျေးဇူးရှင် သပြေကန်ဆရာတော်ဘုရားကြီး

(မြန်မာ ၁၂၇၂ - ၁၃၅၆) (ခရစ် ၁၉၁၁ - ၁၉၉၅)

စင်စစ် 'ရွှေကျင်ကျောင်းတိုက်'ဟု ကမ္ဗည်းစာပါသဖြင့် ထိုဓာတ်ဘူးသည် ကျောင်းပိုင်သံဃာ အားလုံးနှင့်ဆိုင်သော သံဃိကပစ္စည်း ဖြစ်ခဲ့လေပြီ။ သို့ဖြစ်ပါသော်လည်း ကျောင်းသံဃာတို့က ဆရာတော်ကြီးအား '*သာသနာတော်အတွက်လည်းကောင်း၊ ကျောင်းတိုက်အတွက်လည်းကောင်း ကျေးဇူးများတဲ့ပုဂ္ဂိုလ်ကို သံဃိကလဟုဘဏ်ပစ္စည်းကို ပေးသင့်ပေးထိုက်၍ပေးလျှင် သံဃာတော်များက ကျေနပ်ကြကြောင်း*'ကို ပန်ကြားထားပြီးဖြစ်သော်လည်း၊ ဆရာတော်ကြီးသည် သိက္ခာကာမ ပုဂ္ဂိုလ်ပီပီ အထက်ပါအတိုင်း သံဃိကပစ္စည်းကို စောင့်စည်း ထိန်းသိမ်းတော်မူခဲ့ပါသည်။

## ၁၀။ သူတော်ကောင်းများက အသက်ရှင်ရန်အတွက် ဘုရားဥပဒေတော်ကို ကျော်လွန် ချိုးဖောက်ရိုး မရှိပါ

ဓမ္မပဒဝတ္ထု မြန်မာပြန်ကျမ်းနှင့် ဝိနည်းအရသာ စသော အရသာကျမ်းများစွာကို ပြုစု၍ 'သီလအရာ၌ စံပြ'ဟု သာသနာတစ်ခေတ်တွင် တံခွန်ထူနိုင်လောက်အောင် သီလဝိသုဒ္ဓိ ဖြစ်တော်မူသော ညောင်လေးပင်မြို့ တောရကြီးတိုက် ဆရာတော်အရှင်အရိယမထေရ် (AD ၁၈၈၆-၁၉၅၂)သည် သက်တော် (၆၆)နှစ်တွင် လေငန်းရောဂါစွဲကပ်၍ ဆေးကုသခံယူရန်အတွက် ရန်ကုန် ပြည်သူ့ဆေးရုံကြီးသို့ ကြွရောက်တော်မူခဲ့ပါသည်။

---

**ကျမ်းညွှန်း**

* ဦးအောင်မွန် (မြတ်ဆုမွန်)၏ ကျောင်းကန်အနီးမှ အဖိုးတန်ပုံဝတ္ထုများ (နှာ-၅၁)
* အရှင်ခေမာစာရ၏ သပြေကန်ဆရာတော်ကြီး ကြည်ညိုဖွယ်ရာ ဂုဏ်အဖြာဖြာ၊ အံ့ဖွယ်စွယ်စုံပုဂ္ဂိုလ်ထူး (နှာ-၁၂၃)

ဆေးကုသမှုခံယူစဉ်အတွင်း ဆရာဝန်၊ သူနာပြုတို့ အထူးဂရုပြု၍ ထိုခေတ်က အကောင်းဆုံးဆိုသော ဆေးဝါးတို့ဖြင့် ကုသပါသော်လည်း လက်တော်, ခြေတော်တို့မှာ လှုပ်ရှားရုံမျှသာ စွမ်းနိုင်တော့သဖြင့် မြင်ကြရသော ဒကာ, ဒကာမအပေါင်း ကရုဏာသောကော အရောရော ဖြစ်ကြရလေသည်။

## ဘုရားဥပဒေတော် လိုက်နာရပါမယ်

ထိုအခါ ဆရာဝန်ကြီးက ဆရာတော်၌ အစာအာဟာရ လိုနေ၍ဖြစ်မည်၊ အစာအာဟာရကို အချိန်မရွေး ဘုဉ်းပေးပါက ရောဂါ သက်သာလာမည်၊ သို့ပါ၍ ဝိကာလ (နေလွဲ) အခါမှာပင် ကော်ဖီ, စွတ်ပြုတ် ဆန်ပြုတ်မျှ ဘုဉ်းပေးရန် လျှောက်ထားရာ နှာခေါင်း ပိုက်တပ်ထားသောကြောင့် စကားမပြောနိုင်သဖြင့် ဆရာတော်ကြီးက စာရွက်တစ်ရွက်တောင်းပြီး ခဲတံဖြင့် -

*"နိုင်ငံတော်အစိုးရ၏ အမှုထမ်းများသည် အစိုးရ၏ ဥပဒေကို တသဝေမတိမ်း လိုက်နာ ကျင့်ကြံရတယ်။ ထို့အတူ မြတ်စွာဘုရား၏ တပည့်သားဖြစ်ကြသော သာသနာ့ဝန်ထမ်း ရဟန်းသာမဏေများလည်း ဘုရားရှင်၏ ဥပဒေဝိနည်းသာသနာတော်ကို လိုက်နာ ရပေမယ်"* ဟူသော စာသားတို့ကို ရေးပြတော်မူပြီးလျှင် ဝိကာလဘောဇနသိက္ခာပုဒ်ကို မကျော်နင်းဘဲ ဝေဒနာကို စောင့်စည်းသိမ်းဆည်းကာ ထိုနှစ် ၁၃၁၄-ခုနှစ်၊ ဝါခေါင်လဆန်း ၁၄-ရက် (၄-၈-၁၉၅၂) တနင်္လာနေ့တွင် ရန်ကုန်မြို့ ပြည်သူ့ဆေးရုံကြီး အထူးခန်း၌ပင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ပါသည်။

## ညနေစာ ဆွမ်းမဘုဉ်းပေးဘဲ ကူလို့ရတဲ့ ကူထုံးမရှိဘူးဆိုရင် ဆေးမကုပေးပါနဲ့တော့

ဝိနည်းလေးစားသည့် ရဟန်းတစ်ပါး၏ဘဝ၌ ကြီးကျယ်သည့် ကျန်းမာရေးချို့ယွင်းမှု တစ်စုံတစ်ရာ ကြုံကြိုက်လာပါက ခေတ်မီ အင်္ဂလိပ်ဆေးဝါးများ သုံးစွဲရပါသည်။ ထိုအခါ ဆရာဝန်၊ သမားတော်တို့၏ လျှောက်ထားချက်တို့က ဝိကာလဘောဇနသိက္ခာပုဒ်ကို ထိပါးပေတော့မည်။ ကိုယ်တွင်း စွမ်းအင် ပြည့်ဝနေသူမှသာ ရဟန်းသီလကို အပြည့်အဝ စောင့်ထိန်းနိုင်ပေမည်။

နဘူးကျောင်းဆရာတော်ကြီးတပည့် နဘူးကျောင်းဝံသ ရဟန်းတစ်ပါး၏ ဘဝကား ဝဋ်ကြောင့်ပင်လောဟု တွေးထင်စရာ ရှိပါသည်။ အစာအိမ် ပြင်းထန်စွာ ဖောက်ပြန်သည့် လေနာရောဂါနှင့် လေဖြတ်သည့် ရောဂါတို့ကို တစ်ပြိုင်တည်း ခံစားရပါသည်။

လေဖြတ်ရောဂါ ကုသရေး၌ အသုံးပြုရသည့် ဆေးဝါးများသည် အစာအိမ်ကို ပို၍ ထိခိုက်စေနိုင်သဖြင့် ဆေးကုသမှု ခံယူနေစဉ်အတွင်း ညပိုင်း အစာအိမ်ထဲ အစာရှိရန်လိုကြောင်း ဆရာဝန်များက အကျိုးအကြောင်းပြကာ လျှောက်ထားလာကြပါသည်။

## ညစာဘုဉ်းရန် လျှောက်ထားကြ

အကယ်၍ ညနေပိုင်း၌ မြူစွမ်၊ ဆန်ပြုတ်၊ သာကူ တစ်ခုခုကို မဘုဉ်းပေးဘဲ လေဖြတ်ရောဂါကို ဆက်ကုသနေပါက အစာအိမ်မှာ ဆိုးဝါးစွာ ပျက်စီးရုံသာ ရှိလိမ့်မည်ဟူ၍လည်း ကြိုတင် ဟောကိန်း

ထုတ်ကာ ခြိမ်းခြောက်လာကြပါသည်။ ညနေစာဘုဉ်းပေးရန် လျှောက်ထားတိုင်း အရှင်မြတ်က တုဏှိဘာဝေ ဘာမှမတုံ့ပြန် လျှောက်သူတို့သာ လျှောက်စရာကုန်၍ ပြန်သွားကြရ၏။

မာရ်နတ်ကပင် သီလပျက်ရာ ပျက်ကြောင်း ပါဝင်လာသလော မသိ၊ ရောဂါပျောက်ကင်းမှု အခြေအနေ လွန်စွာ နှေးကွေးလာပါသည်။ ၎င်းအခြေအနေကို အခွင့်အရေးယူပြီး သမားတော်များ သာမက၊ ရဟန်းဒါယကာအပါအဝင် ရင်းနှီးသူတို့ကပါ ညနေစာ အဖြစ် ပျော့ပျောင်းသည့်အစာ ဘုဉ်းပေးသင့်ကြောင်း တိုးတိုး လျှောက်ထားလာကြပါသည်။

*"ဂိလာနပဲဘုရား ဆွမ်းပြုတ်ဖြစ်ဖြစ်၊ မြူစွမ်ဖြစ်ဖြစ်၊ သာကူ ဖြစ်ဖြစ် ဘုဉ်းပေးရင် ရလောက်ပါပြီ"* ဆေးဆရာနှင့် ဒကာများက ဖွင့်ဟလျှောက်ထားရာ အရှင်မြတ်၏ ရင်ထဲကစကားတချို့ နှုတ်မှ အပြင်ထွက်လာသည်၊ တချို့ကား မထွက်ရှာပေ။

## ညနေစာမဘုဉ်းဘဲ ကုပေးပါလား

*"ဆေးပညာရှင် ဒကာတို့အနေနှင့် ဘုန်းကြီးကို နေလွဲညစာ မဘုဉ်းပေးရဘဲ ကုလို့ရတဲ့ကုထုံးကို ရှာဖွေစဉ်းစားပြီး ကုသပေး ပါလား"*

*"မရဘူးဘုရား၊ မရဘူး၊ အရှင်ဘုရားရဲ့ ပါစကာဝမ်းမီး ကောင်း လာတာ တပည့်တော်တို့ရဲ့ ဆေးစွမ်းလို့ပါဘုရား၊ ဒါကြောင့် အစာ တောင်းလာတာပါ။ အစာတောင်းတဲ့ အစာအိမ်ကို အစာထည့်ကို ထည့်ပေးရမှာပါဘုရား၊ ဒါမှ ရောဂါ မြန်မြန်သက်သာပါမယ်"*

အရှင်မြတ်၏ စိတ်အစဉ်ဝယ် မြတ်စွာဘုရားရှင်က မီးပုံကြီးကို ဥပမာပြတော်မူပြီး ဟောတော်မူသည့် အဂ္ဂိက္ခန္ဓောပမသုတ္တန် ထင်ဟပ်လာပါသည်။ ထို့ကြောင့်-

ငါ ညစာတွေစား သီလပျက်စီးပြီးတော့ ဒကာ၊ ဒကာမတွေ၊ ရှင်ငယ်၊ ရဟန်းငယ်တို့ရဲ့ ဦးချမှုကို ဘယ်လိုခံရပါ့မလဲ၊ ရှက်စရာကြီး၊ သူတို့ ရိုသေလေးမြတ်စွာလှူဒါန်းတဲ့ အလှူကိုခံရမှာ ကြောက်စရာ. . . စိတ်နှလုံးထဲ မွမ်းကြပ်သွားပါသည်။ နှုတ်က မည်သည့် စကားလုံးမှ ထွက်မလာဘဲ။ မျက်လုံးအိမ်မှ မျက်ရည်များသာ ထွက်ကျလာပါသည်။

မိုးသောက်လာလေပြီ။ ရှင်ရဟန်းများ ဆွမ်းခံကြွကြပြီ။ နေ့ဆွမ်းဘုဉ်းပေးချိန် ရောက်လာပြန်ပြီ။ အရှင်မြတ်၏ အစာအိမ် လေပွနေသဖြင့် နေ့ ၁၂-နာရီ မထိုးခင် ဆွမ်းစားမဝင်ပါ။ ညနေပိုင်း ဆာလောင် မွတ်သိပ်ကာ ချွေးပြန် ပင်ပန်းနွမ်းနယ်နေစဉ် ဆရာများ ရောက်လာကြပါသည်။ ဒါယကာများလည်း လာကြသည်။ ဂိလာန၏ အခြေအနေမှန်ကို သူတို့ ခန့်မှန်းမိကြဟန် တူပါသည်။

*"ဒါကြောင့် လျှောက်တာပါဘုရား၊ ညနေ တစ်ခုခု ဘုဉ်းပေးတော်မူပါဘုရား"*

*"ဒါယကာကြီးတို့ ဦးဇင်း ဘုရားဥပဒေတော်ကို မကျော်လွန်ဝံ့ဘူး။ ဒါကြောင့် ညနေစာမစားဘဲ ကုတဲ့ ကုထုံးနှင့်သာ ကုပေးပါ၊ ညနေစာ စားဖို့တော့ မလျှောက်ပါနဲ့တော့နော်၊ မဖြစ်နိုင်လို့ပါ"*

# ညနေစာမဘုဉ်းဘဲ ကုမရရင် မကုပါနဲ့တော့

*"အရှင်ဘုရားရောဂါမျိုးက ညနေစာ မဘုဉ်းပေးဘဲ ကုတဲ့ ကုထုံး မရှိပါဘူးဘုရား။ တပည့်တော်တို့ ပေးနေတဲ့ ဆေးကြောင့်ဖြစ်တဲ့ ရောဂါက အရှင်ဘုရား အစာအိမ်ကို ပိုထိခိုက်စေတော့မယ်ဘုရား၊ ညနေစာ စားမှ ဆေးအလုပ်လုပ်မယ်၊ ဒါမှ ရောဂါ မြန်မြန် သက်သာမယ်။ တပည့်တော်တို့ ဆေးပညာရှုထောင့်က လျှောက်တာ မငြင်းပယ်ဘဲ လက်ခံပေးတော်မူပါဘုရား'* ရှည်လျားသည့် စကားအဆုံးတွင် အရှင်မြတ်က စကားတိုတို ယတိပြတ် ပြတ်သားစွာ မိန့်တော်မူလိုက်သည်။

*"ညစာစားပြီးကုမှပဲ ဘုန်းကြီးရောဂါ ပျောက်မယ်ဆိုရင် ဆေးမကုပေးပါနဲ့တော့"*

အရှင်မြတ် သီတင်းသုံးရာ တောရကျောင်းသည် မြို့နှင့်ဝေးရုံမက ဆေးရုံနှင့်လည်း ခရီးပိုဝေးပါသည်။ နီးသည့် ဆေးရုံကလည်း သဟသေယျ သံသယ ဖြစ်ရပြန်သည်။ ထို့ကြောင့် သင့်တော်ရာ ဘုန်းကြီးကျောင်း၌ ခေတ္တသီတင်းသုံးကာ ဆေးကုသမှုခံယူနေပါသည်။

အရှင်မြတ်၏ စကားအဆုံး၌ ခေတ္တသီတင်းသုံးရာ ကျောင်းဝင်းတစ်ခုလုံး တိတ်ဆိတ်သွားလေသည်။ ဆရာများနှင့် ဒါယကာများ ဦးချပြီး နှုတ်မဆက်တော့ဘဲ အလျှိုလျှို ထွက်သွားကြသည်။

အရှင်မြတ်၏ စကားကို မြေဝယ်မကျ နားထောင်၍ပေလော၊ ဒီလောက်ပြောရခက်သည့်ဘုန်းကြီး သူ့ထိုက်နဲ့ သူ့ကံရှိပါစေဟု

နှလုံးသွင်းကြ၍ ပေလောမသိ၊ နောက်တစ်နေ့ကစပြီး ပစ္စည်းလေးပါး ဒါယကာများနှင့် ဆေးကုပေးနေသည့် ဆေးဆရာများ မလာကြ တော့ပါ။ ဆေးကုသမှုလည်း ရပ်ဆိုင်းလိုက်ကြပါသည်။

လောက၌ ကောင်းတာလုပ်တိုင်း လူအားလုံးက ထောက်ခံ အားပေးမည်ဟု မျှော်လင့်ရန် မဖြစ်ပါလားဟူသော သင်ခန်းစာကို ဤအရှင်မြတ်၏ ဖြစ်ရပ်မှ ရယူနိုင်ပေမည်။ သာသနာနောက်ပိုင်း ကာလ၌ ရဟန်းသီလကို မငဲ့မကွက် စောင့်ထိန်းရန်မှာ သီလဝန္တ အရှင်မြတ်တို့၏သန္တာန်၌ အသက်ကို မငဲ့ကွက်သော စိတ်ဓာတ် စွမ်းအား ပြည့်ဝနေမှသာ ဖြစ်နိုင်ပေတော့မည်။

## ၁၁။ ဒကာမတွေ မြှောက်ပေးတိုင်း ဘုဉ်းပေးတော်မမူပါနဲ့ဘုရား

ရွှေဥမင်ဆရာတော်ကြီးသည် သံဃာတော်များနှင့်အတူ ဆွမ်းဘုဉ်းပေးတော်မူနေစဉ် ဆွမ်းဒါယိကာမများက မိမိတို့ကိုယ်စီ ချက်ပြုတ်စီမံလာသည့် ဆွမ်းဟင်းများကို ရည်ညွှန်းကာ -

*"ဆရာတော်ဘုရား ဒီဟင်းလေး ဘုဉ်းပေးတော်မူပါဘုရား၊ ဟိုဟင်းလေးက ပိုမို သင့်မြတ်ပါတယ်ဘုရား"* ဟု လျှောက်ထားကြ၏။

ထိုအခါ သူတစ်ပါးပြောနေသည့် စကားကိုသာနားထောင်ပြီး စကားတစ်ခွန်းမှ မပြောဘဲ ဆွမ်းဝိုင်းကို ယပ်ခပ်ပေးနေသော ဆရာ တော်ကြီး၏ကပ္ပိယ မွန်ဒါယကာကြီးက -

**ကျမ်းညွှန်း**

* ဝိသုဒ္ဓိမဂ်လာ၊ ညောင်လေးပင်တောရတိုက် ပဓာနနာယက အရိယမထေရ်၊ ၂၀၀၅-သတ္တမအကြိမ် (နှာ-၄၁)

* (၂၄၇) ဝိကာလဘောဇနသိက္ခာပဒ၊ ပါစိတ္တိယပါဠိ (နှာ-၁၁၄)

*"ဆရာတော်ဘုရား ဒကာမတွေ မြှောက်ပေးတိုင်း မဘုဉ်းပေးပါနဲ့ဘုရား၊ ဒကာမတွေ မြှောက်ပေးလို့ ဘုဉ်းပေးပြီး ပျံလွန်တော်မူသွားတဲ့ ဆရာတော်တွေကို တပည့်တော်တွေ့ဖူးတာ နှစ်ပါးရှိသွားပြီဘုရား"*ဟု လျှောက်ထားသောအခါ အလွန်ပင် ကြွန္ဒြေကြီးမားတော်မူသော ရွှေဥမင်ဆရာတော်ကြီးသည် လွန်စွာ သဘောကျ၍ နှစ်ခြိုက်စွာ ပြုံးရယ်တော်မူပါသည်။

## ၁၂။ ကိုရင်ဘဝမှသည် ဝိကာလဘောဇနသိက္ခာပုဒ်ကို အိပ်မက်ထဲ၌ပင် မလွန်ကျူးလိုပါ

သက်တော်ရှည် ရွှေဒါးတောရဆရာတော်ကြီး (AD ၁၉၁၉-၂၀၁၁)သည် သက်န်းစီးကာ ရှင်ငယ်ဘဝမှသည် ပျံလွန်တော်မူသည့်တိုင်အောင် ညစာ မဘုဉ်းပေးဘူးကြောင်းနှင့် ညစာစားသည့် အိပ်မက်ကိုပင် မမြင်မက်ဘူးကြောင်း မိန့်တော်မူဖူးပါသည်။

ဆရာတော်လောင်းလျာသည် ကိုရင်ဘဝက မန္တလေးသို့ စာသင်ရန် ရောက်ရှိခဲ့ပါသည်။ မန္တလေးရောက်စ တစ်ညနေတွင် သီတင်းသုံးဖော် ကိုရင်များက လမ်းလျှောက်ကြမည်ဟု ပြောကာ ပွဲဈေးတန်းထဲသို့ ခေါ်သွားကြပါသည်။ ပွဲဈေးတန်းထဲ ရောက်သည့်အခါ သူငယ်ချင်းကိုရင်များက ပွဲကြည့်ကြပါသည်။ ထိုအခါ ကိုရင်ငယ်တစ်ပါးတည်း ကျောင်းသို့လည်း မပြန်တတ် ပွဲကြည့်ရမည်ကိုလည်း ရှက်လွန်းသောကြောင့် သက်န်းကို ခေါင်းမြီးခြုံပြီး တစ်ညလုံး ငုတ်တုတ်ထိုင်ခဲ့ဖူးကြောင်း မိန့်တော်မူပါသည်။

**ကျမ်းညွှန်း**

* ဝင်းစိန်ကျောင်းဆရာတော် အရှင်စိန္တိတ၏ အနန္တကျေးဇူးတော်ရှင် ရွှေဥမင်တောရဆရာတော်ဘုရားကြီး၏ မှတ်သားဖွယ်ရာ ဆုံးမစာများ၊

# သက်တော် (၈၄) မှ တောရဆောက်တည်

ဆရာတော်သည် သက်တော် (၈၄)နှစ်၊ ဝါတော် (၆၄)ဝါ၌ ရွာကျောင်းကို စွန့်လွှတ်၍ တောရကျောင်းသို့ ရွှေ့ပြောင်းကာ သီတင်းသုံးတော်မူခဲ့ပါသည်။ တောရကျောင်း၌ ဝိနည်း သိက္ခာပုဒ်များကို အထူးဂရုပြု ကျင့်တော်မူရုံသာမက ဆွမ်းဓုတင်၊ သက်နိုင်း ဓုတင် စသည့် ဓုတင်ကျင့်ဝတ် ပဋိပတ်များကိုလည်း စွမ်းနိုင်သမျှ ကျင့်သုံးတော်မူသည်ကို တပည့်များက ကြည်ညိုရပါသည်။ သိုသိပ်စွာ ကျင့်တော်မူသဖြင့် အခြား မည်သည့်ဓုတင်များ ကျင့်သုံးခဲ့သေး ကြောင်းကိုမူ အနီးနေတပည့်များကပင် သိခွင့်မရခဲ့ပါ။

ဆရာတော် သက်တော် (၈၈)နှစ်၌ အသည်းရောဂါ ဝေဒနာကို ပြင်းထန်စွာ ခံစားတော်မူနေရပါသည်။ ထိုအချိန်တွင် ဆရာဝန်များက-

*"ဆရာတော်ဘုရား ဆရာတော် သိပ်အားနည်းနေတယ် ဒါ့ကြောင့် ညနေ ဆွမ်းပျော့ပျော့ ဘုဉ်းပေးသင့်ပါတယ်ဘုရား"* ဂိလာနပြုစုသည့် ရဟန်းတော်များကလည်း-

*"ဆရာတော် အားနည်းနေပါတယ်။ ရောဂါက တိုးဖို့ပဲ ရှိပါတယ်။ ညနေစာ ဘုဉ်းပေးဖို့များ ဆန္ဒရှိပါသလားဘုရား"* ဟု လျှောက်ထားကြပါသည်။

ထိုအခါ ဆရာတော်က ကျင့်ဆဲအကျင့်သိက္ခာများကို မလွန်ကျူးဘဲ ဝိနည်းဘောင်အတွင်းက ဆေးကုပေးတာ ကောင်းပါတယ်ဟူ၍သာ မိန့်တော်မူလေသည်။ ရက်ကာလ ကြာလာသည်နှင့်အမျှ ရောဂါဝေဒနာကြောင့် သိသိသာသာ အင်အားကုန်းခမ်းလာပါသည်။ ထိုအခါ ဆရာဝန်များက-

*"ဆရာတော်ဘုရား မနက်အရုဏ်ဆွမ်း ဘုဉ်းပေးတာတော့ အပြစ်မရှိပါဘူး။ ဝိနည်းနဲ့လည်း ညီမှာပါဘုရား။ ဘုဉ်းပေးတော်မူပါ ဘုရား"*ဟု လျှောက်ထားကြလေသည်။ ထိုအခါ ဆရာတော်က -

*"ဒကာ ဒကာမတွေ အလုပ်ပိုလွန်းပါတယ်။ တစ်နပ်ဆွမ်းနှင့် လည်း အဆင်ပြေနေပါတယ်"*ဟူ၍ ရဟန်းတပည့်များနှင့် ဒါယကာ ဒါယိကာမများ၏ဆန္ဒကို ယခင်အတိုင်း ငြင်းဆန်တော်မူမြဲ ငြင်းဆန်တော်မူပါသည်။ သို့သော် လွန်ဆန်၍ မရနိုင်ကောင်းသည့် မရဏသေမင်း၏ ဆန္ဒကိုမူ ဆရာတော်ကြီး ငြင်းဆန်တော်မမူခဲ့ပါ။

## ၁၃။ စားစရာမရှိလို့ အငတ်ခံတာမဟုတ်ဘူး၊ ရဟန်းသီလအတွက် အငတ်ခံတာ

*"ကြမ်းပြင်ပေါ် တင်ပလ္လင်ခွေထိုင်ပြီး ဆွမ်းဘုဉ်းပေးရတာကိုပဲ နှစ်သက်တယ်ဦးခေမာ"*ဟု နှစ်ပေါင်း - ၅၀ ကျော် ဆွမ်းစူတင် ငါးပါးကို မပျက်မကွက် ကျင့်တော်မူခဲ့သည့် ထေရ်ရှင်မြတ်က မိန့်ကြားတော်မူပါသည်။ ယခုအခါ၌မူ စားပွဲ၊ ကုလားထိုင်၊ ဇွန်း၊ ခက်ရင်း တို့ဖြင့် ဆွမ်းဘုဉ်းသောခေတ် ရောက်လာသဖြင့် သပိတ် ပျောက်ကွယ် လုနီး ဖြစ်နေပါသည်။

သံဃအစည်းအဝေးပြီးချိန်သည် နေ့လည် - ၁၁နာရီ ခွဲနေပြီ ဖြစ်၍ ဆွမ်းဘုဉ်းပေးရတော့မည်။ ဆွမ်းစားကျောင်းကို ရောက်သော အခါ ထေရ်ရှင်များနှင့် စားပွဲ၊ ကုလားထိုင်ဖြင့် ဆွမ်းအတူဘုဉ်းရန်

---

**ကျမ်းညွှန်း**

* (၂၄၈) ဝိကာလဘောဇနသိက္ခာပဒ၊ ဘောဇနဝဂ္ဂ၊ ပါစိတ္တိယပါဠိ (နှာ-၁၁၅)

ကြုံလာပါသည်။ တောနေရဟန်းတစ်ပါး၏ အမြင်တွင် ဤအဆင် အပြင်သည် အမြင်ဆန်းလွန်းနေသဖြင့် ရုတ်တရက် အံ့သြ မှင်သက် မိပါသည်။ ရဟန်းတစ်သက်တာတွင် ပထမဦးဆုံးတွေ့ရသည့် မြင်ကွင်းလည်း ဖြစ်နေပါသည်။ ထို့ကြောင့်-

*"သပိတ်နှင့် ဆွမ်းဘုဉ်းချင်ရင် ဘယ်နေရာမှာ ထိုင်ရပါမလဲ ဘုရား"*ဟု မဝံ့မရဲ မေးလျှောက်မိရာ နှုတ်ဖြင့် မဖြေအားသဖြင့်ထင့် ထေရ်ရှင်တစ်ပါးက မေးထိုးပြသဖြင့် လှမ်းကြည့်မိရာ ဆွမ်းစား ကျောင်း၏ အစွန်အဖျား သောက်ရေအိုးအနီး ဒါယိကာမများက ဆွမ်းပွဲများ ပြင်နေသည့်နေရာ ဖြစ်နေပါသည်။

နေမွန်းတည့်တော့မည်ဖြစ်၍ မိမိရသည့်နေရာ၌ ဆွမ်း ဘုဉ်းရန် ဆုံးဖြတ်လိုက်ပါသည်။ မတ်တတ် စားပွဲဆွမ်းဝိုင်းမှ သပိတ် ထဲသို့ ဆွမ်းယူမည်ပြုရာမှ သံသယတစ်ခု ဝင်လာပါသည်။ အကြောင်းမှာ ဆွမ်းဟင်းလိုက်နေသည့် ဒါယိကာမကလေးသည် ဟော်တယ်၏ စားပွဲထိုး ဝတ်စုံဝတ်ထားပြီး ဟင်းလိုက်ရာတွင်လည်း စားပွဲထိုးကဲ့သို့ပင် ဆွမ်းဝိုင်းထဲက ပုဂံလုံးထဲသို့ လောင်းထည့် နေသည်ကို မြင်ရပါသည်။ အကပ်ခံသည့် ဝိနည်းသိက္ခာပုဒ်ပါ ပျောက်ကွယ်သွားလေပြီလောဟု ရုတ်ခြည်း အတွေးဝင်လာက စိတ်မကောင်း ဖြစ်မိပါသည်။

## သံသယရှိတဲ့ဆွမ်းကို ဘာလို့စားမလဲ

သို့သော် ဆရာထေရ်ရှင်၏ ဆုံးမစကားများကို ကြားယောင် လာသဖြင့် ခွန်အားပြည့်လာပါသည် *"ဘဝသံသရာမှာ တောထဲက*

*သား၊ သမင်တွေဖြစ်ခဲ့တုန်းက ရေငတ်လို့ သေခဲ့ရတဲ့ဘဝလည်း များလှပါပြီ ကိုယ်တော်၊ ရန်သူလိုက်လို့ ပြေးရင်း၊ လွှားရင်း အစာငတ်၊ ရေငတ်ပြီး သေခဲ့တဲ့ဘဝလည်း နည်းမှတ်လို့၊ ဒီနေ့သာသနာနှင့် ကြုံနေတဲ့ဘဝ၊ ရဟန်းဖြစ်နေတဲ့ဘဝမှာ သံသယရှိတဲ့ဆွမ်းကို ဘာလို့စားမလဲ၊ အငတ်ခံရဲရတယ်၊ စားစရာမရှိလို့ အငတ်ခံတာမှ မဟုတ်တာ၊ ကိုယ်စောင့်ထိန်းထားတဲ့ သီလအတွက် အငတ်ခံတာ"*

လဲဘူးဆရာတော်ကလည်း *"စားပွဲအကြီးကြီးကို မ,ကပ်ကြတယ်၊ အကပ်မခြောက်ဘူး ဦးခေမာ၊ တပည့်တစ်ပါး ဝိနည်းလျှော့ရဲတယ်၊ ဒါကြောင့်ပြောလိုက်တယ် 'ငါ့ကို နောက်နောင်မမျှော်နှင့်တော့၊ ငါ့စကား နားမထောင်လို့ မဟုတ်ဘူး။ ဘုရားစကားကို နားမထောင်လို့ ငါမလာတော့ဘူး' ဒေသနာ အာပတ်ပါပဲ ဦးခေမာ၊ သို့သော် သိလျက်သားနှင့် အာပတ်အသင့် မခံချင်ဘူးလေ၊ ပတ်ဝန်းကျင် တော်တော်များများကတော့ အကပ်မခံဘဲ စားတဲ့ခေတ်ကို ရောက်သွားပြီထင်တယ်ကိုယ်တော်"*

ရဟန်းသံဃာတော်တို့သည် စားသောက်ဖွယ်များကို ကိုယ်တိုင်ယူ၍ ဘုဉ်းပေးသုံးဆောင်ခွင့် မရှိပါ။ ရေနှင့်ဒန်ပူမှအပ အခြားအာဟာရများကို အကပ်မခံဘဲ ဘုဉ်းပေးသုံးဆောင်လျှင် ဒန္တပေါနသိက္ခာပုဒ်အရ ပါစိတ်အာပတ်သင့်၏ဟု ဝိနည်းတော်၌ လာရှိပါသည်။

---

**ကျမ်းညွှန်း**

* (၂၆၅) ဒန္တပေါဏသိက္ခာပဒဝဏ္ဏနာ၊ ဘောဇနဝဂ္ဂ၊ ပါစိတ္တိယကဏ္ဍ၊ ပါစိတ္တိယအဋ္ဌကထာ (နှာ-၁၀၉)

# ၁၄။ လေနာရောဂါအတွက် ဆေးသည်ဆွမ်းပြုတ်

ဘုန်းတော်ကြီးဦးသီလ (AD ၁၈၃၂-၁၉၀၇)သည် နောက်ဆုံးဝါကို ဘီလူးကျွန်း၊ ကွမ်သဲတောရ၌ ဝါဆိုတော်မူခဲ့ပါသည်။

ထိုဝါကျွတ်သော် ရွှေဟသ်ာတောရတိုက်သို့ ခေတ္တ ချီးမြှောက်ကာ ကြွတော်မူသည်။ အလွန်နီးကပ်မှ သိရသဖြင့် ရွှေဟသ်ာကုန်း၏ မြောက်ဘက်အစပ် ချောင်းရိုးကလေး၏ထိပ်တွင် ယာယီနေ့ချင်းပြီး ဝါးကျောင်းငယ်ကလေး အပြေးအလွှား စီစဉ်ကြရသည်။ 'ဝေဠုဝန်စံကျောင်း'ဟု အမည်တွင်သည်။ ထိုကျောင်းတွင် ခေတ္တသီတင်းသုံးတော်မူစဉ်က လာရောက်ကာ ဝတ်ပြုသည့် သံဃာတော်တစ်ပါးက-

"*တပည့်တော် လေနာရောဂါ စွဲနေပါသည်၊ ဆေးနည်း ရှိပါသလားဘုရား*"ဟု လျှောက်ထားပါသည်။

"*ငါ့ရှင်တို့၊ ငါ့မှာ ဆေးနည်းတော့ အထူးမရှိဘူး၊ ဆွမ်းပြုတ်ပူပူကလေးကို စွဲသောက်ပေးလျှင် လေနာရောဂါ ပျောက်ဖူးပါသည်*" ဟု မိန့်တော်မူပါသည်။ ထိုအခါ သံဃာများနောက်နားမှ ဝပ်ပြီး နားထောင်နေသော ဒါယကာတစ်ဦးက-

"*ဆန်ပြုတ်ပူပူလေး စွဲသောက်လျှင် လေနာရောဂါ ပျောက်ပါသလားဘုရား*"ဟု လျှောက်ရာ၊ ဘုန်းတော်ကြီးသည် ဒကာက မေးလျှောက်လာသည်ကို သိတော်မူသဖြင့် -

" *ဟဲ့ - ဒကာ၊ ငါ နင့်ကို ပြောတာမဟုတ်ဘူး*"ဟု မိန့်တော်မူပါသည်။

---

**ကျမ်းညွှန်း**

* ဧရာဝတီတိုင်း မအူပင်ခရိုင် ညောင်တုန်းမြို့ရွှေဟသ်ာတောရ ပရိယတ္တိစာသင်တိုက်ကြီး၏ ရာပြည့်မော်ကွန်းတင်စာစောင် (နှာ-၇၄)

* (၁၈၅)၊ တတိယပါရာဇိက ဝိနီတဝတ္ထုဝဏ္ဏနာ၊ ပါရာဇိကကဏ္ဍအဋ္ဌကထာ - ဒုတိယတွဲ (နှာ-၆၆)

# ၁၅။ အသက်သေရင် သေသွားပါစေ ဝိနည်းသိက္ခာပုဒ်ကို မလွန်ကျူးလိုပါ

ကျေးဇူးတော်ရှင်ရွှေဥမင်ဆရာတော်ကြီး (AD ၁၉၁၃-၂၀၀၂) သည် တပည့်ရဟန်းတို့ကို-

*"ရဟန်းဆိုတာ ရိုးသားစွာ နေတတ်ကြရမယ်၊ လူဆန်း လုပ်ရမည့် ပုဂ္ဂိုလ်မျိုး မဟုတ်ဘူး၊ အခုကာလမှာ ရိုးရိုးလေး နေတာ ကကို အဆန်းတကြယ် ဖြစ်လာနေတယ်"*ဟု မကြာမကြာ ဆုံးမ ဩဝါဒ ပြုတော်မူလေ့ပါသည်။

ဆရာတော်ကြီးသည် ငယ်ရွယ်စဉ်ကပင် ရိုးရိုးလေး ပြောဆို နေထိုင်တတ်သူဖြစ်သဖြင့် ရပ်ရွာ၌ ကြည်ညိုလေးစားသူ ပေါများ၏။

ဆရာတော်ကြီးက ဩဝါဒပေးတော်မူရင်း ရှေးဟောင်း နှောင်းဖြစ် မိန့်ကြားတော်မူရာတွင် -

*"ငယ်ရွယ်စဉ် ကိုရင်ဘဝကတည်းက ရိုးရိုးလေးပဲ နေခဲ့တယ်၊ တစ်နေ့ကျတော့ အဘွားဖြစ်သူက 'ဒီကိုရင်တော့ အပြောအဆို လည်းနည်း အာဝဇ္ဇန်းလည်းမရှိ စကားမရွှင်လို့ကတော့ မြို့ရောက်ရင် ဆွမ်းငတ်တော့မှာပဲ' လို့ ညည်းညည်းညူညူ ပြောရှာတယ်၊ သို့ပေမယ့် ဒီနေ့အချိန်ထိ တစ်ကြိမ်မှ ဆွမ်းတော့ မငတ်ခဲ့ပါဘူး"*ဟု ဆရာတော်ကြီး အမိန့်ရှိခဲ့ဖူး၏။

## အန္တရာယ်များသည့် ဂျပန်ခေတ်

ဆရာတော်ကြီး၏ ငယ်ရွယ်စဉ်ကာလ၌ အန္တရာယ်များ လွန်းသည့် ဂျပန်ခေတ်နှင့် ကြုံခဲ့ရပါသည်။ တစ်နေ့တွင် ဂျပန် စစ်သားများက ရွှေဥမင်ဆရာတော် အလျောင်းအလျာ ဦးပဥ္စင်းငယ်ကို

အုန်းပင်ပေါ်တက်ပြီး အုန်းသီးခူးပေးရန် လက်ဟန် ခြေဟန်ဖြင့် ပြောလာပါသည်။ ဦးပဍ္ဍင်းက အုန်းပင်ပေါ်မတက်ဘဲ ရပ်နေပါသည်။ ထိုအခါ သူတို့ခိုင်းတာ မလုပ်ပေးပါက ဦးပဍ္ဍင်းငယ်ကို ထိုနေရာတွင်ပင် ရန်ပြုမည်ဟန်မျိုး ပြလာပါသည်။ ဆရာတော် အလောင်းအလျာ ဦးပဍ္ဍင်းငယ်သည် ရဟန်းဝိနည်းတော်နှင့် မိမိ၏အသက်ကို အလဲအလှယ် ပြုရမည့် အခြေအနေတစ်ရပ် တမုဟုတ်ခြင်း ကြုံတွေ့လာပါသည်။ ဦးပဍ္ဍင်းငယ်၏ အမူအရာမှာ အသက်သေရင် သေသွားပါစေ ဝိနည်းသိက္ခာပုဒ်ကိုမူကား လွန်ကျူးမည်မဟုတ်ဟု သန္နိဋ္ဌာန်ချထားတော်မူဟန် တူပါသည်။

အကြောင်းမှာ ဘေးရန်ဟူသော အကြောင်းတစ်စုံတရာ ကြုံကြိုက်လာပါက ရဟန်းကို သစ်ပင်တက်ခွင့် ပြုထားပါသော်လည်း သစ်သီးခူးရန်ကိုမူ ဝိနည်းတော်အရ ခွင့်ပြုချက် မရှိသောကြောင့် ဖြစ်ပါသည်။

ကံအားလျော်စွာ ရွာထဲက ဒကာကြီး ဦးပါစီညှပ် ရောက်လာပြီး အုန်းပင်ပေါ်တက်ကာ အုန်းသီးခူးပေးလိုက်သောကြောင့် ဦးပဍ္ဍင်းငယ် အသက်အန္တရာယ်မှ သက်သာခွင့် ရသွားပါသည်။

ထိုအုန်းသီးခူးပေးသူ ဒကာကြီးကို အသက်အရွယ် ကြီးရင့်သည့်ကာလ၌ သာသနာ့ဘောင်သို့ ရောက်လာရန် ကြောင့်ကြစိုက်တော်မူပြီး ဆရာတော်ကြီးကိုယ်တိုင်က ရဟန်းခံပေးတော်မူကာ ပစ္စည်းလေးပါးတို့ဖြင့် ကျေးဇူးတုန့်ပြန်တော်မူခဲ့ပါသည်။

---

**ကျမ်းညွှန်း**

* (၉၀)၊ ဘူတဂါမသိက္ခာပဒ၊ ပါစိတ္တိယပါဠိ (နှာ-၅၂)
* (၂၈၄)၊ ခုဒ္ဒကဝတ္ထုကထာ၊ စူဠဝဂ္ဂအဋ္ဌကထာ (နှာ-၅၆)
* ဝင်းစိန်ကျောင်းဆရာတော် အရှင်စိန္တိ၏ အနန္တကျေးဇူးတော်ရှင် ရွှေဥမင်တောရဆရာတော်ဘုရားကြီး၏ မှတ်သား ဖွယ်ရာ ဆုံးမစာများ၊ အနန္တာခမ္မစာပေ၊ ၂၀၁၆-ခုနှစ်၊ ပထမအကြိမ်။

# ၁၆။ ဘုရားရှင်ပေးအပ်သည့် ပစ္စည်းလေးပါးကို သုံးစွဲနေသူသည် ဘုရားရှင် ပညတ်တော်မူထားခဲ့သည့် ဝိနည်းကို လိုက်နာကြရမည်

ကျေးဇူးတော်ရှင် မဟာဂန္ဓာရုံဆရာတော်ကြီး အရှင်ဇနကာဘိဝံသက ဤသို့ ဩဝါဒပေး မိန့်ကြားခဲ့ဖူး၏-

"*အခုခေတ် တို့ဘုန်းကြီးတွေကို အထင်သေးခံရကြရတာက ဝိနည်းသိက္ခာနဲ့လည်း ကောင်းကောင်းမနေ၊ ကလေးတွေကိုလည်း စာမပြ၊ ပစ္စည်းလာဘ်လာဘ ရရေးဘက်ကိုပဲ ယိုင်နေကြတယ်။ ဒီတော့ အထင်သေးခံရတာပေါ့။ အခုတော့ ဝိနည်းအတိုင်း မနေကြတော့ တရွေ့ရွေ့နဲ့ လိမ့်ကျလာတာပေါ့*"ဟူ၍ ဖြစ်သည်။

ထို့ပြင် ဆရာတော်ကြီးသည်-

"*သာသနာတော်ရဲ့ တာရှည် တည်တံ့ဖို့ဖြစ်တဲ့ အသက်ဟာ ဝိနည်းသာ ဖြစ်ပါတယ်။ ဝိနည်းမကျင့်ရင် သာသနာတော် မတည်ပါဘူး။ ဒါကြောင့် ရှေးမထေရ်များက 'အနာဂတေ သာသနံ လဇ္ဇီ ရက္ခိဿတိ'လို့* သုံးကြိမ်ဆက်၍ မိန့်မြွက်တော်မူခဲ့ကြပါတယ်။ ဆိုလိုရင်းက 'အနာဂတ်ကာလ၌ သာသနာတော်ကို လဇ္ဇီပုဂ္ဂိုလ် စောင့်ရှောက်ရစ်လိမ့်မယ်'လို့ ဆိုလိုပါတယ်" ဟူ၍ လည်းကောင်း၊

"*ဗုဒ္ဓမြတ်စွာ ဝိနည်းပညတ်တော်မူတဲ့အခါတိုင်းမှာ 'သဒ္ဓမ္မဋ္ဌိတိယာ-သူတော်ကောင်းတရားဖြစ်တဲ့ သာသနာတော်ကြီး၏ မြဲမြံခိုင်ခံ့တည်တံ့ဖို့အကျိုးငှာ၊ သိက္ခာပဒံပညပေဿာမိ-သိက္ခာပုဒ် ဝိနည်းကို ပညတ်တော်မူမယ်*" လို့ မိန့်တော်မူလေ့ ရှိပါတယ်။ ဒါကြောင့် ဗုဒ္ဓမြတ်စွာအလိုတော်မှာ ဝိနည်း(သီလ)ကို ကျင့်ကြစေလိုတဲ့ ဆန္ဒတော်ပင် ဖြစ်ပါတယ်" ဟူ၍ လည်းကောင်း၊

"ဘုရားရှင်ရဲ့ အလိုတော်အတိုင်း သံဂါယနာ တင်တော်မူကြ တုန်းကလည်း 'ဝိနယောနာမ သာသနဿ အာယု-ဝိနည်းဆိုတာ သာသနာတော်ရဲ့အသက်ဖြစ်တယ်'လို့ မိန့်တော်မူပြီး ဝိနည်း ပိဋက တော်ကို ပထမဆုံး သံဂါယနာတင်တော်မူခဲ့ကြပါတယ်"ဟူ၍ လည်းကောင်း၊

"ဝိနယေ ဌိတေ သာသနံ ဌိတံ-ဝိနည်းတည်လို့ရှိရင် သာသနာ တည်တာပဲလို့ အဋ္ဌကထာ ဆရာများ လည်း မိန့်တော်မူပါတယ်"ဟူ၍ လည်းကောင်း မဟာဂန္ဓာရုံဆရာတော်ကြီးသည် ကိုယ်တော်တိုင် ရေးသား ပြုစုခဲ့သော တစ်ဘဝသံသရာကျမ်းစာအုပ်တွင် အနာဂတ် သာသနာရေးကို စိတ်မအေးစွာဖြင့် ရင်ဖွင့် ရေးသားထားဟန် တူပေ သည်။

"အဓမ္မဝါဒ အင်အားမကောင်းမီ ငါတို့ သံဂါယနာ တင်ကြပါ ကုန်စို့"ဟူသော အရှင်မဟာကဿပ၏ ဆိုမိန့်စကားတော်သည် အနာဂတ်သာသနာတွက် ရည်ရွယ်ရင်း ဖြစ်သည်။

"ရထားလမ်းချော် တိမ်းမှောက်ခြင်းသည် ဆံခြည်တစ်ခြည်ခန့် လွဲချော်ရာမှ အစပြုတိမ်းမှောက်သည်" ဟူသော ဆရာကြီး ဓမ္မာစရိယ ဦးဌေးလှိုင်၏ ဓမ္မဒဿနစကားသံသည်လည်း အနာဂတ် သာသနာ အတွက် စေတနာကောင်းဖြင့် သတိပေးချက် ဖြစ်သည်။

*"ဘုရားပေးအပ်သော ပစ္စည်းလေးပါးကို သုံးစွဲနေပါလျက် ဘုရားရှင်၏ ပညတ်တော်ဝိနည်းကို မလိုက်နာဘဲ စာသင်စာချ ဓမ္မ ကထိကနှင့် စာမေးပွဲတွေကျင်းပကာ ကမ္မဋ္ဌာန်းပြနေရုံမျှဖြင့် ဤသာသနာ တော်ကြီး ကြာရှည်စွာ မတည်နိုင်ကြောင်းမှာ မျက်မြင် ဆုတ်ယုတ် လာပုံကို ကြည့်ခြင်းအားဖြင့် ထင်ရှားပါသည်"*ဟူသော စကားတော်ကား အနာဂတ် ထေရဝါဒဗုဒ္ဓသာသနာတော်ကို စောင့်ရှောက်ကြပါရန်

နှလုံးသားမှ ရိုက်ခတ်ပေါ်ထွက်လာသော မဟာဂန္ဓာရုံဆရာတော်ကြီး အရှင်ဇနကာဘိဝံသ၏ လွန်စွာ လေးနက်လှသော ဆုံးမသြဝါဒ မိန့်ခွန်းတော်ပင် ဖြစ်ပါသည်။

## ဘုရားရှင်၏ အလိုတော်သို့သာ

သာသနာပြုပုဂ္ဂိုလ်များအတွက် မဟာဂန္ဓာရုံ ဆရာတော်ကြီးသည် အလေးအနက်ထား၍ ဤသို့ လမ်းညွှန် မိန့်မှာတော်မူခဲ့ပြန်သည်-

*"ဘယ်နည်းနဲ့မှ ခေတ်အလိုကို မလိုက်ထိုက်ပါဘူး။ ခေတ်ကသာ ဘုရားရှင်ရဲ့ အလိုတော်ကို လိုက်ရမှာပါ။ ဘုရားရှင်ရဲ့ သိက္ခာပုဒ်များဟာ 'အပ္ပသန္နာနံ ပသာဒါယ- မကြည်ညိုသေးတဲ့သူများ ကြည်ညိုဖို့နဲ့' နဲ့၊ 'ပသန္နာနံ ဘိယျောဘာဝါယ- ကြည်ညိုပြီးသော ဒကာဒကာမတို့၏ တိုး၍ကြည်ညိုဖို့ချည်း' ဖြစ်ပါတယ်။ ဒါကြောင့် သာသနာပြုပုဂ္ဂိုလ်မှန်သမျှဟာ ဘုရားအလိုတော်ကျအောင် ဝိနည်းတော်နဲ့အညီ နေထိုင်ရမှာပါ"* ဟူ၍ ဖြစ်သည်။

## ဆရာ့သြဝါဒစကား

'ဘုန်းကြီးချင်ရင် ဝိနည်းကို လေးစားပါ။
လာဘ်လာဘပေါချင်ရင် ဝိနည်းကို လေးစားပါ။
ကျော်ကြားချင်ရင် ဝိနည်းကို လေးစားပါ။
အထက်တန်းစားဖြစ်ချင်ရင် ဝိနည်းကို လေးစားပါ။
သာသနာပြုချင်ရင် ဝိနည်းကို လေးစားပါ။
သုဂတိဘဝရချင်ရင် ဝိနည်းကို လေးစားပါ။
နိဗ္ဗာန်ရချင်ရင် ဝိနည်းကို လေးစားပါ'

*ကျမ်းညွှန်း - ဂန္ဓာရုံဘုံကျော်ဆရာတော်၏ ဓမ္မအလင်းဓမ္မနှင်းပွင့်*

# ၁၇။ ယုန်ထောင်ချောက်ထဲ ယုန်မမိဘဲ ဆွမ်းခံဆရာတော်ကိုမိ

၁၉၆၉ ခုနှစ်၏ ဝါတွင်းကာလ၌ ဖြစ်ပါသည်။ ဝေဘူဆရာတော် (AD ၁၈၉၆-၁၉၇၇)သည် နေ့စဉ် ဆွမ်းခံဝတ်မပျက်စေဘဲ မြို့ထဲသို့ တစ်နေ့လျှင် ရပ်ကွက်တစ်ခု အလှည့်ကျ ကြွတော်မူ၍ လူပုဂ္ဂိုလ်တို့အား ချီးမြှင့်လေ့ရှိသည်။ ကျောက်ဆည်မြို့အပြင် အခြားအရပ်ဒေသရှိ မြို့ရွာများသို့လည်း အခါအားလျော်စွာ ကြွရောက် ချီးမြှင့်တော်မူပါသည်။

အထူးအားဖြင့် နံ့သာတောင်၏ မြောက်ဘက်၌ တည်ရှိသော နံ့သာရွာကလေးကို ဂရုတစိုက်ရှိတော်မူ၏။ အကြောင်းမှာ ထိုရွာကလေးသည် ဆင်းရဲသူ၊ ဆင်းရဲသားများ နေထိုင်၍ အချို့ကမူ ညွှတ်ဖြင့် ယုန်ထောင်၊ ကြောင်ထောင် စားကြသူများ ဖြစ်ကြသည်။ တစ်နေ့တွင် ဆရာတော်ဘုရား ဆွမ်းခံကြွတော်မူစဉ် ယုန်ထောင်ထားသည့် ညွှတ်က ဆရာတော်၏ ခြေထောက်၌ မိနေ၏။ ကာယကံရှင်ကိုယ်တိုင် လာ၍ ဖြုတ်ပေးတော့မှ ဆရာတော်က လက်ခံတော်မူခဲ့သည်။ ဤကိစ္စကြောင့်ပင် ရွာထဲမှ လူကြမ်း၊ လူရမ်းတို့သည် လိမ္မာသွားကြပြီး အားလုံး ဆရာတော်၏ တပည့်များ ဖြစ်ကုန်၏။

---

**ကျမ်းညွှန်း**

* ဝေဘူဆရာတော်ဘုရားကြီး (နှာ-၇၂)

## ၁၈။ ရဟန်းသီလတော်မြတ်နှင့် မုဆိုး၏ထောင်ချောက်

ဘုန်းတော်ကြီးဦးသီလ (AD ၁၈၃၂-၁၉၀၇)သည် ရွှေကျင်မြို့၊ ဆိတ်ကလေးတောရ၌နေစဉ် ဝင်းခနိမ်ရွာသို့ နေ့စဉ် ဆွမ်းခံကြွ၏။ တစ်နေ့သော် ဆွမ်းခံကြွရင်း သားငှက်များကို ထောင်သော မုဆိုး၏ ကျော့ကွင်း၌ ဆရာတော်ဘုရားကြီး၏ ခြေထောက် စွပ်မိနေ၏။ ထိုအခါ ရှေ့မတိုး နောက်မဆုတ် ရပ်၍နေ၏။

မုဆိုးလာကြည့်သည့်အခါ မြင်သော်လည်း အနီးသို့ မကပ်ဝံ့။ အခေါက်ခေါက် လာရောက် ချောင်းကြည့်ရာ ဆရာတော်ဘုရားကြီးကား ရပ်လျက်ပင်၊ မုဆိုးမှာ မဖြုတ်ဝံ့သဖြင့် အတော်ကြာမှ အခြားလူတစ်ယောက်အား ဖြုတ်ခိုင်း၏။ ထိုအခါ ဆရာတော်ကြီးက-

*"ဒကာ. . . ဒါ မင်းညှတ်ကွင်းလား"*ဟု မေး၏။ *"မဟုတ်ပါဘုရား"*ဟု လျှောက်၏။ *"သူတစ်ပါးညှတ်ကွင်းကို မဖြုတ်နှင့်"*ဟု တားမြစ်၏။ ထိုသူက ပြန်လာပြီး-

*"မင်းတော့အခက်ပဲ၊ မွန်းလည်း တည့်လုနီးပြီ၊ ဆရာတော်ကြီး ဆွမ်းမစားရလို့ ပျံတော်မူသွားလျှင် မင်းတော့အဝီစိပဲ"*ဟု ပြောလိုက်၏။ ညှတ်ရှင်မုဆိုးသည် များစွာ ဝမ်းနည်းကြောက်လန့်လျက် ငိုယိုပြီး ဖြုတ်ရလေ၏။ ဆရာတော်ကြီးကား ထိုနေ့ ဆွမ်းတစ်နပ် လပ်သွားလေ၏။ သေးငယ်သော အာပတ်ကလေးကိုမျှပင် အသင့်မခံဘဲ ပါတိမောက္ခသံဝရသီလကြီးကို စောင့်ထိန်းခဲ့၏။

---

**ကျမ်းညွှန်း**

* ဓမ္မာစရိယ ဦးအေးနိုင် (ဘီအေ)၏ တောရဘုန်းတော်ကြီးဦးသီလအကြောင်း စာရေးသူ၏ ကြည်ညိုဖွယ်ရာ အတွေး အမြင်၊ ရွှေကျင်နိကာယ တောရဘုန်းကြီးဦးသီလ၏ ခန္ဓာဝန်ချ ရာပြည့်အထိမ်းအမှတ် မဂ္ဂဇင်း (နှာ-၁၁၄)

# ၁၉။ နိသဒ္ဒီစတင်ကို လွန်တော်မူရာ ညောင်စောင်းထက်တိုင် ဆောင်တော်မူခဲ့ပါသည်

ပခုက္ကူ သာသနာ၀င်ကျမ်း၌ ဆရာတော်ဦးကြည်(ဦးကိတ္တိ) (AD ၁၈၄၂-၁၉၂၆)သည် အရှင် မဟာကဿပ မဟာထေရ်ကြီးအလား တေရသဓုတင်ရေ၊ ဓုတဝါဒီပုဂ္ဂိုလ်ကြီး ပီသပါပေသည်ဟု ထူးထူး ခြားခြား ရေးသား ဖော်ပြထားပါသည်။

ဆယ်ဝါရသောအခါ ရဟန်းတော် ဦးကြည်သည် တောထွက်၍ သဲပုံစေတီတောင်နှင့် ရောက်ရာကျောင်း၌သာ ဓုတင်ဆယ့်သုံးပါး လက်ကိုင်ထား၍ ကျင့်သုံးတော် မူခဲ့လေသည်။ ဆရာတော်သည် သက်တော် (၈၄) နှစ်တိုင်အောင် အသက်ထက်ဆုံး တီစီဝရိတ်ဓုတင် ဆောင်တော်မူသည်။ ပျံလွန်တော်မူရာ ညောင်စောင်း၌ပင် (နိသဇ်) ဓုတင်ဆောင်လျက် ပျံတော်မူလေသည်။ ဆရာတော်၏ တပည့်ရင်း အရှင်နန္ဒိယထေရ်၏ ဖော်ပြချက်မှာ လျောင်းသော ဣရိယာပုထ်ဖြင့် တခါမျှ မတွေ့မမြင်ဘူးဟု ဆိုသည်။ သက်တော် (၇၈) နှစ်တိုင်အောင် အာရညကင်၊ ပိဏ္ဍပါတ်၊ သပါဒနစာရိ၊ ဧကာသနိတ်၊ ဓုတင်တို့ကို ဆောင်တော်မူ၍ ရံဖန်ရံခါ ပတ္တပိုဏ်၊ ခလုပစ္ဆာဘတ္တ၊ ရုက္ခမူ၊ အဗ္ဘောကာသိက၊ သောသနိက၊ ယထာသန္တ၊ ပံ့သုကူလိက ဓုတင်တို့ကို ဆောင်လျက် ပဋိပတ္တိသာသနာ့ဝန်ကို ဆောင်ရွက်တော်မူသည်။

## ပုတတ်ညှတ်ကွင်း ထိုယာခင်းရှင် ဖြုတ်ရှင်းပေးခဲ့ရ

ဆရာတော်သည် သီတင်းသုံးရာတောင်မှ မြို့တွင်းသို့ ဆွမ်းခံကြွလာရာ လမ်းခရီးအကြား ယာခင်းများ၌ ထောင်ထားသော ပုတတ်ညှတ်ကွင်း တခုတွင် ဆရာတော်၏ ခြေထောက်မှာစွပ်မိလျက် ရှိနေသည်ကို အခြားဒါယကာတဦး တွေ့မြင်သဖြင့် လာ၍ဖြုတ်မည်ပြုရာ လက်ခံတော်မမူပဲ ညှတ်ကွင်းထောင်သူ လာရောက်ပြီး ထိုသူကိုယ်တိုင်ဖြုတ်ပေးမှ ဆက်လက်ကြွတော်မူလေသည်။

ညှတ်ပိုင်ရှင်ကိုယ်တိုင်မဖြုတ်ဘဲ အခြားသူအားဖြုတ်ခိုင်းမိပါက ထိုမှဆိုး နစ်နာမည်။ ထို့အခါ သူရလာလတ္တံ့သော် သားကောင်အတွက် ဘဏ္ဍာစားပေးလျော်ရမည်။ ရဟန်းသည် ငွေကြေးကို မကိုင်ရသဖြင့် ပေးလျော်ရန် ငွေမရှိပေ။ တစ်ဖန် သူ့ကို ပေးဆပ်ရန်သားကောင်လည်း ရဟန်း၌ မရှိပါ။ သို့ဆိုပါက မှဆိုးမနစ်စေရန်အတွက် ညှတ်ကိုဖြုတ်ပြီး ပြန်ထောင်ပေးထားမည်ဆိုလျှင်လည်း ထိုညှတ်၌ သားကောင် မိလာပါက ပါဏာတိပါတ အပြစ်ကျရောက်ပေဦးမည်။ ထို့ကြောင့် ညှတ်ပိုင်ရှင်ကိုယ်တိုင် လိုလိုလားလား လာရောက် ဖြုတ်ပေးခြင်းသာ သင့်လျော်ပါသည်။

သို့မဟုတ်ပါက ညှတ်က မဖြုတ်ဘဲနေခြင်းဖြင့် ရဟန်းသည် သူ၏ အသက်သေသော်လည်း သေဆုံးနိုင်ပါသည်။ သို့သော် ရဟန်း၏သီလ မပျက်မစီးသဖြင့် အပြစ်မရောက်ပေ။ ရဟန်းသည် အသက်ကို စွန့်သော်လည်း စွန့်ရာ၏။ မြတ်စွာဘုရား ပညတ်အပ်သော ပါတိမောက္ခသံဝရသီလ စောင့်ထိန်းခြင်းကိုမူ မည်သည့် အကြောင်းကြောင်းနှင့်မှ မဖျက်ရပေ။

## တုသိတာနန်း(ဝါ) ပြဟ္မာ့ပြည်မြန်း(ဝါ) ပရိနိဗ္ဗာန်ဝင်စံတော်မူသည်

ဆရာတော်ကြီးသည် သက်တော် (၈၄) နှစ် ဝါတော် (၆၄)ဝါ တွင်တုသိတာနန်းသို့ မြန်းကြွတော်မူလေပြီဟု မှတ်တမ်းပြုထား ပါသည်။ တစ်ဖန်ကျမ်းပြုဆရာဦးသာသနဝိသုဒ္ဓိကမူ 'မေတ္တာကမ္မဋ္ဌာန်း ကြောင့် ပြဟ္မာ့ပြည်သို့ ကြွသည်ယူဆမိ၏။ အကယ်၍ အနာဂါမ် ဖြစ် လျှင်လည်း ပြဟ္မာ့ပြည်၏အထက်ဆုံး သုဒ္ဓါဝါသ ငါးဘုံ၊ တစ်ဘုံ၌ဖြစ်မည်၊ ရဟန္တာဖြစ်လည်း ပရိနိဗ္ဗာန်ဝင်စံလေမည်သာ'ဟု မှတ်တမ်း ပြုထား ပါသည်။

လယ်တီဆရာတော်ကြီး ပျံလွန်ခါနီး၌လည်း " ပြဟ္မာ့ပြည် ကြွ တရားဟောရအုံးမယ်"ဟု မိန့်တော်မူထားခဲ့၏။

ဤကိစ္စရပ်ကို စွန်းလွန်းဆရာတော်ကြီးအား ဆရာစန္ဒြက မေးလျှောက်ရာ " လယ်တီဆရာတော် ပြဟ္မာဘုံ၌ အနာဂါမ်ဖြစ်နေ၏" ဟု မိန့်တော်မူဖူး၏။

## ၂၀။ ရဟန်းမြတ်တို့၏ အာဇီဝပါရိသုဒ္ဓိသီလ

အာဇီဝပါရိသုဒ္ဓိသီလဟူသည် အသက်မွေးမှု စင်ကြယ်ခြင်းကို ဆိုလိုသည်။ ရဟန်းဟူသည် မိမိသုံးဆောင်လိုသည့် ခဲဖွယ်ဘောဇဉ်ကို နှုတ်မြွက်၍သော်လည်းကောင်း၊ နိမိတ်ပြ၍သော်လည်းကောင်း

---

**ကျမ်းညွှန်း**

* ဦးသာသနဝိသုဒ္ဓိ (ဗိုလ်သိမ်းဆွေ)၏ မြန်မာနိုင်ငံတော် ရဟန္တာအရိယာများ၏ ထေရုပတ္တိ "ပဋိပတ္တိ" သာသနာဝင်ကျမ်း ကဝိရတနာစာပေမှ ထုတ်ဝေသည် (၁၉၇၇-ခုနှစ်) အုပ်ရေ-၂၀၀၀

မပြောမဆိုကောင်းပေ။ နှုတ်မြွတ်နိမိတ်ပြ၍ ရရှိလာသည့် ခဲဖွယ်ဘောဇဉ်ကို သုံးဆောင်ပါက အာဇီဝပါရိသုဒ္ဓိသီလ ညိုးနွမ်းပါသည်။

အုတ်ဖိုဆရာတော်ကြီး (AD ၁၈၁၈-၁၉၀၆)သည် လက်ပံလှရွာ အဇိနာရာမကျောင်း၌ သီတင်းသုံးတော်မူစဉ်အခါ ကပ္ပိယ ဘိုးရွှေပြည့် ဆက်ကပ်လှူဒါန်းသည့် ဆွမ်းကို ဘုဉ်းပေးသုံးဆောင်ပြီး -

*"ဟဲ့ရွှေပြည့် မုန့်ဟင်းခါးဆွမ်း စားလိုသည်"*ဟု အမှတ်မထင် အမိန့်ရှိမိသည်။

ကပ္ပိယ ဖိုးရွှေပြည့် ရွာသို့ ပြန်ရောက်သောအခါ ထိုအကြောင်းကို ကျောင်းဒါယကာ ဦးဖိုးကြွယ်၏မရီး ဒေါ်စိုးနှင့် ပြောဆိုမိရာ ဒေါ်စိုးမှာ သဒ္ဓါထက်သည့် ဒါယိကာမကြီး ဖြစ်သည့်အားလျော်စွာ မုန့်ဟင်းခါးဆွမ်းများ စီမံချက်ပြုတ်ပြီး နောက်တစ်နေ့မနက် ဖိုးရွှေပြည့်ထက် အရင် ဦးအောင်ပင် အရုဏ်ဆွမ်း သွားရောက် ဆက်ကပ်သည်။

ဆရာတော်ကြီးသည် ခါတိုင်းနှင့်မတူ၍ ကပ္ပိယဇေယျကို မေးမြန်းရာ အကြောင်းစုံသိရသဖြင့် ဆရာတော်ဘုရားကြီးက-

*"ဟဲ့ . . ဇေယျ၊ ဒီမုန့်ဆွမ်းကို အခြားတစ်ပါးသို့ သွားရောက်စွန့်ပစ်လိုက်"*ဟု မိန့်တော်မူ၏။ လှူဒါန်းဆက်ကပ်သော ဒါယိကာမကြီး၏ သဒ္ဓါတရားကိုမျှ မထောက်ထား၊ အားပါးမနာဘဲ စွန့်ပစ်တော်မူ၏။ ဘုဉ်းပေးသုံးဆောင်တော် မမူချေ။ ဆရာတော်ဘုရားကြီးသည် အစားတစ်လုတ်မျှဖြင့် အာဇီဝပါရိသုဒ္ဓိသီလကို အညစ်နွမ်းခံတော်မမူပေ။

---

**ကျမ်းညွှန်း**

* အာဇီဝပါရိသုဒ္ဓိသီလ၊ သီလနိဒ္ဒေသ၊ ဝိသုဒ္ဓိမဂ္ဂ-၁ (နှာ-၂၂)

* ဆုပြည့်စုံထွန်း အယ်ဒီတာအဖွဲ့၏ အုဂ်ဖိုရ်ဆရာတော်ဘုရားကြီး (နှာ-၉၄)

# ၂၁။ စံကျောင်းဆရာတော်သည် ဝိနည်းသိက္ခာပုဒ်ကို အလွန် လေးစားတော်မူ၏

၁၂၉၄- ခုနှစ်၌ မန္တလေးသို့ သာသနာရေးကိစ္စ၊ ဂိုဏ်းကိစ္စနှင့် ပင့်၍ ကြွလာတော်မူသည်။ နယုန်လဖြစ်၍ ပူပြင်းသော ကာလပင် ဖြစ်သည်။ ဥတုဒေသအားဖြင့်လည်း အောက်အရပ်ထက် ပူပြင်း၏။ ပူပြင်းသောရာသီ၊ ပူပြင်းသောဒေသဖြစ်ရာတွင် အချိန်မှာ နေ့တစ်ချက် တီးအချိန်တွင် မန္တလေးမြို့ စိန်ပန်းရပ် အဘယာရာမ ရွှေဂူတိုက်မှ ဝိသုဒ္ဓါရုံတိုက်သို့ နေပူကျဲကျဲ၌ ဖိနပ်မစီး၊ ထီးမဆောင်ဘဲ ကြွတော်မူသည်။

၁၂၉၉- ခုနှစ် ရွှေကျင်သို့ ကြွတော်မူရာ ညနေ(၄)နာရီလောက်၌ မဒေါက်ဘူတာသို့ ရောက်သည်။ မီးရထား ပထမတန်းတွဲရပ်သည့် နေရာသည် ဘူတာရုံနှင့် တစ်ဖာလုံကျော် ဝေးကွာသဖြင့် ဆရာတပည့် ရထားမှဆင်း၍ လျှောက်လာခဲ့ရသည်။ ပထမ လူနေတဲတစ်လုံးကို တွေ့လိုက်သည်နှင့် တစ်ပြိုင်နက် ဆရာတော်ဘုရားက 'ဒါဟာ ဂါမဒွါရ ရွာဝဖြစ်လိမ့်မယ်'ဟု ဆိုကာ စီးလာသည့် ဖိနပ်ကို ချွတ်လိုက်သည်။

စံကျောင်းဆရာတော်ကား အထက်ပါအတိုင်း အသေးအမွှား သိက္ခာပုဒ်များကိုပင် လေးလေးစားစား လိုက်နာကျင့်သုံးတော်မူသည်။ ကျောင်းတိုက်အတွင်း နေတော်မူစဉ်မှာပင် အလားတူ လေးလေးစားစား လိုက်နာတော်မူသည်။ လူများ၊ သာမဏေများနှင့်နေရသော ရဟန်းများမှာ သဟသေယျသိက္ခာပုဒ်လုံရန် ခဲယဉ်းသည်။ ဆရာတော်မှာ သဟသေယျအာပတ် သင့်မည်စိုး၍ မည်သည့်အခါမျှ အရုဏ် တက်အောင် မကျိန်းစက်ပေ။

မိမိသည် မြင်ရရုံမျှသော မီးရောင်အလင်းတွင်း၌ တစ်ပါး ထီးတည်း သီတင်းသုံးနေသော ဆရာတော်ဘုရားကို ချောင်းမြောင်း၍ အကြိမ်ကြိမ် ကြည့်ဖူး၏။ ဆရာတော်ဘုရား နွေးနွေးထွေးထွေး ကျိန်းစက်နေသည်ကို မတွေ့မိ။ စာရေးသောအချိန်၊ စကြံကြွသော အချိန်နှင့် ခြေဆန့်လက်ဆန့် လဲလျောင်းသော အချိန်မှလွဲ၍ မျက်စိ မှိတ်ကာ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေသည်ကို တွေ့ရ၏ဟု ဦးမိုးမြင့် (သကျသီဟ၊ အစိုးရ စေတိယင်္ဂဏ ဓမ္မာစရိယ)က ရေးသားဖူးသည်။

## ကတိုးဆေး

မအူပင်မြို့နယ် ခြောက်ရွာမှ ဦးဒင်္ဂါးသည် ကျန်းမာရေးအရ မှီဝဲလိုသော စေတနာထက်သန်စွာနှင့် စံကျောင်းဆရာတော်ဘုရားအား ဆေးတစ်မျိုး သွားရောက် လှူဒါန်းဖူး၏။ ဘာဆေးလဲဟု မေးသဖြင့် *'ကတိုးသွေးဆေးပါဘုရား'*ဟု လျှောက်လိုက်သည်။ စံကျောင်းဆရာတော် ဘုရားက *'ပြန်ယူသွား'* ဟု လက်မခံ ပယ်လိုက်၏။ နောက်မှ စကား မှားသွားကြောင်း သတိရ၍ *'ကတိုးကောင်နှင့် ပတ်သက်တာ လုံးဝ မပါပါဘုရား၊ အနံ့သင်းပျံ့ပျံ့မွှေးလို့ ကတိုးအမည် တပ်ခေါ်တာပါ'*ဟု လျှောက်ထားမှ *"ထားခဲ့"*ဟု ဆရာတော်က မိန့်တော်မူသည်။

---

**ကျမ်းညွှန်း**

* တပည့်များ စုပေါင်းပူဇော်သည့် ညောင်တုန်းမြို့ ရွှေဟင်္သာတောရ ပါဠိတက္ကသိုလ်ကျောင်းတိုက်၊ စတုတ္ထ စံကျောင်းဆရာတော် ဘဒ္ဒန္တဝိမလာဘိဝံသနှင့် သာသနာ (ရာကျော်ရာပြည့်ဆရာတော်ဘုရားကြီးများ ပူဇော်ပွဲ အထိမ်းအမှတ်) ၂၀၀၄-ခုနှစ်

# ၂၂။ ငါတို့လည်း ဘုရားသားတော်ဖြစ်တဲ့အတွက် သေသည်အထိ အလုပ်လုပ်ရမယ်

ကျေးဇူးတော်ရှင် ရေစကြိုဆရာတော်ကြီး (AD ၁၈၃၂-၁၉၁၄)သည် ဘုရားရှင်၏ သာသနာတော်မြတ်ကြီးကို စည်ပင် ဖွံ့ဖြိုးအောင် ထမ်းဆောင်တော်မူဆဲ ကာလ၌ပင် ခန္ဓာကိုယ် ရောင်ရမ်းသည့် ရောဂါ စွဲကပ်လာသဖြင့် ဆေးဆရာ အမျိုးမျိုးကိုပင့်ကာ ကြိုးစားကုသပါသော်လည်း မူလအခြေအနေသို့ ပြန်လည်ရောက်ရှိအောင် မကုသနိုင်ခဲ့ပါ။

မကျန်းမမာသော်လည်း ပို့ချမြဲ စာဝါတို့ကိုမူ နေ့စဉ် အမြဲ ပို့ချတော်မူလျက် ရှိပါသည်။

ထိုကဲ့သို့ စာဝါများ ပို့ချတော်မူသည်ကို သိရှိကြသော ဒကာ၊ ဒကာမတို့က -

*"ဆရာတော်ဘုရား စာဝါများ ချတော်မမူပါနဲ့ဘုရား၊ ဩဝါဒ-အနုသာသနီလောက်ကိုသာ မိန့်ကြားရင် လုံလောက်ပါပြီဘုရား အေးအေးသက်သာ နေထိုင်သီတင်းသုံးတော်မူပါ"* စသည်ဖြင့် လျှောက်ထားကြရာ ကျေးဇူးတော်ရှင် ဆရာတော်ကြီးက-

*"ဒကာ၊ ဒကာမတို့ ငါတို့ဘုရားရှင်ဟာ ပရိနိဗ္ဗာန်စံရာ ညောင်စောင်းပေါ်မှာ နောက်ဆုံး လျှောင်းစက်တော်မူရင်း ဗုဒ္ဓကိစ္စကို ပြုတော်မူသေးသည်။ ငါတို့လည်း ဘုရားသားတော်ဖြစ်သည့်အတွက် သေသည်အထိ အလုပ်လုပ်ရမယ်"* စသည်ဖြင့် မိန့်ကြားတော်မူသဖြင့် နောက်ထပ် လျှောက်ထားရန် ဝန်လေးနေကြကုန်၏။

## သေခါနီးလေ အလုပ်ပိုလုပ်ရလေ

သက်တော် (၈၂)နှစ်၏ ဝါတွင်းကာလတွင် အရုဏ်ဆွမ်း ဆွမ်းပြုတ်သာမက၊ နေ့ဆွမ်း ဘုဉ်းပေးမှုများပါ လျော့နည်းလာသဖြင့် တိုက်အုပ် စာချတပည့်ရဟန်းတော်များ၊ ဒါယကာ ဒါယိကာမများက-

*'ဆရာတော်ဘုရား၊ စာဝါများကို ပို့ချခြင်း ရပ်နားတော်မူပါ၊ အခြားသော စာချပုဂ္ဂိုလ်တွေလည်း ရှိနေသားပဲဘုရား"*စသည်ဖြင့် ဆရာတော်ကြီးက-

*"မင်းတို့ကို ငါ တစ်လောတုန်းက ပြောပြီးပြီပဲ၊ သေခါနီးမှ ပိုအလုပ်လုပ်ရတယ်၊ လက်ယာတော်ရံ အရှင်သာရိပုတ္တရာ မထေရ် မြတ်ကြီးဟာ ပရိနိဗ္ဗာန်စံမည့်ညမှာတောင် မယ်တော်ကို တရားပြပြီး သာသနာအလုပ်ကို လုပ်သွားသေးတာပဲ၊ နောက်ကို လာမလျှောက် ကြနဲ့တော့"*ဟု မိန့်ကြားတော်မူပါသည်။

ထိုနှစ်ဝါကျွတ် ပဝါရဏာပြုပွဲကို အသံတုန်တုန်ရီရီဖြင့် ရှေးဦးစွာ ပဝါရဏာပြုတော်မူပြီး သံဃာတော် အားလုံးတို့က ဆက်လက် ပဝါရဏာ ပြုတော်မူကြပါသည်။

ပဝါရဏာပြုပွဲအပြီး ဆရာတော်ဘုရားကြီးက *"ငါ့ရှင်တို့၊ နောက်နှစ်မှာ ငါ့ရှင်တို့နဲ့အတူ ပဝါရဏာပြုရဖို့ မရှိတော့ဘူး၊ ဒီအကြိမ် ပဝါရဏာပြုရတာ သည်ဘဝ နောက်ဆုံး ပဝါရဏာပြုခြင်း ဖြစ်ပေ လိမ့်မယ်"*ဟု မိန့်ကြားတော်မူပါသည်။

---

**ကျမ်းညွှန်း**

* ဆုပြည့်စုံထွန်း အယ်ဒီတာအဖွဲ့၏ ရေစကြိုဆရာတော်ဘုရားကြီး (နှာ-၁၁၃)

# ၂၃။ သဟာသေယျ သံသယကြောင့် အစိုးရဆေးရုံဝင်းအတွင်း ယာယီကျောင်းဆောက်လုပ်လှူဒါန်း

သဲတောဆရာတော်ဦးနန္ဒဝံသ (AD ၁၉၀၄-၁၉၉၀)သည် ငယ်စဉ် စာသင်သားဘဝက စာဝါလိုက်နေစဉ် လေးငါးဆယ်နှစ် ပတ်လုံး မိဘဆွေမျိုးများရှိရာ ဇာတိရွာသို့ တစ်ကြိမ်မျှ မပြန်ခဲ့ပေ။ ကျောင်းတိုက်၌ တစ်ပါးတည်းကျန်နေလျှင်လည်း စာဝါလိုက်နေမြဲ ဖြစ်ပါသည်။ စာချဆရာတော်ကြီးများကပင် ‘ဘာလို့ ရွာမပြန်တာလဲ’ဟု မေးယူရသည်အထိ ဖြစ်ပါသည်။

ဆရာတော်လောင်းလျာသည် နေ့စဉ်ဆွမ်းခံဝတ်ကို မပျက် စေခဲ့ပါ။ သပိတ်ထဲ သားငါး ဟင်းလျာများ ပါလာပါက အခြားသံဃာ တော်များအား လှူဒါန်းပြီး ပဲပြုတ် သို့မဟုတ် ဆားဖြင့်သာ ဆွမ်း ဘုဉ်းပေးတော်မူလေ့ ရှိပါသည်။

နေ့မှာစာသင်ပြီး ညအခါ ကျောင်း၌ မကျိန်းစက်ဘဲ မန္တလေး အနီးက အုန်းတော တောကျောင်းနှင့် ကပ်နေသည့် သုသာန်ဇရပ်၌ ကြွရောက် သီတင်းသုံးတော်မူလေ့ ရှိပါသည်။ ရဟန်းသိက္ခာ ငယ်စဉ် ကတည်းကပင် သုသာန်ဓုတင် ဆောင်တော်မူခဲ့ရာ သဲတောမြို့ ရွှေဘုံ သာတောရ၌ သီတင်းသုံးတော်မူစဉ်၌လည်း ညအခါ သုသာန် သချိုင်းများသို့သာ ကြွတော်မူလေ့ ရှိပါသည်။

## သဟာသေယျသံသယ

ဆရာတော်ကြီး အသက်အရွယ်ရလာ၍ မျက်စိရောဂါ ရလာပါသည်။ ရောဂါမှာ ပို၍ပို၍ ဆိုးဝါးလာသဖြင့် ဆေးကုသရန်

မန္တလေးသို့ ပင့်ကြပါသည်။ ဆေးရုံအဆောင်များ၌ လူမမာ မာတုဂါမများ၊ အမျိုးသမီးဆရာဝန်များ၊ သူနာပြုဆရာမများလည်း ရှိနေသဖြင့် ဆေးရုံအဆောင်အတွင်း နေ့နေ့ညည သီတင်းသုံး နေထိုင်ရန် သဟာသေယျသိက္ခာပုဒ်အရ သံသယ ရှိတော်မူပါသည်။

ထို့ကြောင့် ဒါယကာများက ဆေးရုံဝင်းကြီး၏ တောင့်တစ် နေရာ၌ ဆရာတော်တစ်ပါး သီတင်းသုံးနိုင်ရန် ယာယီစံကျောင်း ကလေး ဆောက်ခွင့်ရရေးကို ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ထံ မေတ္တာ ရပ်ခံကြပါသည်။ ရဟန်းတို့၏ ဝိနည်းသိက္ခာဆိုင်ရာ ဗဟုသုတရှိပြီး သာသနာစိတ်ဓါတ်ရှိသည့် တာဝန်ရှိလူကြီးမင်းများက သုံးထပ်သား အကာဖြင့်၊ ယာယီကျောင်းငယ်လေး ဆောက်ခွင့် ပြုခဲ့ပါသည်။ ထိုကျောင်း၌ သီတင်းသုံးပြီး မျက်စိရောဂါ ကုသရာ၌လည်း သူနာပြု တာဝန်ကို မျက်စိကျွမ်းကျင် အမျိုးသားဆရာတစ်ဦးက ဆောင်ရွက် ပေးပါသည်။

ဆရာတော်ကြီးသည် မမာမကျန်း ဖြစ်နေစဉ်မှာလည်း သပိတ်ဖြင့်သာ ဆွမ်းဘုဉ်းပေးတော်မူပါသည်။ ဓုတင်ကိုလည်း ဆောင်နိုင်သမျှ ဆောင်ပါသည်။

## ဘုန်းကြီးမှာ ဆွေမျိုးမရှိတော့ဘူး

ဆရာတော် ကျန်းမာရေးဆိုးဝါးနေစဉ် ညီဖြစ်သူ ဦးအောင်စိန် လည်း လာရောက်ပြုစုရာ *“အဲဒါ ဆရာတော်ကြီးရဲ့ ညီအရင်းပေါ့”*ဟု တစ်ဦးသောသူက အနီးရှိ ပရိသတ်အား မိတ်ဆက်ပေးရာ ဆရာတော်ကြီးက-

*"ဘုန်းကြီးမှာ ဆွေမျိုးမရှိတော့ပါဘူး။ လူတုန်းကသာ ညီအစ်ကို မောင်နှမရယ်လို့ ဆွေမျိုးရှိတာ"* ဟု မိန့်ကြားတော်မူပါသည်။ ရဟန်းကောင်းတို့၏ စိတ်နေသဘောထားနှင့် ကျင့်စဉ်များစွာတို့ကို စေ့ငု ပြည့်စုံစွာ မဆိုထားဘိ အနည်းငယ်မျှကို သိရှိနားလည်ရန်ပင် ခက်ခဲလှပေစွ။

## ၂၄။ အကူသိုလ်ရိပ် အခိုးအငွေ့ အမြဲရှိနေတတ်သဖြင့် ကုသိုလ်ဆက်ပေးရ

စံကင်းဆရာတော်ဘုရား (AD ၁၈၇၀-၁၉၇၂)က ဇမ္ဗူမော် ဆရာတော်အား-

*"ဒီလိုကွဲ့၊ လူဆိုတာ အကုသိုလ်ရိပ် အခိုးအငွေ့က အမြဲ ရှိနေတာ။ ပုတီးစိပ် ဂုဏ်တော်ရွတ် သံဃာတွေ ဆွမ်းလှူနဲ့ ကုသိုလ် တွေ လုပ်တာလည်း မပျောက်ဘူး။ ဒါနဲ့ မနက်စောစော အဖွဲ့ယ သွားခေါ်စမ်းဆိုပြီး တရားဟောခိုင်းရတယ်။ ကိုယ်ကတရားနာ။ ကောင်းလိုက်တဲ့တရား။ စိတ်ထဲရှင်းပြီး အေးသွားတယ်။ ကုသိုလ် ဆက်တဲ့အနေနဲ့ ဓမ္မပူဇာ ပရိက္ခရာရှစ်ပါး လှူလိုက်ရတယ်။ ဝမ်းသာ လိုက်တာ။ အဲ့ဒီကစပြီး နေကောင်းလာတယ်"* ဟုအမိန့်ရှိပါသည်။

ဆရာတော်ကြီးသည် သက်တော် ရာပြည့်ခါနီးတွင် ကျန်းမာ ရေးမကောင်းသဖြင့် နေ့စဉ် သံဃာများအား ဆွမ်းလှူခြင်း၊ တပည့်

**ကျမ်းညွှန်း**

* (၅၆) ဒုတိယသဟသေယျသိက္ခာပဒ၊ မုသာဝါဒဝဂ္ဂ၊ ပါစိတ္တိယပါဠိ (နှာ-၃၁)

* မောင်ပန်းမွှေး၏ မြန်မာနိုင်ငံ ရဟန္တာနှင့် ရဟန်းထူးများ (ဒုတိယတွဲ) သဲတောဆရာတော် ဦးနန္ဒဝံသကို မှီငြမ်းပါသည်။

များကို အနီးခေါ်ကာ တရားဟောစေ၍ တရားနာခြင်း၊ ဓမ္မပူဇာများဖြင့် ပူဇော်ခြင်းတို့ကို ပြုလုပ်၍သမားကုအပြင် ဘုရားကုဖြင့်လည်း ကုရာ ပြန်လည် ကျန်းမာတော်မူလာပြီး သက်တော်တစ်ရာ တင်းတင်းကြီး ပြည့်တော်မူခဲ့လေပြီ။

*"ဒို့ ဒီနှစ် နေကောင်းပါတယ်။ ဒီနေ့က နေကောင်းပါတယ်။ စားလို့လည်း ကနေ့ ကောင်းပါတယ်။ ဒါပေမဲ့ အိုခြင်းတရား နှိပ်စက်လို့ ထိုင်တော့ မနေချင်ဘူး။ ထ, နေဖို့ဆိုတာ အဝေးကြီးပဲ။ စကားလည်း သိပ်မပြောချင်လှဘူး။ မပြောချင်သော်လည်း အများကုသိုလ်ရဖို့ ဖြစ်လေတော့ နည်းနည်းပါးပါး ပြောပရစေအုံးတော့"*

## အလှူပိန်နှင့် အလှူကြီး

*"ဒို့တောရွာမယ် ပစ္စည်းမတတ်နိုင်လို့ ကျောင်းထဲမှာ လှူရတယ်ဆိုရင် 'အလှူပိန်'လို့ ပြောကြတယ်။ မဏ္ဍပ်ကြီးတွေ ဘာတွေနဲ့မှ 'အလှူကြီး' ခေါ်တယ်။ အမှန်တော့ အကျိုးကြီးအောင် စေတနာထားတတ်ရင် 'အလှူကြီး'ပဲ။ စိတ်မထားတတ်ရင် စေတနာညံ့ရင် ဘယ်လောက်ကုန်ကုန် 'အလှူပိန်'ပဲ။ ဒါကြောင့် အလှူပိန်, အလှူကြီး ဆိုတာ အလှူဝတ္ထုပေါ် ကြည့်ပြီး မဆုံးဖြတ်ရဘူး။ စေတနာကြည့် ဆုံးဖြတ်ရတယ်။ လှူပြီးပြန်လည်း မေ့မပစ်ရဘူး။ စာဂါနုဿတိ ပွားပေးရတယ်"*ဟု ဒါနမှုနှင့် စပ်၍ သတိပေးတော်မူလေ့ ရှိပါသည်။

---

**ကျမ်းညွှန်း**

* စံကင်းဆရာတော် ဂုရုပ္ပတ္တိကထာ (နှာ-၃၅၈)

## ၂၅။ ခန္ဓာကြီးကို သုံးလို့ရသရွေ့ သုံးနေရမယ်

ယောဆရာတော် တိပိဋကအောင်ပြီးခါစက မင်းကွန်းတောင်ရိုး ဓမ္မာနာဒကျောင်းတိုက် မင်းကွန်း တိပိဋကဆရာတော်ဘုရားကြီးထံ သွားရောက်ကန်တော့ရာ ဆရာတော်ဘုရားကြီးက-

*"ဦးသိရိန္ဒ၊ မင်းကွန်းမှာ ဘာလာလုပ်တာလဲ"*ဟု မေးတော်မူရာ *"အနားယူဖို့ လာတာပါဘုရား"*ဟု လျှောက်တော့-

*"ဦးသိရိန္ဒ၊ အနားယူဖို့ကတော့ မင်းကွန်းဟာ အလွန်ကောင်းတဲ့ နေရာပဲ။ မစိုးရိမ်ဆရာတော်ကြီးက ပြောဖူးတယ်။ အသက်ကြီးလာရင် လူငယ်တွေက ကိုယ့်အနား မကပ်ချင်ကြတော့ဘူး။ ဘယ်သူမှ ကိုယ့် အနား မလာချင်နေ၊ ကိုယ့်တစ်ယောက်တည်း ပျော်ပျော်နေနိုင်အောင် စာလာပေလာအတိုင်း လေ့ကျင့်ထားရတယ်တဲ့။ စာလာပေလာအတိုင်း ပျော်ပျော်နေနိုင်အောင် လေ့ကျင့်တယ်ဆိုတာ တရားကို အဖော်လုပ်၊ အားထုတ်ထားပါလို့ ပြောတာပါ။ တစ်ယောက်တည်း ပျော်တဲ့နည်းက တရားအလုပ်ပဲ ရှိတာပဲ"*ဟု သတိပေးတော်မူသည်။

### ဖြုန်းရမယ့်အချိန်မရှိ

ညောင်ရွှေမြို့ ရွှေကျင်သာသနာပိုင် ဆရာတော်ဘုရားကြီးသည် ရှမ်းပြည်နယ်၌ ရာသီဥတုအေးလွန်း၍ ဆောင်းရာသီတွင် ရန်ကုန်မြို့ မဟာဝိသုဒ္ဓါရုံကျောင်းတိုက်သို့ ကြွရောက်၍ သီတင်းသုံးတော်မူစဉ်က ယော ဆရာတော် သွားရောက်ကန်တော့ရာ သာသနာပိုင် ဆရာတော်

ဘုရားကြီးသည် ယောဆရာတော် မိုးလင်းမှ မိုးချုပ်သည်အထိ မကျိန်း မစက် မနေမနား တရားဟော စာချစာရေး နံနက်ညဉ့် ဘုရားဝတ်တက် အပြီး နေ့စဉ် ဩဝါဒပေး စသည့် သာသနာ့လုပ်ငန်းများ ကြိုးစား အားထုတ် ဆောင်ရွက်နေသည်ကို သိတော်မူ၍-

*"ဦးသိရိန် ခန္ဓာကိုယ်ကြီးကို ရေရှည် အသုံးချလို့ရအောင် အလုပ်ကို နားနားနေနေလုပ်ပါ။ သိပ်ပင်ပန်းအားကြီးလွန်းတယ်။ သာသနာတော်အတွက် အလုပ်တွေ အများကြီးလုပ်ရဦးမှာ။ သက်တောင့် သက်သာ နားနားပြီးလုပ်ပါ"*ဟု သတိပေးတော်မူသည်။ ဒကာ ဒကာမ များကလည်း ယောဆရာတော်ကို -

*"ဆရာတော်ဘုရား၊ ဆရာတော်မှာ အပင်ပန်းခံလွန်းတယ်ဘုရား၊ အသက်အရွယ်အရ နားနားနေနေ အလုပ်လုပ်ရတော့မယ့်အချိန် ရောက်နေပါပြီဘုရား၊ အလုပ်တွေ လျှော့ပါတော့ဘုရား"*ဟု မကြာ မကြာ လျှောက်ကြရာ ယောဆရာတော်မှ -

*"ဒိဌိတာ၊ နာတာ၊ သေတာက လက်မဦးသေးခင် ခန္ဓာကြီးကို သုံးလို့ရသရွေ့ သုံးနေရမည်ဖြစ်ကြောင်း၊ နောက်နေ့ဆိုတာ မသေချာ ကြောင်း၊ သာသနာတွင်းမှာ အချိန်ဟာ သိပ်အဖိုးတန်ကြောင်း၊ ဖြုန်းပစ် ရမည့်အချိန် တစ်ချိန်မှ မရှိကြောင်း"* မိန့်တော်မူလေသည်။ ယော ဆရာတော်သည် မိုးလင်းမှ မိုးချုပ်သည်အထိ အချိန်ကို တန်ဖိုးထား၍ ခန္ဓာကိုယ်ကြီးကို အချိန်ပြည့် မညှာမတာ အသုံးချတော်မူသည်။

---

**ကျမ်းညွှန်း**

* အရှင်ပညာတိက္ခ (ယော)၏ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ယောဆရာတော် ဘဝဖြစ်စဉ် ကြောင်းကျိုးထင် (ဆရာတော်၏ သက်တော် ၇၅-နှစ်ပြည့် စိန်ရတုအထိမ်းအမှတ်)

# (၄) ရဟန်းမြတ်တို့၏ အပ္ပိစ္ဆဂုဏ်

# ၁။ နားလေးတာကိုပဲ ကျေးဇူးတင်ရသေး

စံကျောင်းဆရာတော်သည် လောက သာသနာနှစ်ဖြာ ကောင်းစားရေးအတွက် ကျမ်းဂန်များ ရေးသား ပြုစုတော်မူသောအခါ-

*“တို့ နားရောဂါရပြီး နားလေးသွားလို့သာ ဒီလိုစာတွေ ရေးနိုင်တာ၊ နားမလေးရင် စာချရတာနဲ့၊ ပရိသတ်တွေနဲ့ ဆက်ဆံပြီး ဟောရပြောရ၊ ဟိုကိစ္စ သည်ကိစ္စ ဆောင်ရွက်ရနဲ့ ဒီလိုစာတွေ ရေးနိုင်မှာမဟုတ်ဘူး၊ နားလေးတာကိုပဲ ကျေးဇူးတင်ရသေးတယ်”*ဟု မိန့်တော်မူသည်။ နားလေးသည်ကိုပင် အဆိုးမမြင်ဘဲ ယောနိသော မနသိကာရ စိတ်ကောင်းထားတတ်သည့် စရိုက်ရှိသူပီပီ အကောင်း မြင်ကာ ကုသိုလ်ဖြစ်အောင် နှလုံးသွင်းတော်မူသည်။

**ကျမ်းညွှန်း**

* တပည့်များ စုပေါင်းပူဇော်သည့် ညောင်တုန်းမြို့ ရွှေဟင်္သာတောရ ပါဠိတက္ကသိုလ်ကျောင်းတိုက် စတုတ္ထ စံကျောင်းဆရာတော် ဘဒ္ဒန္တဝိမလ ဘဝနှင့်သာသနာ (ရာကျော်ရာပြည့် ဆရာတော်ဘုရားကြီးများ ပူဇော်ပွဲ အထိမ်းအမှတ်) ၂၀၀၄ - ခုနှစ်

## ၂။ ပျင်းဖို့အချိန် မရှိပါဘူး

မဟာဒွါရနိကာယတွင် ဓမ္မသေနာပတိတစ်ဆူ ဖြစ်တော်မူသော ဓနုဖြူမြို့နယ် ညောင်ချောင်း ဆရာတော်ကြီးဦးဉာဏဝံသ (AD ၁၈၆၆-၁၉၄၁)သည် ထိန်တောမိုးညို့၍ တရားဟောရန်ရောက်ရှိခိုက် ရွာပြင် သရက်ဥယျာဉ်အတွင်း တဲကျောင်းတွင် တစ်နေ့လုံး တစ်ပါးတည်း စာအုပ်များ ဝန်းရံလျက် သီတင်းသုံးနေတော်မူပါသည်။

ညနေပိုင်းသို့ရောက်သော် ဒကာ၊ ဒကာမများ ညောင်ချောင်း ဆရာတော်ကြီးထံတော်သို့ လာရောက် ဖူးမြော်ကြပြီး ဒကာတစ်ဦးက-

*"အရှင်ဘုရား၊ ယခုလိုတစ်ပါးတည်း တစ်နေ့လုံး သီတင်းသုံး နေသည်ကို ပျင်းရိတော်မမူပါလားဘုရား"*ဟု လျှောက်ထားခဲ့သည်။

ထိုအခါ ညောင်ချောင်းဆရာတော်ကြီးက-

*"ဒကာ ငါ့မှာ အဖော်တွေနဲ့နေတာပဲ၊ ဘယ်မှာပျင်းပါ့မလဲ။ မြတ်စွာဘုရားတည်းဟူသော အဖော်၊ အဋ္ဌကထာ, ဋီကာဆရာတို့ တည်းဟူသော အဖော်တွေရှိပါတယ်။ ပါဠိတော်တွေ ကြည့်နေတာက မြတ်စွာဘုရားရဲ့စကားကို နာယူနေတာနဲ့တူတယ်။ ပါဠိတော်ဟူသော ဘုရားစကားမှာ ကိုယ့်ဉာဏ်ထဲ မရှင်းတာရှိရင် အဋ္ဌကထာကို ကြည့် တော့ အဋ္ဌကထာဆရာကြီးနဲ့ စကားပြောနေရသလိုပဲ။ တစ်ခါ အဋ္ဌကထာစကား မရှင်းပြန်ရင် ဋီကာတွေကြည့်ပြန်တော့လဲ ဋီကာ ဆရာတွေနဲ့ စကားပြောနေတာနဲ့ တူပါတယ်။ ဒါကြောင့် ငါ့မှာ ဘုရားရှင်ကိုယ်တော်မြတ်ကြီး၊ အဋ္ဌကထာဆရာကြီး၊ ဋီကာဆရာကြီး တွေနဲ့ စကားပြော လျှောက်ထား မေးမြန်း နာယူနေရတဲ့အတွက် ပျင်းဖို့အချိန် မရှိပါဘူး"*ဟု မိန့်ကြားတော်မူပါသည်။

---

**ကျမ်းညွှန်း** * ဦးအောင်မွန် (မြတ်ဆုမွန်)၏ ကျောင်းကန်အနီးမှ အဖိုးတန်ပုံဝတ္ထုများ (နှာ-၁၃၇)
* အရှင်ဝါသဝါဘိဝံသ၏ သဗ္ဗမင်္ဂလဓမ္မဒေသနာ (နှာ-၃၁၆)

# ၃။ ဝိနည်းငါးကျမ်းကို ပထမဆုံး အထောက်အမလွတ် ပြန်ဆိုခဲ့သည့်ဆရာတော်

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက် ပထမအကြိမ် တိပိဋက ဓရ ရွေးချယ်ပွဲကြီးကို ကျင်းပခဲ့ရာ တစ်ပါးမျှ မအောင်မြင်ခဲ့ချေ။ ပိဋကတ်သုံးပုံဆောင် အာဇာနည်ပုဂ္ဂိုလ်ကျော်များ ပေါ်ပေါက်လာလျှင် ဆဋ္ဌသင်္ဂါယနာတင်နိုင်ရန် နိုင်ငံတော်အစိုးရ၏ ရည်ရွယ်ချက်မှာ မျှော်လင့်ချက် ကင်းမဲ့လျှက် ရှိနေပါသည်။

ဤကဲ့သို့ နိုင်ငံတော်နှင့် သာသနာတော်အတွက် အကျပ်အတည်း ဖြစ်နေချိန်တွင် အရှင်မြတ်ပညာသာရ (AD ၁၉၂၃-၁၉၈၇) သည် ဝိနည်းငါးကျမ်းကို (၁၅)ရက်မျှ ပြန်ဆိုသော်လည်း တစ်ချက်မှ မထောက်ရ၊ အမှားအချော်မရှိ၊ အထစ် အငေါ့မရှိ အံ့သြဖွယ်ကောင်း လက်ခမောင်း ခတ်လောက်အောင် ပြန်ဆိုတော်မူနိုင်ခဲ့ပါသည်။

အရှင်မြတ်ကြီးသည် တိပိဋကဓရ ပုဂ္ဂိုလ်ကျော်များ ပေါ်ထွက်လာရေးအတွက် လမ်းကြောင်း ဖောက်လုပ် သုတ်သင်သည့် အာဒိကမ္မိက ဝိသိဋ္ဌ ဝိနယဓရ ဖြစ်တော်မူပါသည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရက သမ္မတကြီးအိမ်တော်၌ ၁၃၁၁-ခု၊ တပေါင်းလဆန်း (၃)ရက် (၁၈၊၂၊၁၉၅၀)စနေနေ့တွင် ချီးကျူးပူဇော်ပွဲကြီး ကျင်းပပြီး ဝိသိဋ္ဌဝိနယဓရ ဘွဲ့တံဆိပ်ကို ဆက်ကပ်ပါသည်။

## တောထွက်ရန်လည်းမဖြစ်၊ အများနှင့်ရော၍လည်း မနေဖြစ်

ရဟန်းဒါယကာ ဦးပွင့်ကောင်းအား ပေးထားသည့် ကတိအတိုင်း စာမေးပွဲတစ်ကြိမ် ဖြေဆိုပြီးဖြစ်သဖြင့် စာပေပရိယတ္တိကိစ္စမလုပ်လိုတော့ဘဲ ရဟန်းကိစ္စပြီးရန်ကိုသာ ဆန္ဒ ပြင်းပြတော်မူနေပါသည်။ ထို့ကြောင့် စာပြန်ပွဲကိစ္စပြီးပြီဖြစ်၍ ပဲခူးတောထဲသို့ကြွကာတရားအားထုတ်တော့မည်ဟု မိန့်တော်မူပါသည်။ ရဟန်းဒါယကာအနေဖြင့်မူ *'ဦးပဥ္စင်း ဘယ်မှမကြွဘဲ ရန်ကုန် မြို့မှာပဲ သီတင်းသုံးရင်ရပြီ'*ဟု ဆုံးဖြတ်ထားဟန်လည်း တူပါသည်။ သို့ဖြစ်ပါ၍ ရောင်စုံသောင်းကျန်းသူ အန္တရာယ်များကြောင့် ယခုလို အခြေအနေမျိုးတွင် မသင့်တော်ပါကြောင်း အကျိုးအကြောင်းနှင့် လျှောက်တင်ပါသည်။

ထို့ကြောင့် ကမ္ဘာအေးဘုရားနှင့် နဝဒေးလမ်းဆုံအနီး မြေဧက (၈. ၇၉)ကို ဝယ်၍ သစ်သား နှစ်ထပ်ကျောင်းတစ်ဆောင် ဆောက်လုပ်ပါသည်။ ထို့နောက် မဟာစည်ဆရာတော်ဘုရားကြီးအား ပင့်ကာ ဝါဆိုသင်္ကန်း ကပ်လှူရင်း အရှင်ပညာသာရအရှင်မြတ်အား ကျောင်းဆောင်သစ်ကို လှူဒါန်းခဲ့လေသည်။ ကျောင်း၏အမည်မှာ မဟာဂန္ဓာရုံဖြစ်၏။ ယခု မဟာစည် အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓသာသနာပြုသင်တန်းကျောင်းနေရာပင် ဖြစ်လေသည်။

အခြေအနေအရ ဦးပဥ္စင်းမှာ တောထွက်ရန် မဖြစ်သောကြောင့် တစ်ပါးတည်း သီတင်းသုံးရန် ကျောင်းဆောက်လှူခဲ့သော်လည်း အရှင်ပညာသာရမှာ ၁၀-ဝါမပြည့်သေးသဖြင့် ဝိနည်းအရ ကျောင်းထိုင်အဖြစ် သီးသန့်နေ၍ ဖြစ်၊ မဖြစ် သံသယရှိလာရပါသည်။

ဘုရားဟော ဝိနည်းတော်ကို အလေးဂရုထားသည့် ရဟန်းမြတ်တိုင်းမှာ ဝိနယကုက္ကုစ္စ ဖြစ်လေ့ရှိကြပါသည်။

အကြောင်းမှာ ဘုရားဟောဝိနည်းတော်၌ 'ဆယ်ဝါပြည့်တင်း၊ ဝိဘင်းနှစ်ဖြာ၊ ကမ္မာကမ္မ၊ ခန္ဓကပုဒ်၊ နာမ်ရုပ်ပိုင်ပိုင်၊ ဟောပြနိုင် ကျောင်းထိုင်ငါးအင်္ဂါ'ဟူ၍ လာရှိပါသည်။

## ကျောင်းထိုင်မဟုတ်သည့် ကျောင်းထိုင်

ထို့ကြောင့် မဟာစည်ဆရာတော်ကြီးထံ ဦးပွင့်ကောင်းက လျှောက်ထားရာ ဆရာတော်ကြီးက -

"ဦးပဥ္စင်းက ကျောင်းထိုင်ဘုန်းကြီးလုပ်ပြီး စာချ၊ စာသင်ပြီး ဒကာ၊ ဒကာတို့ရဲ့ အကိုးအကွယ်ခံပြီး ကျောင်းတိုက်ဖွင့်မှာမှ မဟုတ်ဘဲ၊ တောထဲသွားပြီး တရားအားထုတ်လို့ မဖြစ်သေးတဲ့အတွက် တောရ ဆောက်တည်တဲ့ ပုံစံမျိုးနဲ့ ကိုယ့်ဟာကိုယ် ကျင့်ကြံအားထုတ်ဖို့ နေရာအတွက်သာ အသုံးပြုမှာ ဖြစ်တယ်။ ထို့ပြင် ရဟန်းတော်နဲ့ စပ်ဆိုင်သော ဝိနည်းငါးကျမ်းစလုံးကိုလည်း အာဂုံဆောင်ထားတဲ့ ပုဂ္ဂိုလ်ဖြစ်တယ်။ ပဋိပတ္တိဘက်ကလဲ လုံလောက်သလောက် အားထုတ်ပြီး ဖြစ်နေလို့ စိုးရိမ်စရာ မရှိပါဘူး။ ဦးပဥ္စင်းနေဖို့ ကျောင်းကို ဆောက်ပြီး လှူဒါန်းနိုင်ပါတယ်။ ဘုန်းကြီးများလဲ လိုအပ်သလို ကြည့်ရှုစောင့်ရှောက် သွားနိုင်ပါတယ်"ဟု အမိန့်ရှိပါသည်။

တောင်မြို့ အရှင်ဇနကာဘိဝံသ ဆရာတော်ကြီးနှင့် ရွှေကျင် ဒုတိယသာသနာပိုင် မြောင်းမြဆရာတော်ကြီးပါ သစ်သားကျောင်း

ပြီးစီးပြီးမကြာမီ ကွယ်လွန်တော်မူလာသဖြင့် လျှောက်ထားရာ ဆရာတော်ကြီးများကလည်း -

"ဦးပဥ္စင်းတစ်ပါးထဲ နေလို့ကောင်းပါတယ်" ဟူ၍ပင် သဘောတူ အမိန့်ရှိကြပါသည်။ တောင်မြို့ဆရာတော် အရှင်ဇနကာဘိဝံသ ဆရာတော်ကြီးသည် ရန်ကုန်ရောက်တိုင်း အရှင်ပညာသာရ ကျောင်းတွင်ပင် သီတင်းသုံးတော်မူခဲ့ပါသည်။

အရှင်မြတ်ကြီးသည် အရညဝါသီ ရဟန်းပီပီ တစ်ထပ်သော ဆွမ်းနှင့်သာ မျှတ၍ မြတ်သောရဟန်းတရားကို အားထုတ်ကာ လူသူကင်းဆိတ် ဓမ္မအရိပ်၌ ကိလေသာအပူမီးကို ငြိမ်းသတ်လျက် ပြင်ပအမှု ကိစ္စစုကို လျစ်လျူရှု၍ သီတင်းသုံးတော်မူစဉ်၌ပင် မကျန်းမမာ ဖြစ်လာပါသည်။

လွန်တော်မူမည့် နောက်ဆုံးသုံးရက်၌ မည်သည့် ဆရာဝန် သမားတော်များ၏ ကုသမှုကိုမှ မခံယူတော့ဘဲ တရားကိုသာ အားထုတ်တော်မူခဲ့ပါသည်။ ၁၉၈၇-ခုနှစ်၏ သကြံန်အကြိုနေ့၌ မထေရ်မြတ် တရားအားထုတ်တော်မူရာ သိမ်တိုက်အတွင်း၌ပင် လွန်တော်မူပါသည်။ လွန်တော်မူစဉ် သက်တော် (၆၃)နှစ် ဝါတော် (၄၂)ဝါ ရှိပါသည်။

**ကျမ်းညွှန်း**

* တောင်မြို့ မဟာဂန္ဓာရုံဆရာတော်ဘုရား၏ ခုဒ္ဒသိက္ခာဘာသာဋီကာ
* ဒေါက်တာပြုံးချို၏ မူလမင်းကွန်း ဇေတဝန် ပဋိပတ္တိသာသနာဝင် မထေရ်မြတ်များနှင့် ပုဂ္ဂိုလ်များ (ပထမအကြိမ်)၂၀၁၅ ခုနှစ်

## ၄။ လူတွေကို ဝိနည်းသင်ပေးတာ အပြစ်မရှိပါဘူး

တိုင်းသံဃနာယက ဥက္ကဋ္ဌတာဝန်မှ အနားယူတော်မူထားသည့် သာသနာ့ဦးသျှောင် ဆရာတော်ကြီးထံပါးသို့ 'ထေရဝါဒဗုဒ္ဓဘာသာဝင်တိုင်း သိသင့်သည့် လူတို့နှင့်သက်ဆိုင်သော ရဟန်းဝိနည်းများ' စာအုပ်တစ်အုပ်ကို ဒါယကာများက လှူဒါန်းထားပါသည်။

တစ်ဖန် ဆရာတော်ကြီး လစဉ် ဖတ်ရှုတော်မူလေ့ရှိသည့် ဓမ္မဗျူဟာစာစောင်၏ အယ်ဒီတာအဖွဲ့ကလည်း 'လူတို့နှင့်သက်ဆိုင်သော ရဟန်းဝိနည်း'များကို လစဉ် အပိုင်းလိုက် ဖော်ပြနေသည်မှာ (၂)နှစ်ခန့် တစ်ဆက် တစ်စပ်တည်း ရှိနေပါသည်။ သို့သော် ဆရာတော်ကြီးက သူဖတ်နေသည့် စာကိုရေးသားသည့် စာရေးသူကိုမူ သိတော်မမူသေးပေ။

ကံအားလျော်စွာ အခမ်းအနားတစ်ခုတွင် ကျမ်းစာအုပ်ကို ရေးသားသည့်ဘုန်းကြီးနှင့် ဆရာတော်ကြီးတို့ ဆုံကြလေသည်။ ဆရာတော်တစ်ပါးကလည်း "*ထေရဝါဒ ဗုဒ္ဓဘာသာဝင်တိုင်း သိသင့်သည့် လူတို့နှင့်သက်ဆိုင်သော ရဟန်းဝိနည်းများ စာအုပ်ကိုရေးတဲ့ ရဟန်းစာဆိုပါဘုရား*" အမှတ်မထင် မိတ်ဆက်ပေးလိုက်ပါသည်။ ထိုအခါ သက်တော်ကြီးရင့်ပြီဖြစ်သည့် ဆရာတော်ကြီးက မျက်နှာထား တင်းတင်း၊ အသံခပ်မာမာဖြင့် -

"*လူတို့နှင့်သက်ဆိုင်သော ရဟန်းဝိနည်းများ စာအုပ်တွေ ရေးပြီး လူတွေကိုဝိနည်း သင်ပေးတာ အပြစ်ရှိတယ်ဆိုတာ မင်းနားမလည်ဘူးလား။ လူတွေဝိနည်းသိရင် သူတို့ အကုသိုလ် ဖြစ်ကုန်မယ်။ ဘာလို့ လူတွေကို ဝိနည်းသင်ပေးတာလဲ၊ ဒုက္ကဋ်အာပတ် သင့်တယ်ဆိုတာကော မင်းသိရဲ့လား။ နောက်နောင်လူတွေကို ဝိနည်း မသင်နဲ့၊ မင်းရေးတဲ့စာအုပ်တွေ အစိုးရစာပေစီစစ်ရေးက ခွင့်ပြု*

*ထားသလား၊ သံဃဝိနိစ္ဆယ ရှိတယ်ဆိုတာကို မင်းနားလည်ရဲ့လား”*ဟု သံဃပရိသတ်၊ လူပရိသတ်အလယ်တွင် အားပါးတရ ဆူပူ ငေါက်ငန်း ပါသည်။

## ရဟန်းတို့နှင့်သက်ဆိုင်သည့် ရဟန်းဝိနည်းကို လူသိရန် မလိုအပ်ပါ

စာရေးသည့်ဘုန်းကြီးကလည်း ရဟန်းတို့နှင့်သက်ဆိုင်သည့် ရဟန်းဝိနည်းကို လူသိရန် မလိုအပ်ပါသော်လည်း လူတို့နှင့် သက်ဆိုင်သည့် ရဟန်းဝိနည်းကိုမူ လူအများသိမှသာလျှင် ဝိနည်းလေးစားတော်မူသည့် ရဟန်းသံဃာတော်များ ဝိနည်းအာပတ်ကင်းရှင်းပြီး ချမ်းသာစွာ သာသနာပြုနိုင်မည်။ ဒါယကာ၊ ဒါယိကာမများလည်း မိမိတို့ စွမ်းနိုင်သည့်ဘက်က ရဟန်း၏ ဝိနည်းသီလကို စောင့်ရှောက်ပေးခွင့်ရသဖြင့် ကုသိုလ် တိုးပွားမည်ဟူသော ရည်ရွယ်ချက်ဖြင့် လဇ္ဇီပေသလ သိက္ခာကာမ ဝိနယဂရုက ပရိယတ္တိ ဝိသာရဒ ပဋိပတ္တိမာမက ဂဏုက္ကဋ္ဌ ဂဏာစရိယ ဂဏပါမောက္ခ သုဒ္ဓါစာရ အာဇီဝပါရိသုဒ္ဓ သံဃပိတု ထေရ်ရှင်များထံပါး အကြိမ်ကြိမ် ဩဝါဒခံယူပြီးမှ ကျမ်းစာကို ရေးသား ပြုစုခဲ့ခြင်း ဖြစ်ပါသည်။

ထိုစာကျမ်းစာအုပ်နှင့် စပ်လျဉ်း၍လည်း ဗဟုသုတရေ မဟာဂန္ထကာရက မဟာဂဏဝါစက ဝိနယဂရုက လဇ္ဇီပေသလ သိက္ခာကာမ ထေရ်ရှင်များက နှုတ်အားဖြင့်လည်း အားပေး ချီးမြှောက်ရုံမက အမှာစာများကိုလည်း ရေးသားကာ ချီးမြှင့်ပေးတော်မူခဲ့ပါသေးသည်။

ဝိနည်းလေးစားသည့် ဆရာတော် သံဃာတော်များကလည်း ဤစာအုပ်ကို အကြောင်းပြုပြီး ဒါယကာ၊ ဒါယိကာမများအတွက် ကုသိုလ်တိုးကြောင်း၊ ကျေးဇူးလည်း များလှကြောင်းကို လျှောက် ထားကြပါသည်။ သာသနာစိတ်ဓါတ် ထက်သန်ကြသည့် လူဒါယကာ၊

ဒါယိကာမများကလည်း ဤစာအုပ်မျိုး ဆက်လက် ရေးသားပေးပါရန်နှင့် ဖတ်ရှုလေ့လာနိုင်ရန် စောင့်မျှော်နေပါကြောင်း လျှောက်ထားကြပါသည်။

## လူတို့နှင့်သက်ဆိုင်သည့် ရဟန်းဝိနည်းကို လူသိရန် လိုအပ်ပါသည်

မန္တလေးမြို့ အရှေ့အရှင်အရဟံသိမ်မှ ဝိနယဂရုက လဇ္ဇီပေသလ သိက္ခာကာမ ဦးပညာသီဟာ ဘိဝံသထေရ်ရှင်မြတ်က-

*“လူတို့နှင့်သက်ဆိုင်တဲ့ရဟန်းဝိနည်းကို လူအများ သိထားမှသာလျှင် သာသနာတော်အတွက် အကျိုးများမှာ၊ ဒါကြောင့် တတိယပိုင်းဆက်ရေးပေးစမ်းပါဘုရား၊ တပည့်တော်လည်းဆိုင်ရာ ဒကာ ဒကာမတွေကို လူတို့နှင့်သက်ဆိုင်တဲ့ ဝိနည်းစာအုပ် ပေးဖတ်နေတယ်၊ ဟောလည်း ဟောပေးနေတယ်၊ ဝိနည်းအားနည်းတဲ့ ပုဂ္ဂိုလ်တွေ၊ ဘုရားဥပဒေတော်ကို အလေးဂရု မထားသူတွေအတွက်တော့ ဒါယကာတွေ ဝိနည်းသိလာရင် လုပ်ချင်တာ လုပ်လို့မရတော့ဘူးလေ။ ထင်ရာစိုင်းလို့ မရတော့ဘူးလေ၊ ဒါကြောင့် သူတို့ အနေကြံ့မှာမို့ မနှစ်သက်နိုင်လောက်ဘူး”*ဟု စာရေးသည့်ဘုန်းကြီးကို မိန့်တော်မူပါသည်။

သို့ဖြစ်ပါ၍ ဒါယကာ၊ ဒါယိကာမတို့ ဝိနည်းသိမှသာလျှင် ကျေးဇူးများမည်ဟု သိမြင်တော်မူသည့် ထေရ်ရှင်များလည်း သာသနာတော်တွင် များစွာရှိပါသည်။ ဒါယကာ၊ ဒါယိကာမတို့ ဝိနည်းမသိမှသာလျှင် ကျေးဇူးများသည်ဟု ထင်မြင်တော်မူသည့် ထေရ်ရှင်များလည်း သာသနာတော်တွင် ရှိပါသည်။

ရှေးရှေးကလည်း ဤနည်းနှင်နှင် ဖြစ်ခဲ့ပါသည်။ နောင်လည်း ဤသို့ပင် ဖြစ်နေပေဦးမည်။ ထို့ကြောင့် ယနေ့လည်း ဒါယကာ ဒါယိကာမများအနေဖြင့် လူတို့နှင့် သက်ဆိုင်သည့် ရဟန်းဝိနည်းကို



ကျေးဇူးရှင် ဒုတိယရွှေကျင်သာသနာပိုင် မဟာဝိသုဒ္ဓါရုံဆရာတော်

(မြန်မာ ၁၂၀၀ - ၁၂၇၈) (ခရစ် ၁၈၃၈ - ၁၉၁၆)

သိစေချင်သည့် ထေရ်ရှင်များရှိသကဲ့သို့ မသိစေချင်သည့် ထေရ်ရှင်များလည်း ရှိနေဦးမည်သာ။

## ဝိသုဒ္ဓါရုံဆရာတော်၏ နဝကောသလ္လကျမ်းကို ရုပ်သိမ်းရမည်

*"နဝကောသလ္လကျမ်းကို ရေးသားပြုစုတော်မူသည့် ဝိသုဒ္ဓါရုံဆရာတော် (AD ၁၈၃၈-၁၉၁၆)သည် လူတွေကို ဝိနည်းတရား ဟောရာရောက်သည့်အတွက် အပြစ်ရှိသည်။ လူတွေက နဝကောသလ္လကျမ်းဖတ်ရှုပြီး ရဟန်းတော်များကို 'ဝိနည်းနှင့်မညီ' စသည်ဖြင့် ကဲ့ရဲ့ ပြစ်တင်ကြသဖြင့် လူတွေမှာ အကုသိုလ် များကုန်ရသည်။ သို့ဖြစ်၍ ဝိသုဒ္ဓါရုံဆရာတော်၏ နဝကောသလ္လကျမ်းကို ရုပ်သိမ်းရမည်"*ဟု အဆိုတင်ခဲ့ဖူးသည်။

ထိုပြဿနာကို ချေပရှင်းလင်းရန် ဝိသုဒ္ဓါရုံဆရာတော်ကြီးကို လာရောက်ပင့်ကြသည်။ ဆရာတော်ကြီးသည် ကိုယ်တိုင် မလိုက်လိုသဖြင့် ပထမအကြိမ် တိုက်အုပ်ဆရာတော် ဦးပညာ၊ ဒုတိယအကြိမ် ဒီပဲရင်းဆရာတော်တို့ကို စေလွှတ်သော်လည်း ကိစ္စမပြီးပြတ်ခဲ့ပေ။ သို့ဖြစ်၍ ဆရာတော်ကြီးကိုယ်တိုင် ကြွရောက်တော်မူခဲ့သည်။ ထိုအကြိမ်၌ ဝိသုဒ္ဓါရုံကိုယ်တိုင် လာသည်ဟုကြား၍ အစည်းအဝေးတွင် ရောက်ရှိနေနှင့်သော တောင်ခွင်ဆရာတော် ဆင်းလာပြီး-

*"မိတ်ဆွေ သတိထားပြော နှိမ်လိမ့်မည်"* ဟု သတိပေးတော်မူသည်။

## သာသနာတော် ထွန်းကားရေးအတွက် ဝိနည်းတရား ကြီးစားဟောပေးတော်မူပါ

ဝိသုဒ္ဓါရုံဆရာတော်ကြီးက ထိုအစည်းအဝေးတွင် အောက်ပါအတိုင်း ရှင်းလင်း မိန့်ကြားတော်မူခဲ့သည်။

*“ဝိနည်းတရားကို လူတွေဟောလို့ အပြစ်မရှိပါဘူး၊ ဘုရားလက်ထက်က ရှင်သာရိပုတြာတို့ ကီဋာဂိရိ ဇနပုဒ်သွားပြီး လူတွေကို ဝိနည်းတရားဟောခဲ့တာပဲ။ လူတွေ ဝိနည်းနားလည်လေ သာသနာပိုကောင်းလေပေါ့၊ ကီဋာဂီရိဇနပုဒ်မှာ အဿဇိပုနဗ္ဗသုက ရဟန်းတွေကြောင့် သာသနာတော်ကြီး ပျက်စီး ညှိုးမှိန်နေတာကို ဝိနည်းနားလည်တဲ့ ဒကာတစ်ယောက်က ဘုရားရှင်ထံ သတင်းစကားလျှောက်ကြားစေလို့ သာသနာတော်ကြီး ပြန်လည်ထွန်းကားခဲ့တယ်မဟုတ်လား။ အခုလည်းပဲ ရွှေလောင်းပွဲနှင်းကြီးလို ဒကာတွေ များများရှိဖို့လိုတယ်၊ ဒါမှ သံဃာတွေ ဝိနည်းလေးစားပြီး သာသနာတော်ကြီးပိုပြီးထွန်းကားလာမယ်၊ လူတွေမှာ ဝိနည်းသိလို့ အကုသိုလ်မဖြစ်ပါဘူး၊ ဝိနည်းတော်အတိုင်း မကျင့်တဲ့ရဟန်းများသာ အကုသိုလ်ဖြစ်တော့မပေါ့၊ အဲဒီတော့ ဆရာတော်တို့ကလည်း သာသနာတော်ကြီး ထွန်းကားရေးအတွက် ဝိနည်းတရား ကြိုးစားဟောပြောဖို့ကောင်းပါတယ်”* ဝိသုဒ္ဓါရုံဆရာတော်၏ရှင်းလင်း ချေပမှုကို မည်သူကမျှ အတွန့်မတက်နိုင်ကြပေ။ သာသနာပိုင်အမှူးရှိသည့် ဆရာတော်ကြီးများကလည်း ဝိနည်းတရား လူအများကို ဟောခြင်းကြောင့် အပြစ်တစ်စုံတရာမရှိကြောင်း သိတော်မူပြီးဖြစ်ပါသည်။ ဆရာတော်ဘုရားကြီး ရေးသားတော်မူသည့် နဝကောသလ္လကျမ်း၏ အမည်ကိုမြန်မာ ပြန်ရလျှင် ‘ရဟန်းငယ်များ ဝိနည်းလိမ္မာရေး’ဟု ပြန်ဆိုနိုင်ပါသည်။

---

**ကျမ်းညွှန်း**

* (၂၂)၊ ကမ္မက္ခန္ဓက၊ စူဠဝဂ္ဂပါဠိ (နှာ-၂၆)
* ဉူးမာနိတသိရီဘိဝံသ၊ ဉူးနန္ဒမာလာဘိဝံသ၏ စံကင်းဆရာတော် (၂၀၀၆) ဒုတိယအကြိမ်

# ၅။ ထူးခြားစွာ ပညာပါရမီဖြည့်ကျင့်တော်မူသည့် လေ့သင်းမင်းကျောင်း ဆရာတော်ကြီး

လေ့သင်းမင်းကျောင်းဆရာတော် (AD ၁၈၅၃-၁၉၂၆) ထံတော်ပါးတွင် မည်သူမဆို တစ်ဦးချင်းဖြစ်စေ၊ အစုအဖွဲ့လိုက်ဖြစ်စေ မိမိသင်ယူလိုသောကျမ်းကို နေရာ၊ အချိန် သတ်မှတ်၍ သင်ယူနိုင်၏။ ပညာပါရမီဖြည့်သောအားဖြင့် ဆရာတော်ကြီးသည် အချိန် အအား ထားတော် မမူချေ၊ အကြောင်းတစ်စုံတစ်ခုကြောင့် စာသင်သား တစ်ပါးပါး စာတက်ပျက်ကွက်လျှင် ထိုဦးပဥ္စင်းရှိရာ ကြွတော်မူ၍-

*"ဦးပဥ္စင်း၊ စာတက်ကြရအောင်လေ"* ဟု နှိုးဆော်တော်မူလေ့ရှိ၏။ ထိုသူက အကြောင်းမညီ၍ စာမတက်နိုင်မှသာ အခြားစာဝါ အပိုတက်လိုသူများအား သင်ကြားပေးတော်မူပါသည်။ ရံခါ စာတက်သူများ နှစ်ဦးဆိုင်နေ၍ သူအရင် ငါအရင် အငြင်းပွားလာလျှင်မူ မဲချပေးတော်မူ၏။

ဤမျှ ပညာပါရမီ ဖြည့်တော်မူနိုင်သည်ကို အခွင့်ယူ၍ သီလရှင်ဆရာလေးများသည် မိမိတို့ချောင်သို့ ဆွမ်းကပ်၍ စာဝါ တက်ကြရာ ဟိုချောင်သည်ချောင်၊ ဟိုနည်းနည်း၊ သည်နည်းနည်း ဆွမ်းစား၍ စာချနေရသဖြင့် မွန်းလွဲမှ ကျောင်းသို့ ရောက်တော့၏။ ထိုအချိန်ကျမှသာ ရှင်ရဟန်းများ စာဝါတက်လှည့် ရကြတော့သည်။ ဆရာတော်သည် ဝိနည်းနှင့် နေတ္တိကို ဦးစားပေး ပို့ချပေးတော်မူလေ့ရှိ၏။

တစ်ခါက စစ်ကိုင်းအနောက်ဘက် ရွာထောင်အနီး ကြာနီကန်ကျောင်း ဘုန်းကြီးကလေးက ဝိနည်းသင်ချင်သည်ဟု လျှောက်လာသဖြင့် ဆရာတော်ကြီးသည် စစ်ကိုင်းတောင်ကြီးကို ဖြတ်ကျော်ကာ နေ့စဉ် ခြေလျင်ကြွတော်မူပြီး စာပို့ချပေးဖူးကြောင်းကို မစိုးရိမ်ဆရာတော်က အမိန့်ရှိတော်မူဖူး၏။

## ၆။ မထေရ်မြတ်များသည် စာပေ၌ မွေ့လျော်တော်မူကြပါသည်

ဆရာတော်ဦးဗုဓ် (AD ၁၇၈၇-၁၈၄၂)သည် ဘဝတစ်လျှောက်လုံး စာပေကြည့်ရှုခြင်း ပို့ချခြင်းနှင့် ကျမ်းဂန် ရေးသားပြုစုခြင်းတို့ဖြင့်သာ အချိန်ကို အကျိုးရှိစွာ အသုံးချခဲ့ပါသည်။ ငယ်စဉ်က ပေတစ်ချပ်ကို သုံးကြိမ်ကြည့်မိလျှင် အာဂုံဆောင်နိုင်ပြီး ရဟန်း(၂)ဝါအရတွင်မူ ဝိနည်း (၅)ကျမ်းကို အာဂုံဆောင်နိုင်ခဲ့ပါသည်။

ဆရာတော်သည် မြန်မာပြည်အထက်ပိုင်း မုံရွာခရိုင်၊ ဘုတလင်မြို့နယ် ညောင်ကန်ရပ်၌ သီတင်းသုံးနေစဉ် ကျောင်းတိုင်ကိုမှီ၍ စာကြည့်တော်မူနေချိန်၌ မိုးသည်းထန်စွာ ထစ်ချုန်းရွာလာပြီး ကျောင်းတိုင်ကို မိုးကြိုးပစ်လေသည်။ သို့သော် ဆရာတော်သည် စာကြည့်မပျက်ခဲ့ပေဟူသော မှတ်တမ်းရှိလေသည်။

ဆရာတော်သည် သက်တော်-၄၀ တွင် ဒူလာရောဂါ စွဲကပ်

---

**ကျမ်းညွှန်း**

* ဓမ္မာစရိယဦးဌေးလှိုင်၏ မြန်မာနိုင်ငံပဋိပတ္တိသာသနာဝင် ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ

လာခဲ့ပါသည်။ နေ့ရောညပါ ကုဋီထဲ၌ နေရစဉ် တပည့်များက ကုဋီထဲ၌ပင် သင်ပုန်းပြုလုပ်ပေးရပါသည်။ ထိုသင်ပုန်း၌ ဆရာတော်သည် ကုဋီတက်ရင်း ရောဂါဒဏ်ကို တွန်းလှန်ကာ ဂါထာပေါင်း (၄၈၁)ဂါထာ ပါသည့် ခုဒ္ဒသိက္ခာနိဿယကို ကန့်ကူဆံဖြင့် ရေးသားတော်မူခဲ့ပါသည်။

ဆရာတော်ရေးသားပြီးသော စာများကို တပည့်များက တဖန်ပုရပိုက်၌ ပြန်ရေးကူးကြရလေသည်။ ဤနည်းဖြင့် ဆရာတော်သည် စာသင်သားများအတွက် ကျေးဇူးများသည့် ခုဒ္ဒသိက္ခာ နိဿယကျမ်းကို အသက်ရှိသမျှ ပြီးဆုံးသည်အထိ ရေးသားပြုစုတော်မူခဲ့ပါသည်။

## မဟာဝိသုဒ္ဓါရုံဆရာတော်ကြီး

မဟာဝိသုဒ္ဓါရုံဆရာတော်ကြီး (AD ၁၈၃၈-၁၉၁၆)ကို အနီးကပ်သိမီခဲ့ကြသည့် ဆရာတော်ကြီးတို့က *“မဟာဝိသုဒ္ဓါရုံဟာ စိတ်အေးလက်အေးနေတတ်တယ်။ စာကြည့်တာ ဇွဲရှိတယ်၊ ရှေးက ဆရာတော်ကြီးများ၊ ခင်မွန်ဆရာတော်ကြီးများ ပြောသံကြားဖူးတယ်။ မဟာဝိသုဒ္ဓါရုံက ရွှေကျင်ဆရာတော်ကြီးထက်ကို သမာဓိကြီးတယ်လို့ ကြားရဖူးတယ်။ ကိုယ်တိုင်တွေ့တော့လည်း ဒီအတိုင်းပဲ။ စာကြည့်နေပြီဆို လူလာတာမသိတော့ဘူး။ စာကြည့်တဲ့အခါ မှောက်လျက်ကြည့်လေ့ရှိတယ်။ ဒီလိုစာကြည့်နေတုန်း ဧည့်သည်အာဂန္တုများလာရင် ရင်းနှီးရင် မှောက်ရက် စကားပြောလိုက်တာပဲ။ နည်းနည်းစိမ်းရင် ခေါင်းအုံးပေါ်လက်ထောက် လက်ပေါ်ခေါင်းထားပြီး စောင်းစောင်းလျောင်းရက် စကားပြောတယ်”*ဟု မိန့်တော်မူဖူးသည်။

## ကြေးမြင့်ဆရာတော်ကြီး

ထို့အတူပင် ဧကောဒသမ ရွှေကျင်သာသနာပိုင် ကြေးမြင့်ဆရာတော်ကြီး (AD ၁၈၈၅-၁၉၈၉)အကြောင်းကို လူထုဒေါ်အမာ၏ သာသနာ့တန်ဆောင် ဆရာတော်ကြီးများစာအုပ်၌ ဤသို့ ပူဇော်ထားပါသည်။

*"ကျွန်မတို့ဆရာတော်ကြီးကို သွားဖူးတယ်ဆိုရင် ဆရာတော်ကြီးက ဘယ်တော့မဆို က္ကရိယာပုတ် အမျိုးမျိုးနဲ့ စာဖတ်နေတာကို တွေ့ရတာချည့်ပါပဲ။ ထိုင်ရက်၊ မှောက်ရက်၊ အိပ်ရက် စာကြည့်နေတာချည့်ပဲ။ မျက်မှန်မပါဘူး။ ပကတိမျက်စိနဲ့ ကြည့်နေတော်မူတာပါ"*။

## နဘူးကျင်းဆရာတော်ကြီး

အလားတူပင် စီဝရဝဏ္ဏဝိနိစ္ဆယ၊ ဓုတင်္ဂဝိနိစ္ဆယ၊ ဆန္ဒဒါနဝိနိစ္ဆယ၊ ဓမ္မသံယုတ္တဂါထာနှင့် ကလျာဏီ ကျောက်စာပါဠိ နိဿယ ကျမ်းဂန်များကို ရေးသားပြုစုတော်မူခဲ့သည့် နဘူးကျင်း ဆရာတော်ကြီး (AD ၁၉၂၁-၂၀၀၄)သည်လည်း စာပေကြည့်ရှုရာတွင် အလွန်ပင် သမာဓိ ကောင်းတော်မူလေသည်။

ဆရာတော်ကြီး သီတင်းသုံးတော်မူသည့် ကျောင်းဆောင်အတွင်း၌ကား ပရိက္ခရာအသုံးအဆောင် လိုအပ်သမျှ အနည်းငယ်သာရှိပြီး ကျမ်းဂန် ပိဋကတ်စာအုပ် ဗီရိုများကသာ နေရာယူထားလေသည်။ ဆရာတော်ကြီးသည် ရံခါ ထိုင်၍ စာကြည့်တော်မူလေသည်။ ရံခါလျောင်း၍ ကြည့်တော်မူလေသည်။ ရံခါမှောက်၍ ကြည့်တော်မူလေသည်။ နေ့လယ်အခါ ကျောင်းဆောင်အပေါ်ထပ်၌ စာကြည့်စဉ် ရာသီဥတုပူအိုက်လာက အောက်ထပ်သို့ပြောင်း၍ စာကြည့်တော်

မူပါသည်။ က္ကရိယာပုတ်ကို မျှတစေပြီး စာပေ၌ မွေ့လျော်တော်မူသောကြောင့်လည်း သာသနာတော်အတွက် တန်ဖိုးမဖြတ်နိုင်သည့် စာပေ ကျမ်းဂန်များစွာ ပေါ်ထွက်ခဲ့ခြင်း ဖြစ်သည်။

## ၇။ အငယ်လေးနဲ့ ကျောင်းသွားထိုင်မိလို့ စာမတတ်ခဲ့ဘူးဗျ

ရွှေကျင်နိကာယ စတုတ္ထသာသနာပိုင် အလုံဆရာတော်ကြီး အရှင်တိဿ (AD ၁၈၅၀-၁၉၂၈)သည် ကၔ္ခါအဋ္ဌကထာ စာဝါပို့ချနေစဉ် -

*"ကျုပ်တို့ဟာ အငယ်ကလေးနဲ့ ကျောင်းသွားထိုင်မိလို့ စာမတတ်ခဲ့ဘူးဗျ"*ဟု မိန့်တော်မူပါသည်။

ထိုအခါ စာလိုက်နေကြကုန်သော စာသင်သားတို့က ဆရာတော်ကြီးသည် မည်သည့်ဝါ၌ ကျောင်းစ၍ ထိုင်ခဲ့ပါသနည်း။ လေး,ငါးဝါ၌ပင် ကျောင်းထိုင်ခဲ့လေသလော၊ ဝါများစွာမရမီမှာ ကျောင်းထိုင်မိသည့်အတွက် ဤသို့ အမိန့်ရှိခြင်း ဖြစ်တန်ရာသည်ဟူ၍ အမျိုးမျိုး တွေးတောကြံစည် စဉ်းစားနေကြ၏။ ထိုအခါတွင် ဆရာတော်ကြီးက ဆက်လက်၍-

*"ကျုပ် ကျောင်းထိုင်တုန်းက ၁၅ - ဝါပဲ ရသေးတယ်ဗျ"*ဟု မိန့်တော်မူလိုက်ပါသည်။

---

**ကျမ်းညွှန်း**

* ညိုမြ၏ ကုန်းဘောင်ရှာပုံတော်၊ ၁၉၉၇ ခု တတိယအကြိမ် (နှာ၂၈၂)
* လူထုဒေါ်အမာ၏ သာသနာ့တန်ဆောင် ဆရာတော်ကြီးများ မှီငြမ်း
* ဦးအောင်မွန် (မြတ်ဆုမွန်)၏ ကျောင်းကန်အနီးမှ အဖိုးတန်ပုံဝတ္ထုများ (နှာ-၃၄)
* အရှင်ဝါသဝါဘိဝံသ၏ သဗ္ဗမင်္ဂလမေ္မဒေသနာ။ (နှာ-၂၂၄)



## ကျေးဇူးရှင် အလုံဆရာတော်ဘုရားကြီး

(မြန်မာ ၁၂၁၂ - ၁၂၉၀) (ခရစ် ၁၈၅၀-၁၉၂၈)

"ကျုပ်တို့ဟာ အငယ်ကလေးနဲ့ ကျောင်းသွားထိုင်မိလို့ စာမတတ်ခဲ့ဘူးဗျ"

ကျမ်းညွှန်း

- ဦးအောင်မွန် (မြတ်ဆုမွန်)၏ ကျောင်းကန်အနီးမှ အဖိုးတန်ပုံဝတ္ထုများ (နှာ-၃၄)
- အရှင်ဝါသဝါဘိဝံသ၏ သဗ္ဗမင်္ဂလဓမ္မဒေသနာ။ (နှာ - ၂၂၄)

## ၈။ ဗုဒ်ခ၊ ဗုဒ်လယ်၊ ဗုဒ်ဆုံး

မြန်မာရာဇဝင်ကျမ်းများအရ 'ပု-ပင်း-အင်း-တောင်-ညောင် ရမ်းနောင်-ကုန်ဘောင်နှစ်ခေတ်တွဲ' လင်္ကာနှင့်အညီ မြန်မာတို့တွင် (၁) ပုဂံခေတ် (၂) ပင်းယခေတ် (၃) အင်းဝခေတ် (၄) တောင်ငူခေတ် (၅) ညောင်ရမ်းခေတ် (၆) အမရပူရခေတ်နှင့် (၇) မန္တလေးခေတ် ဟူ၍ ခေတ်ကြီးခုနစ်ခေတ် ရှိခဲ့လေသည်။

အင်းဝခေတ်တွင် မြန်မာစာပေသည် တရှိန်ထိုး စည်ပင် ဖွံ့ဖြိုးလာ၏။ ရှင်မဟာရဋ္ဌသာရ၊ ရှင်မဟာသီလဝံသကဲ့သို့သော ရဟန်းစာဆိုများ၊ လူစာဆိုများအပြင် နန်းတွင်း အမျိုးသမီးစာဆို များလည်း ထွန်းကားခဲ့သေး၏။ အင်းဝခေတ်၌ ပြောင်မြောက်သော ရဟန်းပညာရှိ၊ လူပညာရှိတို့ ပေါ်ထွန်းခဲ့သောကြောင့် မြန်မာစာပေ သမိုင်းတွင် မှတ်တမ်းတင်ထိုက်သည့် ပထမတန်းစာ စာကြီးပေ ကြီးများ ထွန်းကားခဲ့သောခေတ် ဖြစ်ပေသည်။

အင်းဝခေတ် ရဟန်းစာဆိုများသည် ဘုရားဟော ဇာတ်နိပါတ် များကို မှီ၍ ပျို့အများအပြား ရေးသားခဲ့ကြ၏။ ထို့ကြောင့် အင်းဝ ခေတ်ကို ပျို့ခေတ်ဟူ၍ပင် နှောင်းလူတို့ အသိအမှတ် ပြုကြသည်။ ရဟန်းတော်များသည် ပါဠိကျမ်းဂန် ဒေသနာတော်များကို အချိန်ရှိ သရွေ့ မွေ့လျော်စွာ ဆည်းပူးလေ့လာတော်မူပြီး အရှင်မြတ်တို့ သိရှိ သမျှသော တရားအဆီအနှစ်တို့ကို အမျိုးလေးပါးတို့ လွယ်ကူစွာ သိစိမ့်သောငှာ ပျို့အစောင်စောင်ကို ရေးသား စီကုံးတော်မူခဲ့၏။

ဆရာတော်ဦးဗုဓ်သည် အဋ္ဌကထာများကို မပြုစုရသော်လည်း ပိဋကတ်၌ ခဲရာခဲဆစ် ပါဠိတော်များအား နှောင်းခေတ် သုတေသီများ အတွက် နိဿယကျမ်းပေါင်း ခြောက်ဆယ်ကျော် ရေးသားပြုစုတော် မူသွားပါသည်။

ဆရာတော်၏ ဘဝတစ်လျှောက်လုံး စာဖတ်ခြင်း စာရေးခြင်း အမှုမှုလွဲ၍ လောကီအမှုဟူသမျှ ဘယ်ကိစ္စမှ စိတ်မဝင်စားဟု ဆိုရလောက်သည့် အာဇာနည် ပုဂ္ဂိုလ်ကြီးပါပေတည်း။ သူ့မြင်ကွင်း၌ မြင်သမျှတို့ကို မိန့်မြွက်စရာရှိက သူများအဖို့ ကြိုက်၊ မကြိုက် ဂရုမပြု ပြောချလိုက်သည်ချည်း ဖြစ်၏။

ဆရာတော်ဦးပုဓ် (ကောဇာ ၁၁၄၉-၁၂၀၄) (AD ၁၇၈၇-၁၈၄၂)သည် အင်းဝခေတ်နှောင်းပိုင်းနှင့် ကုန်းဘောင်ခေတ်၏ အစဦးပိုင်းကာလတွင် နေတစ်ဆူ လတစ်ဆူပမာ ထင်ရှား၏။ ရှေးဘုရင်မင်းဆက် (၃၁)ဆက် ထီးနန်းစိုးစံခဲ့သော အင်းဝမြို့ရှိ အုတ်ကျောင်းတော်၌ နေထိုင် သီတင်းသုံးတော်မူခဲ့သည်။ မင်းမိဖုရားတို့၏ အကိုးကွယ်ခံ သာသနာ့ဥသျှောင် ဆရာတော်တစ်ပါးလည်း ဖြစ်၏။ ဗုဓ်စ၊ ဗုဓ်လယ်၊ ဗုဓ်ဆုံးဟု ဝေါဟာရတင် ဂုဏ်ပြုခံရသည်အထိ ဆရာတော်ဦးပုဓ်၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ ပေါ်လွင်လွန်းလှ၏။

ဆရာတော်ဦးပုဓ်သည် ဤလူ့လောက၌ လူဖြစ်လာရသည်မှာ ဗုဒ္ဓသာသနာတော်အကျိုးအတွက် သက်သက်သာ ဖြစ်လာရ၏ဟု ဆိုသော် ဆိုနိုင်လောက်သည့် အရှင်သူမြတ်ပါတည်း။

မှတ်ချက်။ ။ ဗုဓ်စဟူသည် ရှင်တော်ဗုဒ္ဓတည်း၊ ဗုဓ်လယ်ဟူသည် အဋ္ဌကထာဆရာ အရှင်မဟာ ဗုဒ္ဓဃောသတည်း၊ ဗုဓ်ဆုံးဟူသည် ဆရာတော်ဦးပုဓ်တည်း။

---

**ကျမ်းညွှန်း**

* မြန်မာစွယ်စုံကျမ်း အတွဲ (၁၀)ကို ကိုးကားမှီငြမ်းပါသည်
* ညီမြ၏ ကုန်းဘောင်ရှာပုံတော်မှီငြမ်းပါသည်

# ၉။ ရဟန်းရှင်လူတို့ စိတ်နှလုံးဝယ် ဒွိဟာဖြစ်စေမည့် စကားကိုဖြစ်စေ၊ စာကိုဖြစ်စေ ရေးသားရန်၊ ဟောကြားရန် မသင့်ပေ

ပဥ္စမသင်္ဂါယနာတင် မင်းတရား ( AD ၁၈၁၄-၁၈၇၈)လက်ထက်တော်ကာလ ဆူးခါးဆရာတော်က ထန်းရည်အရက်များကို သောက်ကောင်း၏။ အပြစ်မထင်ဟု ပြောဆိုနေသည်ကို ကင်းဝန်မင်းကြီး (AD ၁၈၂၂-၁၉ဝ၈)က ကြားသဖြင့် ဆရာတော်များကို အိမ်သို့ ပင့်၍ ဆွမ်းဆက်ကပ်ပါသည်။ ထို့နောက် မှူးမတ်အရာရှိများ အပါအဝင် သံဃာအစည်းအဝေး ကျင်းပပါသည်။

ထိုအစည်းအဝေးတွင် လယ်ကိုင်းမြို့စား သေနတ်ဝန် ကင်းဝန်မင်းကြီးက ဆူးခါးဆရာတော်အား-

“ဆရာတော်ဘုရား မြတ်စွာဘုရားတရားတော် ဓမ္မက္ခန္ဓာ ရှစ်သောင်းလေးထောင် ရှိသည့်အနက် ထန်းရည်အရက် သောက်ခြင်းနှင့် စပ်သော သုရာပါနကို ချန်ထား၍ ကျန် ရှစ်သောင်း သုံးထောင် ကိုးရာ ကိုးဆယ့် ကိုးပါး ဟောဖို့ရာ တရားတွေ များပါ၏ဘုရား။ ထန်းရည်အရက် သောက်ကောင်း၏ ဆိုသော သုရာပါနတရားကို မဟောပြောသင့်ပါဘုရား”ဟု လျှောက်ထား ဖူးသည်။

ထိုအချက်ကို ထောက်ထား၍ ဝိသုဒ္ဓါရုံ ဆရာတော်ကြီး (AD ၁၈၃၈-၁၉၁၆) က ဆိဒ္ဒပိဓာနနီကျမ်း သတိပေးခန်းတွင်-

“ကျမ်းဂန်ရေးသားသူ ရှင်လူ ရဟန်းတို့က ငြင်းခုံပြောကြားမည့်စာများကို မရေးသားမိရအောင် သတိကြပ်ကြပ် ထားသင့်

လှုပေသည်။ မော်ချင် ကြွားချင် ထင်ရှားကျော်စောချင်သော ဘုတ်အုပ်ရှင် ကျမ်းဆရာက သူ့ကိုလေသာကို သူမနိုင်၍ သာသနာတော် ညှိုးယိုင် ပျက်စီးမည်ကို မငဲ့မထောက်၊ ကသောက်ကယောက် ရေးထုတ်သော်လည်း ဘုတ်အုပ်ကြည့်ရှုသူတို့က ဝိဝါဒ ဖြစ်ပွားအောင် အားမပေးကြဘဲ ပညာရှိများနှင့် တိုင်ပင်ညှိနှိုင်း ချင့်ယူ၍ ယူသင့်မှ ယူ၊ မယူသင့်လျှင် ပယ်ဖျက်၍ ငြိမ်သက်တည်ကြည်စွာ ကျင့်ကြံ နေထိုင်ကြကုန်ရာသည်"ဟု သတိပေးတော်မူခဲ့၏။

## ၁၀။ ဓမ္မစေတီ ထိုက်၊ မထိုက်အဆုံးအဖြတ်

ဆဋ္ဌသင်္ဂါယနာကာလ ပိဋကတ်တော်တို့ကို စစ်ဆေးပြင်ဆင် ပေးတော်မူစဉ် စာမူပြင်ထားသော ဖောင်ကြမ်းစာရွက်နှင့် စပ်လျဉ်း၍ မဟာ ဝိသုဒ္ဓါရုံဆရာတော်ကြီး မိန့်တော်မူခဲ့သည့် ဩဝါဒနှင့် စပ်လျဉ်းပြီး ဧကာဒသမ ရွှေကျင်သနာပိုင် ကြေးမြင်ဆရာတော် (AD ၁၈၈၅-၁၉၈၉) မိန့်တော်မူသည်မှာ -

'ရန်ကုန် ပြည်ကြီးမဏ္ဍိုင်ပုံနှိပ်တိုက်က ရိုက်တဲ့စာမူတွေ ဆရာတော်ကြီးထံပါးကို ပို့တယ်။ ဝိနည်းပါဠိတော် စာဖောင်တွေ စစ်ပေးရတယ်။ ပို့တော့ ၁၀-မူ ပို့တယ်၊ ၁၀-ပါး ကြည့်ရတယ်၊ ပြန်ပို့တော့ တမူ ပြန်ပို့ရတယ်၊ ဒီတော့ ၉-မူဟာ ဒီမှာ ကျန်ရစ်တယ်။ တနေ့ညနေ သရိုင်ရွာ ပင်းကျောင်းဘုန်းကြီး ဦးနရိန္ဒဟာ ဆရာတော်ကြီးထံ

---

**ကျမ်းညွှန်း**

* မဟာစည်ထေရ်မြတ် အတ္ထုပ္ပတ္တိ (နှာ-၁၁၁)

သွားပြီး သိပ်နေမကောင်းလို့ ဆေးတောင်းတယ်။ ဒီတော့ ဆရာတော်ကြီးက အနီးရှိ ဝိနည်းပါဠိတော် ဖောင်ကြမ်းစာရွက်နဲ့ ထုပ်ပေးလိုက်တယ်။ ပြီးတော့ ပုံနှိပ်လွတ်တဲ့ နှုတ်ခမ်းသားမှာ 'အသုံးမပြုတော့သည်ဖြစ်၍ ဓမ္မစေတီဟု မခေါ်ထိုက်'လို့ ရေးပေးလိုက်တယ်။ အဲဒီ ပင်းကျောင်းဘုန်းကြီးက 'ဘုန်းကြီး, ဘုန်းကြီး ဆရာတော်ကြီးက ဒီလိုစာရေးပေးလိုက်တယ်၊ ဘာသဘောလဲ' လို့ လာမေးတယ်။

*'ရုပ်တုတော်တို့ ပါဠိတော်စာတို့ဆိုတာ ဘုရားအဖြစ် ဓမ္မစေတီအဖြစ် အသုံးပြုတဲ့အခါသာ ဘုရားလို့ခေါ်ထိုက်၊ အရိုအသေပြုထိုက်၊ ပူဇော်ထိုက်တယ်၊ ဓမ္မစေတီခေါ်ထိုက်တယ်၊ အသုံးမပြု အသိအမှတ်မပြုတဲ့အခါ ဘုရားဟုမဆိုရ၊ ဓမ္မစေတီမထိုက်တော့ဘူး'*ဆိုတဲ့ အဓိပ္ပာယ်လို့ ရှင်းပြလိုက်ရတယ်'ဟု ကောဒသမ ရွှေကျင်သာသနာပိုင် ကြေးမြင်ဆရာတော်မိန့်၏။

'ဘုရား'ဟု အသိအမှတ်မပြု။ မကိုးကွယ်မီ ရုပ်တုတော်များပေါ်သို့ အဝတ်လှန်းခြင်း စသော အမှုပြုခံကြရ၏။ ဝိနည်းပါဠိတော်စသော စာများလည်း ဓမ္မစေတီအဖြစ် အသိအမှတ်ပြုပူဇော်မှဓမ္မစေတီမည်ပြီး ဈေးသည်လက်ထဲ ရောက်ပါက စက္ကူစုတ်ဖြစ်သွားပြီးထန်းလျက်ထုပ်, ပဲလှော်ထုပ် ခံရသကဲ့သို့တည်း။

---

**ကျမ်းညွှန်း**

* ဦးမာနိတသိရီဘိဝံသ၏ မဟာဝိသုဒ္ဓါရုံဆရာတော် (၂၀၁၆ ခုနှစ်) ဒုတိယအကြိမ်ကို မှီငြမ်းသည်။

# ၁၁။ ပဏ္ဍိလို့ စာရချင်ရင် ပဏ္ဍိလို့ ကျက်ကြပါလား

ရဟန်းလောကတွင် ဗန်းမော်ဆရာတော်လို ပုဂ္ဂိုလ်မျိုးကား ရှားမှရှားဟုပင် ဆိုရချိမ့်မည်။ လောကတစ်ခုလုံးကို ဂရုမစိုက်ဘဲ မိမိမှန်သည်ဟုထင်က ဟုတ်တိုင်းမှန်ရာကိုသာ တဲ့တိုး ပြောဆိုတတ်သည်။ ပိဋကတ်ကျမ်းစာ တတ်ကျွမ်းသကဲ့သို့ စာပေကဗျာအရာတွင်လည်း လက်သံပြောင်လှစွာ လင်္ကာဖွဲ့ဆို စာချိုးတော်မူလေ့ရှိသည်။ စိတ်ထဲတွင် ခံပြင်းလာလျှင် (စိတ်ဆာလာလျှင်)ရွတ်တိ ရွတ်ထိုးလုပ်တတ်သော၊ ခွတိုက်တတ်သော စိတ်မှာလည်း မွေးရာပါဖြစ်ဟန်တူပါသည်။

သာမဏေဘဝက ရတနာပုံ နေပြည်တော်တွင် နယုန်လ၌ ကျင်းပသော ပထမပြန်စာမေးပွဲကို ဝင်ရောက်ဖြေဆိုရန်စာကို အပြင်းအထန် အပတ်တကုတ် ကျက်လေသည်။ ကိုရင်ဘွဲ့မှာ ရှင်ပဏ္ဍိတဖြစ်သည်။ စာမေးပွဲဖြေဆိုရမည့်အခါတွင် သင်္ကန်း ဝတ်ရုံသွားရန် အမြင်တင့်တယ်လောက်အောင် မရှိပေ။ ရှိသမျှ သင်္ကန်း နှစ်စုံ သုံးစုံလောက်မှာလည်း ဝတ်ရုံရသည်မှာ ဖန်တရာတေနေပြီဖြစ်၍ ဟောင်းနွမ်းလှနေပြီ။ စာပြန်ပွဲဝင်မည့်နေ့တွင် စိတ်ကူးရကာ မန္တလေးတောင်ခြေရှိ ကျောက်တော်ကြီး ရုပ်ပွားတော်ဘုရားကြီးကို ဦးခိုက်ရှိခိုးပြီး-

*"မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးဘုရား၊ တပည့်တော် မောင်ပဏ္ဍိမှာ ဘဝအကျိုးပေး နွန်နွဲ့လှသဖြင့် စာပြန်ပွဲတွင် ဝတ်ရုံရန် မျှတသောသင်္ကန်း မရှိပါဘုရား။ တပည့်တော်အား မဟာကရုဏာတော် ရှေ့ထား၍ ကိုယ်တော်ပေါ်တွင် လွှားထားသော သင်္ကန်း*

*တော်ကို စွန့်တော်မူပါဘုရား၊ ဆရာတော်ဖြစ်လျှင် ပြန်၍ ကပ်လှူပါမည်ဘုရား"*ဟု လျှောက်ထားကာ သင်္ကန်းကို ယူလေတော့သည်။ လောကကြီးကို ဂရုမစိုက်၊ မည်သူ့ကိုမျှ ထီမထင်သော ကိုရင်ပဏ္ဍိတသည် သင်္ကန်းကြီးကို ဖိုးရိုးဖားရား၊ မတော်တရော် ဝတ်ရုံကာ စာပြန်ပွဲ ဝင်လေတော့သည်။ ကိုရင်ပဏ္ဍိတသည် စာပြန်ရာတွင် တဒေါက်ဒေါက်ဖြင့် မရပ်မနား အထစ်အငေါ့မရှိ ပြန်ဆို နိုင်လေသည်။ စာထောက်စာမ ဆရာတော်များက ကိုရင် စာပြန် အလွန်မြန်သည်ကို စာကြည့်၍ မလိုက်နိုင်သဖြင့်-

*"ကိုရင် ဖြည်းဖြည်းပြန်လေ၊ ဒီမှာ လိုက်ကြည့်လို့ မရဘူး"*ဟု မိန့်သည်ကို ကိုရင်ပဏ္ဍိတက-

*"ပဏ္ဍိလို စာရချင်ရင် ပဏ္ဍိလို ကျက်ကြပါလား"*ဟု လျှောက်ထားသည်ဟူ၏။

## ၁၂။ သဝေထိုး တစ်လုံးတောင် မပြင်လေနှင့် ပြင်စရာကိုမလိုဘူး

ကျေးဇူးရှင် မဟာစည်ဆရာတော်ကြီး (AD ၁၉၀၄-၁၉၈၂) သည် ပရိယတ်၊ ပဋိပတ် နှစ်ရပ်လုံး၌ ကျွမ်းကျင်တော်မူလှသောကြောင့် အဆုံးအဖြတ် ပေးသင့်သည့် နေရာများ၌လည်း တိတိကျကျ ဆုံးဖြတ်မူနိုင်စွမ်း ရှိတော်မူ၏။ နှုတ်ဖြင့် တရားကို ဟောတော်မူသည်ဖြစ်စေ၊

---

**ကျမ်းညွှန်း** ✳ ဆုပြည့်စုံထွန်း အယ်ဒီတာအဖွဲ့၏ ဗန်းမော်ဆရာတော်ဘုရားကြီး (နှာ-၃၆)

လက်ဖြင့် ကျမ်းဂန်ကို ရေးတော်မူသည်ဖြစ်စေ အကြားဝင်စရာ မရှိ လောက်အောင်ပင် စေ့စပ် သေချာတော်မူလှပေသည်။ စာပေပညာရှင်တို့ကလည်း ဤအတိုင်းပင် မြင်တော်မူကြပြီး ဤအတိုင်းပင် ချီးကျူးကြပါသည်။ စာရေးဆရာ အကျော်အမော်တစ်ဦးက-

*"မဟာစည်ဆရာတော်ဘုရား ရေးသားတော်မူတဲ့စာဆိုရင် သဝေထိုးတစ်လုံးတောင် မပြင်လေနှင့် ပြင်စရာကိုမလိုဘူး"* ဟု မှတ်ချက်ပြုဖူး၏။

## ၁၃။ ဝိနယဂရုကထေရ်ရှင်များ ထမ်းစဉ်၊ လှည်းယာဉ် စီးရာတွင် သတိပြုတော်မူကြသည်

မဟာဝိသုဒ္ဓါရုံဆရာတော် (AD ၁၈၃၈-၁၉၁၆)သည် ရထားဖြင့် ကြွလာမည်ဖြစ်၍ စမွန်းရွာ, သရိုင်ရွာ စသော ရွာများမှ ဒကာ, ဒကာမများ ဝက်လက်ဘူတာသို့ သွားရောက် ကြိုဆိုကြ၏။ သရိုင်ရွှေတောင်ကျောင်း ဆရာတော်ကြီး ဦးမုနိန္ဒလည်း တောင်ဝှေးကြီးဖြင့် လိုက်ပါကြိုဆို၏။ ရထားဆိုက်၍ မဟာဝိသုဒ္ဓါရုံဆရာတော်နှင့်

---

**ကျမ်းညွှန်း**

* မဟာစည်ဆရာတော်ဘုရား၏ သလ္လေခသုတ်တရားတော်(ပထမတွဲ) လက်ဦးရှုဖွယ်ကို ကိုးကားသည်။

နောက်ပါသံဃာတော်တို့ ရထားက ဆင်းကြွလာသောအခါ ဒကာများက မဟာဝိသုဒ္ဓါရုံဆရာတော်ကို ထမ်းစဉ်ဖြင့် ထမ်းကြရန် ပြင်ဆင်ကြ၏။ ထိုအခါ ဆရာတော်ကြီးက မိမိထက်ကြီးသော ဆရာတော်ကြီး ဦးမုနိန္ဒရှိနေသဖြင့် မစီးဘဲ-

*"အရှင်ဘုရားစီးပါ"*ဟု လျှောက်၏။ ထိုအခါ ဆရာတော်ကြီး ဦးမုနိန္ဒက-

*"စီးပါဗျာ၊ ဒို့တောဘုန်းကြီး သွားနိုင်ပါတယ်"*ဟု ခွင့်ပြုမှစီး၏။

မဟာဝိသုဒ္ဓါရုံဆရာတော် သရိုင်ရောက်၍ ရွှေတောင်ကျောင်း၌ တည်းခိုနေစဉ် စပ်မိစပ်ရာ စကားပြောကြရာ လှည်းစီးမှုနှင့် စပ်၍ မဟာဝိသုဒ္ဓါရုံဆရာတော်က-

*'တပည့်တော် မဖျားမသွားတုန်းက ခြေထောက်နာလို့ တစ်ခါစီးဖူးတယ်'*ဟု ဝန်ခံလျှောက်ထားရာ ဆရာတော်ကြီး ဦးမုနိန္ဒက -

*"ဒို့ ခြေနာလို့ မသွားနိုင်လျှင် မသွားဘဲနေလိုက်တာဘဲ၊ လှည်းတော့ မစီးပါဘူး"*ဟု ပြန်လည် မိန့်တော်မူ၏။

---

**ကျမ်းညွှန်း**

* ဦးမာနိတသိရီဘိဝံသ၏မဟာဝိသုဒ္ဓါရုံဆရာတော်(၂၀၁၆ ခုနှစ်) ဒုတိယအကြိမ်

# (၈) အတွေ့တွေ

## ၁။ သင်္ကန်းကို သစ်ခေါက်ရည်ဆိုးခြင်း

ယနေ့ခေတ် လူငယ်၊ လူလတ်၊ လူရွယ်တို့သည် သူတို့၏ ဆံပင်ကို အရောင်အမျိုးမျိုး ဆိုးကြပါသည်။ သို့သော် ဘုရား၏ သားတော် ရဟန်းတော်များကမူ မိမိတို့၏သင်္ကန်းကို ကြိုက်ရာ အရောင် ဆိုးခွင့်မရှိပေ။ ကြိုက်ရာအရောင်ကို သုံးခွင့်လည်းမရှိပေ။ အသုံးပြုခွင့် မရှိသည့် သင်္ကန်းအရောင် ခြောက်မျိုးရှိလေသည်။ ၎င်းတို့မှာ ၁- ညိုမောင်းသော အရောင်ရှိသည့်သင်္ကန်း၊ ၂-ဝါရွှေသော အရောင်ရှိသည့်သင်္ကန်း၊ ၃- နီသောအရောင်ရှိသည့်သင်္ကန်း၊ ၄- မည်းနက်သောအရောင်ရှိသည့်သင်္ကန်း၊ ၅- အနီရင့်ရောင်ရှိသည့် သင်္ကန်းနှင့် ၆- ဖျော့တော့သော အရောင်ရှိသည့် သင်္ကန်းတို့ ဖြစ် ကြောင်း စာပေ၌ လာရှိပါသည်။

ထို့ကြောင့် သစ်ခေါက်ဆိုးကာ အသုံးပြုတော်မူကြသည့် ရဟန်းတော်များအနေဖြင့် သင်္ကန်းကို သစ်ခေါက်ဆိုးရာတွင် အရောင်ကို ဂရုတစိုက် စီစစ်ရပါသည်။ သင်္ကန်းရေစိုနေသည့်အခိုက် တွေ့ရသည့် အရောင်နှင့် သင်္ကန်းခြောက်သည့်အခါ တွေ့ရမည့် အရောင်မှာ များစွာ အပြောင်းအလဲ ရှိတတ်သည်ကိုလည်း မမေ့ ထားသင့်ပါ။ သစ်ခေါက်ဆိုးရည် ဆိုးထားသည့် သင်္ကန်းသည် သာမန် သင်္ကန်းထက် အနည်းငယ် ပိုထူထဲသကဲ့သို့ အလေးချိန်လည်း ပိုပါသည်။

# စာပေလောဆိုးရည် (၆) မျိုး

သက်န်းကို ၁- ပင်စည်ဆိုးရည်၊ ၂- အသီးဆိုးရည်၊ ၃- အပွင့်ဆိုးရည်၊ ၄- အခေါက်ဆိုးရည်၊ ၅- အရွက်ဆိုးရည်နှင့် ၆- အမြစ်ဆိုးရည်တို့ဖြင့် ဆိုးနိုင်ပါသည်။

သစ်ခေါက်ဆိုးနိုင်ရန် ပစ္စည်းများကို အပ်အပ်စပ်စပ် စီမံရပါမည်။ လိုအပ်သည့် ပစ္စည်းများမှာ မိုးပြဒယ်တစ်လုံး၊ နို့ဆီဘူးခွံကို လက်ကိုင်တပ်ထားသည့် ယောက်ချို၊ အခေါင်းဖုံး အရွယ်အစားခန့် ရှိသည့် သစ်သားအပြားတစ်ချပ် (ဝါ) အခေါင်းဖုံးတစ်ချပ်နှင့် ထင်းအရှည် အလုံအလောက်တို့ ဖြစ်ပါသည်။ ထင်းအကုန်အကျ သက်သာစေနိုင်သည့် အကောင်းဆုံးနည်းလမ်းမှာ ကျင်းတူးထားသည့် မီးဖိုကိုသုံးခြင်း ဖြစ်ပါသည်။

သက်န်းသစ်ခေါက်ဆိုးရာတွင် ညောင်၊ ပျဉ်းကတိုး၊ တောပိတောက်၊ ငုဝါ၊ ပိန္နဲစသည့် အစေးအားကောင်းသည့် အပင်များမှ အခေါက်များကို သုံးလေ့ရှိပါသည်။ ပျဉ်းကတိုး အသီးအခွံခြောက်များလည်း အသုံးပြုကြပါသည်။ ညောင်ခေါက်မှ ကြက်သွေးရင့်ရောင်၊ ပျဉ်းကတိုး ပိတောက် ငုဝါတို့မှ နီညိုရင့်ရောင်နှင့် ပိန္နဲမှ အဝါရင့်ရောင် သစ်ခေါက်ရည်ကို ရပါသည်။ ညောင်ခေါက်သည် အသားရေကို အေးမြစေ၍ နွေရာသီ သုံးလေ့ရှိပြီး ပျဉ်းကတိုး၊ ပိတောက်များသည် အနည်းငယ်နွေးသဖြင့် ဆောင်းရာသီတွင် သုံးလေ့ရှိပါသည်။

သစ်ခေါက်ကို ခွာရာတွင် ကပ္ပိယက ဓားမထက်ထက်ဖြင့် သစ်ပင်ကို အပေါ်မျဉ်း အောက်မျဉ်း တစ်တောင်ခန့် ထစ်၍ ခွာရပါသည်။ ခါးပတ်ရစ်ခွာမိလျှင် အပင်ကိုသင်း သတ်သကဲ့သို့ဖြစ်ကာ

အပင် သေတတ်ပါသည်။ သက်န်း ဒွိစုံတစ်စုံအတွက် ယေဘူယျအားဖြင့် သစ်ခေါက်နှစ်ပြည်ခန့် လိုအပ်ပါသည်။ ထို့ကြောင့် သစ်ခေါက်ခွာမည့် ကပ္ပိယကလည်း ဗဟုသုတရှိရန် လိုပါသည်။ ချည်သင်္ကန်းကိုသာ သစ်ခေါက်ဆိုးရာတွင် ပိုမိုအဆင်ပြေတတ်ပြီး နိုင်လွန်သင်္ကန်း၊ တက်ထရွန် သင်္ကန်းများမှာမူ အဆင်မပြေတတ်ပေ။

## ဆိုးရည်ပြုပြင်ခြင်း

သစ်ခေါက်ခွာယူပြီးနောက် လက်လေးသစ်မျှ ခုတ်ပိုင်းကာ နာရီအနည်းငယ်ခန့် ရေစိမ်ရပါမည်။ ထို့နောက် ၎င်းရေနှင့်အတူ မီးဖိုပေါ်တွင် ကျိုချက်ရပါသည်။ ရေခန်းလျှင် ရေထပ်ထည့်၊ ရေခန်းလျှင် ရေထပ်ထည့်ဖြင့် (၃)ရေခန့် ကျပြီးလျှင်မူ သစ်ခေါက်ပြုတ်ရည် တစ်ဇွန်းခန့်ကိုယူပြီး အအေးခံကာ လိုအပ်သည့် အစေးအတိုင်းအတာကို ရမရ စမ်းသပ်ရပါသည်။ စမ်းသပ်နည်းမှာ သစ်ခေါက်ပြုတ်ရည်သုံး လေးစက်ကို လက်ညှိုးနှင့် လက်မအကြား လက်ချောင်း(၂)ချောင်းဖြင့် တို့ယူကာ ကပ်လိုက်ခွာလိုက်၊ ကပ်လိုက်ခွာလိုက် ပြုလုပ်လျှင် စေးကပ်လာရပါမည်။ မစေးကပ်သေးလျှင် စေးကပ်လာသည်အထိ ကျိုချက်ရပါသည်။

မီးဖိုပေါ် သစ်ခေါက်ပြုတ်ရည် အသင့်ဖြစ်ပါက မီးဖိုထဲ၌ မီးစွဲလောင်နေသည့်ထင်းကို အပြင်သို့ ထုတ်ယူကာ ဆိုးရည်ကို လက်ဖြင့် ထိသာကိုင်သာ နွေးလောက်သည်အထိ အေးလာစေရန် ခေတ္တစောင့်ရပါမည်။ အကယ်၍ ဆိုးရည် အေးစက်သွားပါလျှင်မူ သင်္ကန်း၏ ချည်အသားထဲ စိမ့်ဝင်နှုံး ကျတတ်ပါသည်။

## လူ့သေအခေါင်းဖုံးသည် သစ်ခေါက်ဆိုးရာတွင် အသုံးဝင်ပါသည်

မိမိဆိုးလိုသည့် ချည်သက်န်းကို အနံ (၁)ပေကျော်ကျော် ရှိလာသည့်အထိ အရှည်လိုက်ခေါက်ပြီး သစ်ခေါက်ဆိုးရာ ပျဉ် အပေါ်၌ အလျားလိုက် ခင်းရပါသည်။ လူသေအခေါင်းဖုံးသည် သစ်ခေါက်ဆိုးရန် အလိုက်သင့် အဆင်ပြေတတ်ပါသည်။

အခေါင်းအဖုံးပေါ် အလျားလိုက် တင်ထားသည့် သက်န်းကို အစတစ်ဖက်မှ စဆိုးရန်အတွက် သစ်ခေါက်ဆိုးရည်ကို လက်ခုပ်ဖြင့် ယူပြီး ပုတ်ကာ၊ ပုတ်ကာ၊ တံတောင်ဖြင့် ဖိကာ၊ ဖိကာဖြင့် အထက်သို့ လိပ်လာရပါမည်။

သက်န်းအထက်မှ အောက်သို့လိပ်လာသည့်အလိပ် ပြီးဆုံး သွားပါက ဒုတိယအကြိမ် ဆိုးနိုင်ရန် သက်န်းကို ပြန်ဖြန့်ရပါသည်။ ထို့နောက် အခေါင်းဖုံးပေါ်တင်ကာ အောက်မှအထက်သို့ သစ်ခေါက် ဆိုးရည်ဖြင့် ပုတ်ကာပုတ်ကာ တံတောင်ဖြင့်ဖိကာ၊ ဖိကာဖြင့် ပြုလုပ် ရပါသည်။ ဤနည်းဖြင့်ပင် စိတ်တိုင်းကျသည့်အထိ အကြိမ်ကြိမ် ဆိုးရပါသည်။

## သက်န်းကို အပြန့်လိုက် လှန်းရပါမည်

သစ်ခေါက်ဆိုးပြီးသက်န်းကို အဝတ်လှန်းရာ ရိုးရိုးကြိုးတန်း တစ်တန်းတည်းဖြင့် လှန်းရိုးလှန်းစဉ် မလှန်းသင့်ပါ။ အကြောင်းမှာ ချည်သားထဲမှ ဆိုးရည်များ အောက်သို့ စီးကျလာနိုင်သောကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် အဝတ်လှန်းကြိုး တစ်တန်းအစား တစ်ပေခြား၊ တစ်ပေခြားစီဖြင့် ခြောက်ကြိုးခန့်ကို တန်းထားသင့်သည်။ ထိုကြိုး

ပေါ်တွင် သက်န်းကို အပြန့်လိုက် လွှားရပါမည်။ ပမာပြရသော် ဗူးစင်ပေါ်တွင် စောင်လွှားထားသည့်နှယ် ဖြစ်နေရပါမည်။ သို့မှသာ သစ်ခေါက်ဆိုးရည် ညီညီညာညာ ဖြစ်ပေလိမ့်မည်။ သက်န်းလည်း ခြောက်သွေ့မြန်ပါသည်။ သင်းပျံ့နေသည့် သစ်ခေါက်အနံ့သည် တောနေရဟန်းတစ်ပါး၏ ရနံ့ပင်ဖြစ်ပေသည်။

အကယ်၍ သစ်ခေါက်ဆိုးရည် ထူသွားပါက သက်န်းသည် ထူလပြစ်ကြီးဖြစ်ပြီး သက်န်းရမ်းရာ၌ လည်းကောင်း၊ ရုံရာ၌လည်းကောင်း ပိတ်စအသစ်တွင် ကော်တင်ထားသည့်နှယ် အနည်းငယ်ထောက်တောက်တောက် ဖြစ်နေတတ်ပါသည်။ ရက်အနည်းငယ်ကြာလာလျှင်မူ အခက်အခဲမရှိတော့ဘဲ နေသားကျလာပါမည်။ ထို့ပြင် သစ်ခေါက်သက်န်းကို ဆပ်ပြာဖြင့်လျှော်ရန် မသင့်လျော်ပါ။ သက်န်းလှန်းသည့် ကြိုးတန်းအဖြစ် သံကြိုးကိုသုံးလျှင် သံချေးလိုက်တတ်ပါသည်။ အစင်းရာထင်လိမ့်မည်။ အသင့်တော်ဆုံးမှာ ဝါးလုံးတန်းဖြစ်ပါသည်။ ဝါးလုံးကို သက်န်းမလွှားမီ ဖုံကင်းစင်စေရန် အဝတ်စုတ်တစ်ခုဖြင့် သုတ်ပြီးမှ သစ်ခေါက်ရည် ဆိုးထားသည့် သက်န်းကို လွှားလျှင် အစင်းရာ မထင်နိုင်တော့ပေ။ ဧကသီ တစ်ထည်အတွက် သစ်ခေါက်ဆိုးရည် (၁)လီတာခန့် (ရေသန့်တစ်ဗူးခန့်) သုံးရပြီး၊ သင်းပိုင်တစ်ထည်အတွက်မူ လီတာဝက် (ဝ၊) ရေသန့်ဗူးတစ်ဝက်ခန့်သုံးလျှင် အလောတော် ဖြစ်ပေသည်။

အချို့သော ဒေသများ၌မူ သစ်ခေါက်အရည်ကို အထက်ဖော်ပြပါအတိုင်း ကြိုချက်ပြီးနောက် ၎င်းသစ်ခေါက်ရည် ပူပူထဲတွင် သက်န်းကို စိမ်ဆိုးသည်လည်း ရှိပါသည်။ ၎င်းဆိုးနည်းသည် အလုပ်ရှုပ် သက်သာပါသော်လည်း ကြာရှည်မခံတတ်ပါ။

## နှင်းရိုက်ခံခြင်း

မိုးရာသီနှင့် နှင်းကျသည့် ဆောင်းရာသီတို့၌ နှင်းငွေ့ ရိုက်သဖြင့် သက်န်းအစိုပြန်ပြီး ကွက်လာတတ်ပါသည်။ သာမန်အချိန်များတွင်လည်း ရေထိသည့် နေရာများ၌ ကွက်တတ်ပါသည်။ ထိုသို့ဖြစ်လာလျှင် မြက်ခင်းပြင်၌သော်လည်းကောင်း၊ သက်န်းကြိုးတန်းစင်၌သော်လည်းကောင်း နံနက်အရုဏ် မတက်ခင် (၄)နာရီလောက်၌ ပြန်လွှားထားပေးရပါသည်။ နှင်းရေစုတ်ကာ သစ်ခေါက်ရည်များ ညီညီညာညာဖြင့် ပြန့်သွားပေလိမ့်မည်။ ထို့နောက် နေထွက်လာသည့်အခါ ခြောက်သည်အထိ နေပြရပါသည်။ ဤသို့ပြုလုပ်သည်ကို သစ်ခေါက် နှင်းရိုက်ခံသည်ဟုလည်း ခေါ်ဆိုလေ့ ရှိပါသည်။

ထိုသို့မဟုတ်ဘဲ မူလသစ်ခေါက်ဆိုးစဉ်ကဲ့သို့ပင် သစ်ခေါက်ဆိုးရာ အခေါင်းအဖုံးအပေါ်တင်ကာ သက်န်းကို ရေနွေးဖြင့် ပုတ်ပုတ်ပေးကာ တံတောင်ဖြင့် ဖိဖိပေးလျှင်လည်း သစ်ခေါက်အသစ် ဆိုးသကဲ့သို့ ပြန်ဖြစ်လာပြီး ကြိုးတန်း၌ လွှားပေးရပါသည်။ ဤသို့လုပ်ခြင်းကို သစ်ခေါက်လျော်သည် ဟူ၍လည်း ခေါ်လေ့ရှိပါသည်။

နေပြည်တော် ရန်ကင်းတောရကျောင်း၏ သက်န်းသစ်ခေါက်ဆိုးနည်းကို မျှဝေပေးခြင်းမျှသာ ဖြစ်ပါသည်။ တစ်နေရာနှင့် တစ်နေရာ လုပ်နည်းလုပ်ဟန် အနည်းငယ် ကွဲပြားမှုများ ရှိနိုင်ပါသည်။

**ကျမ်းညွှန်း**

* (၃၇၂)၊ သဗ္ဗနီလကာဒိပဋိက္ခေပကထာ၊ စီဝရက္ခန္ဓက၊ မဟာဝဂ္ဂပါဠိ (နှာ-၄၂၂)
* (၃၄၄)၊ စီဝရရဇနကထာ၊ စီဝရက္ခန္ဓက၊ မဟာဝဂ္ဂပါဠိ (နှာ-၃၉၉)

## ၂။ နှမ်းဆီဖြင့် သပိတ်မှုတ်ခြင်း

*"ပါတိမောက်ဘာသာဋီကာမှာ ရဟန်းတော်များအတွက် သပိတ်နဲ့စပ်ပြီး မြေသပိတ်နှင့် သံသပိတ်နှစ်မျိုးသာ အပ်တယ်လို့ ဆိုပါတယ်၊ မြေသပိတ်ကို (၂)ကြိမ် မီးဖုတ်ရမယ်၊ သံသပိတ်ကိုတော့ (၅)ကြိမ် မီးဖုတ်ရမယ်လို့ အဋ္ဌကထာက ဆိုထားပါတယ်။*

*ဒီလို မီးဖုတ်ရတာက ဖြူကြောင်ကြောင် အဆင်းမရှိစေဘဲ ညိုမှောင်မှောင်အဆင်း ရှိစေလိုရင်း ဖြစ်တယ်၊ ဒါမှလည်း သမဏ သာရုပ္ပဖြစ်မယ်ကိုယ်တော်၊ ဘုရားက သေခိယမှာ ဆွမ်းခံရင် သပိတ်မှာ စိတ်အာရုံစိုက်ထားရမယ်တဲ့၊ ဆွမ်းကို နည်းနည်းခံယူပြီး ဟင်းကို ဆွမ်းထက် နှစ်ဆ၊ သုံးဆ မခံယူဘဲ၊ မျှတရုံ ခံယူရမှာတဲ့ ကိုယ်တော်၊ တစ်ခါ သပိတ်နှုတ်ခမ်း အရစ်နှင့်အညီပဲ ဆွမ်းကို ခံယူရမယ်၊ သပိတ်အပြည့် အမောက်လျှံတက်နေအောင် အလှူမခံဖို့လည်း တားမြစ်တော် မူထားပါသေးတယ် ဦးခေမာ၊ ရဟန်းတော်များ ကြည်ညိုဖွယ် ဖြစ်အောင်လို့ပါ"*ဟု လဲဘူးဆရာတော်ကြီးက မိန့်တော်မူပါသည်။

### သပိတ်ပမာဏ

သပိတ်ပမာဏမှာ အကြီးစားဥက္ကဋ္ဌသပိတ်၊ အလတ်စား မဇ္ဈိမ သပိတ်၊ အငယ်စားဩမက သပိတ်ဟူ၍ သုံးစားရှိ၏။

အကြီးစားဥက္ကဋ္ဌသပိတ် မည်သည် ဆန်တစ်ခွက်ချက်ထမင်း၊ ၎င်း၏ လေးပုံပုံတစ်ပုံ ခဲဖွယ်နှင့် ၎င်းအားလျော်သော ဟင်းလျာကို ယူနိုင်၏။

အလတ်စား မဇ္ဈိမသပိတ်မည်သည် ဆန်တစ်စလယ်ချက် ထမင်း၊ ၎င်း၏လေးပုံပုံတစ်ပုံ ခဲဖွယ်နှင့် ၎င်းအားလျော်သော ဟင်းလျာ ကို ယူနိုင်၏။

အငယ်စား ဩမက သပိတ်မည်သည် ဆန်တစ်လမယ်ချက် ထမင်း၊ ၎င်း၏လေးပုံပုံတစ်ပုံ ခဲဖွယ်နှင့် ၎င်းအားလျော်သော ဟင်းလျာကို ယူနိုင်၏။ ဤဖော်ပြပါသပိတ်ထက် ကြီးလျှင်လည်း သပိတ်မဟုတ်တော့ပေ၊ ငယ်နေလျှင်လည်း သပိတ်မဟုတ်တော့ပေ။

တစ်ဖန် ခုဒ္ဒသိက္ခာတွင် ဒါရုရူပိယသောဝဏ္ဏာ၊ မဏိ ဝေဠုရိယာမယာ-စသည့် အကပ္ပိယ သပိတ်များမှာ သစ်သားသပိတ်၊ ငွေသပိတ်၊ ရွှေသပိတ်၊ ပတ္တမြားသပိတ်၊ ကြောင်မျက်ရွဲသပိတ်၊ ကြေးဖြူသပိတ်၊ စဥ့်သပိတ်၊ သလွဲဖြူသပိတ်၊ သလွဲမည်းသပိတ်၊ ဖန်သပိတ်၊ ကြေးနီသပိတ်၊ စသော မအပ်သော သပိတ်တို့ကို ပြထားသည်။

စားသောက်ခွက် (ထာလက)နေရာ၌ တမ္ဗာယောမတ္တိ ကာမယာ - စသည်ဖြင့် ကြေးနီခွက်၊ သံခွက်၊ မြေခွက်တို့ အပ်စပ် သည်ဟု ပြဆိုပါသည်။ ထို့ကြောင့် စတီးသပိတ် အဖြူသက်သက် ကိုမူ သံခွက်အနေဖြင့် ဆွမ်းဘောဇဉ်များ ထည့်၍ ဘုဉ်းပေးနိုင်ပါ သော်လည်း **“ကပ္ပံ ပတ္တံ အဓိဋ္ဌာမိ”**ဟု အဓိဋ္ဌာန်တင်ကာ သပိတ်အဖြစ်ဖြင့် သုံးဆောင်ခွင့် မရှိပေ။

## အစိဋ္ဌာန်တင်လောက်သည့် သပိတ်ကို မီးဖုတ်ရပါမည်

ထို့ကြောင့် သပိတ်အဖြစ် အသုံးပြုနိုင်ရန် အဓိဋ္ဌာန်တင်လောက်သည့် သပိတ်ကို မီးဖုတ်ရပါမည်။ သပိတ်ဖုတ်နိုင်ရန်အတွက် ဦးစွာ အောက်ဖော်ပြပါ ပစ္စည်းများကို အပ်အပ်စပ်စပ် စုဆောင်းရပါမည်။

(၁) ကြွက်မြီးတန်းအောင် ချက်ထားသည့် နှမ်းဆီစစ်စစ်
(၂) ပီပါအဖုံးသံပြားနှင့် ပြုပြင်ထားသော သံဖြူအုပ်ဆောင်း
(၃) နို့ဆီဗူးအခွံ (၃) ခွက်၊
(၄) ထင်း နှင့်
(၅) မီးကျင်းမီးဖိုတို့ ဖြစ်ပါသည်။

သပိတ်မဖုတ်ခင် မီးကျင်းမီးဖို၌ ကြိုတင် မီးမွှေးရပါမည်။ မီးကြီးခဲများ မီးအားကောင်းလာအောင် စောင့်ဆိုင်းနေစဉ် သပိတ်၌ ကပ်နေသော ဆေးနှင့်ဂျီးများကို ရေစိုကော်ပတ်အနုစားဖြင့် ပွတ်တိုက်၍ဖြစ်စေ၊ သပွတ်အူဖြင့် ပွတ်တိုက်၍ဖြစ်စေ ပြောင်စင်အောင် ချွတ်ရပါမည်။ ကြိုတင်ပြီး ချက်ထားသော ကြွက်မြီးတန်း နှမ်းဆီပျစ်ပျစ်ကို သန့်ရှင်းသောလက်ဖြင့် သပိတ်၌ ခပ်ပါးပါး ပွတ်လိမ်းရပါမည်။ နှမ်းဆီကို နှံ့အောင် မထူလွန်း မပါးလွန်း ညီမျှအောင် လက်ဆမှန်မှန်ဖြင့် သုတ်လိမ်းရန် အရေးကြီးပါသည်။

မီးအားကောင်းလာပါက မီးကျင်းမီးဖိုအပေါ်တွင် ပီပါအဖုံးကို တင်ထားပြီး နို့ဆီဗူးခွံ (၃)ခုကို ဖိုခနောက် တင်ထားရပါမည်။ နှမ်းဆီသုတ်လိမ်းထားသော သပိတ်ကို ဖိုခနောက်ခုံပေါ်၌ တင်၍အပေါ်က

သံဖြူအုပ်ဆောင်းဖြင့် လေလုံအောင် အုပ်ထားရမည်။ အုပ်ဆောင်း အပေါ် တစ်နေရာ၌ စပါးတစ်စေ့စာ မီးခိုးထွက်ရန် အပေါက်ငယ် ဖောက်ထားရပါမည်။

## သပိတ်ကောင်းရန် အချိန်အရေးပါသည်

စတင်သည့်အချိန်ကို နာရီကြည့်ကာမှတ်သားပြီး (၅)မိနစ် (၆)မိနစ်ခန့် ကြာသောအခါ အုပ်ဆောင်းကိုဖွင့်၍ သုတ်လိမ်းထား သည့်ဆီ ကျက်မကျက်ကို ကြည့်ရပါမည်။ သို့မဟုတ် အုပ်ဆောင်း အပေါက်ငယ်မှ ထွက်လာသော မီးခိုးအနံ့ကိုရှူပြီး အတွေ့အကြုံ အရလည်း ခန့်မှန်းနိုင်ပါသည်။

ကျက်လျှင် အသင့်ဆောင်ထားသော ဒုတ် (၂)ချောင်းဖြင့် လက်အပူမလောင်အောင် မီးညှပ်သဖွယ် အသုံးပြုပြီး သပိတ်ကို ချရပါမည်။ ဒုတ်အစား ကဒ်ထူစက္ကူဖြင့်လည်း လက်အပူမလောင် စေရန် ကာကွယ်ပြီး ချနိုင်ပါသည်။ လက်နှီးကို အသုံးပြုမိလျှင်မူ အဆင်မပြေစရာ အကြောင်းတစ်ခု ကြုံတွေ့နိုင်ပါသည်။ ၎င်းမှာ မိမိအသုံးပြုသည့် လက်နှီးစုတ်မှာ နိုင်လွန်ခြည်များ ပါသွားလျှင် ပူနေသည့် သံသပိတ်ကို ကိုင်ရာတွင် အရည်ပျော်ပြီး ကပ်နိုင်သော ကြောင့် ဖြစ်ပါသည်။ ချည်သားစစ်စစ် ဖြစ်လျှင်မူ အသုံးပြုနိုင်ပါသည်။ ပထမတစ်ကြိမ် ဖုတ်ထားသည့် သပိတ်သည် အနည်းငယ် မဲပြောင်၍ လာပါမည်။

## သပိတ်လုံးတစ်လှည့် အဖုံးတစ်လှည့်ခီ

တဖန် သပိတ်အဖုံးကိုလည်း သပိတ်အတိုင်းပင် နှမ်းဆီ သုတ်လိမ်း၍ မီးဖိုပေါ် တင်ထားရပါမည်။ နာရီကိုမှတ်သားပြီး (၅) မိနစ်၊ (၆) မိနစ်ခန့် ကြာသောအခါ ကျက်မကျက် ကြည့်၍ ရှေးနည်း အတိုင်း မီးဖိုပေါ်မှ ချရပါမည်။ သပိတ်ဖုံး မီးဖုတ်နေစဉ် သပိတ်လုံးကို တဖန် နှမ်းဆီနှံ့အောင် သုတ်လိမ်းထားရမည်။ သပိတ်ဖုံးချပြီးလျှင် သပိတ်ကို ဒုတိယအကြိမ် မီးဖုတ်ရန် မီးဖိုပေါ်တင်ရပါမည်။ အဋ္ဌကထာ၌ လာရှိသည့်အတိုင်း မြေသပိတ်ဆိုလျှင် သုံးကြိမ်၊ သံသပိတ်ဆိုလျှင် ငါးကြိမ် ဖုတ်ရပါမည်။ သပိတ်လုံးတလှည့် သပိတ်ဖုံး တလှည့်ဖြင့် ဖုတ်ရပါသည်။ ငါးကြိမ်ပြည့်သောအခါ သပိတ်သည် မည်းနက်ပြောင်ဝင်းကာ အဓိဋ္ဌာန် တင်လောက်သော သပိတ်တစ်လုံးကို ရရှိလာမည် ဖြစ်ပါသည်။

နေပြည်တော် ရန်ကင်းတောရကျောင်း၏ သပိတ်ဖုတ်နည်းကို မျှဝေပေးခြင်းမျှသာ ဖြစ်ပါသည်။ တစ်နေရာနှင့် တစ်နေရာ လုပ်နည်း လုပ်ဟန် အနည်းငယ် ကွဲပြားမှုများ ရှိနိုင်ပါသည်။

**ကျမ်းညွှန်း**

* (၆၀၈)၊ ပတ္တသိက္ခာပဒဝဏ္ဏနာ၊ နိဿဂ္ဂိယကဏ္ဍ၊ ပါရာဇိကအဋ္ဌကထာ-၂ (နှာ-၂၈၃)
* (၆၉-၇၀)၊ အကပ္ပိယသပိတ်များ၊ ပတ္တနိဒ္ဒေသ၊ ခုဒ္ဒသိက္ခာဘာသာဋီကာ (နှာ-၁၁၃)
* (၇)၊ သေခိယကဏ္ဍ၊ ပါရာဇိကပါဠိ (နှာ-၃၅၃)
* (၆၀၂)၊ ပတ္တသိက္ခာပဒ၊ နိဿဂ္ဂိယကဏ္ဍ၊ ပါရာဇိကပါဠိ (နှာ-၃၅၃)

# ၃။ မြတ်ဘုရား၏ အဆုံးအမကို လိုက်နာကျင့်သုံးသူ မရှိတော့လျှင် သာသနာကွယ်သည်

သာသနာဟူသည် အဆုံးအမဖြစ်ပါသည်။ မြတ်စွာဘုရားရှင်၏ နှုတ်တော်ထွက်စကား အဆုံးအမတို့ကို ထိုထိုပိဋကတ်တော် စာအုပ်များထဲတွင် မှတ်တမ်းတင်ထားပါသည်။ ထိုမှတ်တမ်းများကို သင်ယူလေ့လာကာ လိုက်နာကျင့်သုံးနေသူ ရှိမှသာ သာသနာတည်သည်၊ အဆုံးအမတည်သည်ဟု ဆိုရ၏။

အချို့ဗုဒ္ဓဘာသာ တိုင်းနိုင်ငံများမှ တိုင်းသူပြည်သားများသည် ယခုအခါ ဗုဒ္ဓဘာသာကိုစွန့်ကာ အခြားဘာသာကို ကိုးကွယ်နေကြကုန်၏။ ထိုတိုင်းပြည်များ၏ ယဉ်ကျေးမှုပြတိုက်များတွင် ပိဋကတ်တော်ပေစာ၊ ကျောက်စာများ၊ ဘုရားဆင်းတုတော် စသည်တို့ကို ရှေးဟောင်းပစ္စည်းများအဖြစ် ထိန်းသိမ်းထားပါသည်။

၎င်းတို့၏ တိုင်းနိုင်ငံ မြေပေါ်တွင်လည်း စေတီအပျက် အုတ်ပုံများနှင့် ဆင်းတုတော်များရှိနေပြီး ၎င်းတို့ကိုလည်း စောင့်ရှောက်ထားပါသေးသည်။ ကြည်ညို၍ မဟုတ်ဘဲ နိုင်ငံရပ်ခြားသားများလာရောက် ကြည့်ရှုလျှင် ငွေကောက်ခံနိုင်ရန် ဖြစ်သည်။ သို့သော် ထိုတိုင်းနိုင်ငံများတွင် မြတ်ဘုရား၏အဆုံးအမကို လိုက်နာကျင့်သုံးသူ မရှိတော့သောကြောင့် ဗုဒ္ဓသာသနာတော် ကွယ်ပျောက်သွားလေပြီ၊ သာသနာကွယ်ပြီဟု ယနေ့ သုံးနှုန်း ပြောဆိုကြရပါသည်။



ကျေးဇူးရှင် ဗာရာဏသီဆရာတော်ဘုရားကြီး

(မြန်မာ ၁၂၆၄ - ၁၃၅၅) (ခရစ် ၁၉၀၂ - ၁၉၉၃)

## ကျေးဇူးရှင် စံကင်းဆရာတော်

ကျေးဇူးတော်ရှင် စံကင်းဆရာတော်ကြီး(AD ၁၈၇၀-၁၉၇၂)က *"သာသနာကွယ်တယ်ဆိုတာဟာ အခြားမဟုတ်၊ သာသနာနောက် ပိုင်းမှာ ရဟန်းတော်တွေ၊ လူတွေက ဘုရားရှင်စကား နားမထောင်၊ မလိုက်နာ၊ မကျင့်သုံးတော့တာကိုပဲ သာသနာကွယ်တယ်လို့ ဆိုရမယ်။"*

## ကျေးဇူးရှင် ဗာရာဏသီဆရာတော်

ကျေးဇူးရှင် ဗာရာဏသီဆရာတော် (AD ၁၉၂၀-၁၉၉၄ ခုနှစ်)က-

*"သာသနာပျက်တယ်ဆိုတာ ကိုယ်တိုင် မကျင့်သုံးကြလို့ ကိုယ့်သန္တာန်မှာ သာသနာပျက်တာ၊ ငွေကြေးကို ကိုယ်တိုင်ကိုင်တွယ်တော့ ဇာတရူပရဇတသိက္ခာပုဒ် မိမိသန္တာန်မှာ ပျက်တယ်၊ ရှောင်ကြဉ်ရင် မိမိသန္တာန်မှာ ဇာတရူပသိက္ခာပုဒ် သာသနာတော် တည်တာပဲ"*ဟု ဆိုဆုံးမတော်မူဖူးပါသည်။

## ကျေးဇူးရှင် နဘူးကျောင်းဆရာတော်

ကျေးဇူးရှင် နဘူးကျောင်းဆရာတော် (AD ၁၉၂၁-၂၀၀၄ ခုနှစ်) ကလည်း-

*"တချို့ဘုန်းကြီးတွေက သာသနာကွယ်ရင် ဘယ်လို ကွယ်မှာလဲလို့ မေးကြတယ်၊ အခု အကျင့်ပဋိပတ်ထဲက ဓူတင်အကျင့်ကို ကျင့်တဲ့ရဟန်း အလွန်ရှားနေပြီ၊ ရဟန်းတွေ ဓူတင်ကို မကျင့်တော့ရင် ဓူတင်သာသနာ ကွယ်သွားပြီ "*

## ကျေးဇူးရှင် ရွှေဥမင်ဆရာတော်

ကျေးဇူးရှင်ရွှေဥမင်ဆရာတော်ကြီး(AD ၁၉၁၃-၂၀၀၂) ကလည်း ရဟန်း၊ ရှင်၊ လူတို့၏ သန္တာန်၌ သီလ၊ သမာဓိ၊ ပညာ ယုတ်လျော့၊ ယုတ်လျော့လာကာ ကိလေသာက ထူပြော၊ ထူပြောလာသည့်အဖြစ်ကို မြင်တော်မူကာ-

"*သာသနာ အလင်းရောင် ကွယ်သွားပြီ၊ အခု တိမ်တောက်လို့ လင်းနေတာ*"ဟု အလွန် လေးနက်စွာဖြင့် မိန့်ကြားတော်မူခဲ့ဖူးပါသည်။

## ကျေးဇူးရှင် ပန်းကုံးဆရာတော်

ကျေးဇူးရှင်ပန်းကုံးဆရာတော်(AD ၁၉၁၈-၂၀၀၁)ကလည်း -

"*သာသနာ နေရောင်၊ လရောင် ကွယ်သွားပြီ၊ ဖယောင်းတိုင် မီးရောင်ပဲ ရှိတော့တယ်*"ဟု မိန့်တော်မူ၏။

## စကားအစိပ္ပါယ်ဆိုလို့ရင်း သိရန်ခက်ခဲသည်

စာရေးသည့်ဘုန်းကြီး နားမလည်နိုင်လောက်အောင် လေးနက်နေပါသဖြင့် ပညာစက္ခု၊ ဓမ္မစက္ခုဖြင့် ပြည့်စုံတော်မူကြသည့် ထေရ်အရှင်များထံပါး ချဉ်းကပ်ကာ မေးမြန်း လျှောက်ထားရပါသည် -

"*ဟုတ်တယ်လေ ဦးဇေမာ ဇာတရူပရဇတသိက္ခာပုဒ်ကို မလိုက်နာသူအတွက် ဝိနည်းအဆုံးအမတစ်ခု သူ့သန္တာန်မှာ ကွယ်ပျောက်သွားပြီ၊ ဓုတင်အကျင့်တွေ မကျင့်တော့ရင်လည်း ဓုတင်သာသနာ ကွယ်ပြီ*"



ကျေးဇူးရှင် ပန်းကုံးဆရာတော်ဘုရားကြီး

(မြန်မာ ၁၂၈၀ - ၁၃၆၃) (ခရစ် ၁၉၁၈ - ၂၀၀၁)

*"ဖယောင်းတိုင်မီး အလင်းရောင်ဆိုတာက ဘယ်လိုပါလဲဘုရား" "ဒါက ဥပမာ ပြတော်မူတာပါဘုရား၊ ဆိုပါစို့ မြန်မာနိုင်ငံမှာ ရပ်ကွက်ကျေးရွာပေါင်း ခြောက်သောင်း သုံးထောင်ကျော်တယ်၊ သို့သော် ဘုရားအဆုံးအမကို ပြည့်ပြည့်ဝဝကျင့်တဲ့ နေရာက တစ်သောင်း နှစ်ထောင်ရှိရင်၊ ကျန်တဲ့ ငါးသောင်းတစ်ထောင်ကျော်မှာ အဆုံးအမ သာသနာ ကွယ်ပျောက်သွားပြီလို့ ဆိုလိုတာပါ၊ ဒီတော့ နေရောင်လရောင်လို တစ်နယ်လုံး တစ်ဒေသလုံး မထွန်းလင်းတော့ဘူးပေ့ါ၊ တစ်နယ်၊ နှစ်နယ်လောက်ပဲ ဖယောင်းတိုင် ထွန်းထားသလို ကွက်ကြား လင်းနေတာလို့ ဆိုလိုတာပါ ဦးခေမာ"*

ဆရာထေရ်သခင်တို့ကို မိမိတို့၏ မံသစက္ခု ပကတိမျက်စိဖြင့် ဖူးတွေ့ခွင့်ရခဲ့ပြီး၊ အဆုံးအမစကားကိုလည်း မိမိတို့၏ပကတိနားဖြင့် သေသေချာချာ နားကြားခွင့် ရခဲ့ပါသော်လည်း ထိုထိုအဆုံးအမတို့ကို ကျင့်သုံး လိုက်နာရန် မဆိုထားဘိ ဆရာထေရ်တို့၏ စကားအဓိပ္ပါယ် ဆိုလိုရင်းကိုပင် ခရေစေ့တွင်းကျ ပြည့်ပြည့်ဝဝ သိနိုင်လောက်သည့် ပညာဉာဏ်မျက်စိ မွဲလွန်းနေပါသည်။ သန္တာန်၌ အဆုံးအမတည်ရန်ကား သာ၍ ခက်ခဲလှပေတော့မည်။

---

**ကျမ်းညွှန်း**

* ကျေးဇူးတော်ရှင် ဝိသုဒ္ဓါရုံ စံကင်းဆရာတော်ကြီး၏ ဩဝါဒတော်များ

# ၄။ သာသနာက သူ့ဟာသူ သန့်ရှင်းနေပါတယ်

ကျေးဇူးတော်ရှင် စံကင်းဆရာတော်ကြီး (AD ၁၈၇၀-၁၉၇၂)က သာသနာသန့်ရှင်းရေးနှင့် စပ်လျဉ်း၍-

*"သာသနာသန့်ရှင်းအောင် ယခု သာသနာသန့်ရှင်းရေးတဲ့၊ သာသနာက ရှုပ်ထွေးနေ၊ ညစ်ပတ်နေ၊ သာသနာသန့်ရှင်းအောင် စယ်ကြယ်အောင် လုပ်ကြစို့ရဲ့ဘာလေး ညာလေးနဲ့ ပေါ်လာတယ်။ စိတ်က အောက်မေ့တယ်၊ မြန်မာစကား သုံးထားတာက သာသနာသန့်ရှင်ရေး သုံးထားတယ်၊ ဒီစကား သိပ်ပြီး မှားနေတယ်။ သာသနာက သူ့ဟာသူ သန့်ရှင်းနေတာ၊ ဘာမှဖြစ်တာ မဟုတ်ဘူး။ လူတွေက မကောင်းလို့၊ လူတွေညစ်ပတ်လို့၊ လူမသန့်ရှင်းဘူး၊ ရဟန်း ညစ်ပတ်တယ်၊ ရဟန်းမသန့်ရှင်းဘူး၊ သာမဏေညစ်ပတ်တယ်၊ သာမဏေ မသန့်ရှင်းဘူး၊ ရဟန်းသန့်ရှင်းအောင်၊ သာမဏေ သန့်ရှင်းအောင်၊ လူသန့်ရှင်းအောင်၊ ပုဂ္ဂိုလ်တွေ သန့်ရှင်းအောင် လုပ်ဖို့ကောင်းတယ်။ သာသနာသန့်ရှင်းအောင် လုပ်ဖို့မလိုဘူး။ ဘုရားရှင်လက်ထက်တော်ကလည်း ဒီသာသနာပဲ၊ ခုလည်း ဒီသာသနာပဲ"*

---

**ကျမ်းညွှန်း**

* ကျေးဇူးတော်ရှင် ဝိသုဒ္ဓါရုံ စံကင်းဆရာတော်ကြီး၏ ဩဝါဒတော်များ

## ၅။ ညဉ့်နက်သန်းခေါင်အချိန် စည်တီးကာ သာသနာ ယိုယွင်းနေသည့်အကြောင်း ဘုရင်အား သတိပေးသည့် မထေရ်

မင်းကြီးစွာစော်ကဲ နန်းစံ(AD ၁၃၆၇-၁၄၀၀)လက်ထက်တော် ကာလ ပရက္ကမအန္တယ်ဝင် မနာပြင်ငါးဆူကျောင်း၌ သီတင်းသုံးတော်မူပြီး စာပေကျမ်းဂန် တတ်မြောက်တော်မူသည့် ရှင်ခေမာစာရသည် ညဉ့်တိတ်ဆိတ်လှသည့် ၂-ချက်တီးကျော် အချိန်တွင် ဘုရား၌ ဆွဲထားသော စည်ကြီးကို အချက်များစွာ တီးခတ်လေ၏။ နန်းတော်က-

*"ဘုန်းကြီးပျံသလော"*ဟု မေးလာသည်တွင်-

*"ဘုန်းကြီးပျံသည်မဟုတ်၊ သိကြားမင်းသေ၍ စည်တီးသည်"*ဟု ရဟန်းများက မိန့်လိုက်ပါသည်။

*"အဘယ့်ကြောင့် သိကြားမင်း သေကြောင်းကို သိသနည်း"*ဟု တစ်ဖန် မေးလျှောက်လာပြန်ရာ-

*"ဘုရား နိဗ္ဗာန်ဝင်တော်မူခါနီး၌ သာသနာတော်ကို စောင့်ရှောက်ပါမည်ဟု သိကြားမင်း ဝန်ခံပြီးဖြစ်လျက် သာသနာတော်ကို ဆောင်ရွက်သော ငါတို့အား မစောင့်ရှောက်ပါသောကြောင့် သိကြားမင်း သေသည်ဖြစ်မည်"*ဟုမိန့်သည်ကို ဘုရင်မင်းအား လျှောက်ကြားပါသည်။

ထိုအခါ ဘုရင်မင်းကြီးသည် လွန်စွာ သဒ္ဓါကြည်ညို၍ ဝမ်းဘဲအင်းမြောက်ဘက် ဒန့်တောအရပ်တွင် ကျောင်းဆောက်၍ ရှင်ခေမာစာရအား တင်လှူ၏။ စည်းခုံနှင့် သိမ်လည်းသမုတ်၏။ ထိုစည်းခုံနှင့် ကျောင်းတော်ကိုရည်၍ ရာဇဝင်တွင် အဝဒန့်တော စည်းခုံနှင့် ကျောင်းတော်ဟု အလှူစာရင်း သွင်းလေသည်။ ထိုဆရာကား သထုံဆက် သီဟိုဠ်နွယ် လဇ္ဇီပေသလဖြစ်၍ သာသနာဆက် ဆရာစဉ်သို့ဝင်၏။

**ကျမ်းညွှန်း**

* မဟာဓမ္မသင်္ကြံ ရေးသားပြုစုတော်မူသည့် သာသနာလင်္ကာရစာတမ်း ၂၀၁၁-ခုနှစ်၊ စတုတ္ထအကြိမ် (နှာ-၁၀၆)

# ၆။ အရှက်တက်ချိန် ရှေ့ကောင်းကင်မှာ မြင်နေရတာ ဘာကြယ်ပါလဲဘုရား

ကျေးဇူးရှင်လဲဘူးဆရာတော် ထန်းတစ်ပင်တောရကို ရောက်ရှိနေကြောင်း သိရသဖြင့် သက်တော်ရှည် ဆရာတော်ထံပါးမှ မှတ်သားဖွယ် ဆုံးမစကားများကို နာကြားလိုပါသဖြင့် တောရကျောင်းသို့ သွားပါသည်။ ဆရာတော်ဘုရားကြီးက သိမ်ထဲ ကံဆောင်နေပါသဖြင့် ခေတ္တစောင့်ဆိုင်းပေးရန် ကပ္ပိယဒကာကြီးက လျှောက်ထားပါသည်။

ဆရာတော်ကြီးသည် နာရီဝက်ခန့်အကြာတွင် ရောက်ရှိလာပါသည်။ ဝတ်ပြုအပြီးတွင်-

*"ဒါနှင့် စကားမစပ် ကိုယ်တော် နှစ်စဉ် သံဒိဋ္ဌပြက္ခဒိန် မပြတ်လှူဒါန်းခဲ့တဲ့ နဘူးကျင်းဆရာတော်ကြီး မရှိတော့တဲ့ နောက် ကောင်းကင်ကြည့်ရတာက ခပ်စိမ်းစိမ်း ဖြစ်နေတယ် ဦးခေမာ၊ ကိုယ်တော် ရောက်တုန်း မေးရဦးမယ် မိုးလင်းပိုင်း အရှေ့ကောင်းကင်က ကြယ်အလုံးကြီးကြီး ဗျူဂ္ဂဇာကျင့်နေတာများလား ဦးခေမာ"*ဟု ရုတ်တရက် မေးလိုက်သဖြင့် အဖြေရခက်သွားပါသည်။ ကောင်းကင်ကြယ် ကြည့်နည်းပညာ စာအုပ်ကို ပြုစုနေခဲ့သည့် ကာလတစ်လျှောက်လုံး ကောင်းကင်နှင့် ရင်းနှီးခဲ့သည်။ ဥရောပ၊ အာရှနိုင်ငံများက ထုတ်သည့် ဂြိုလ်သွား ပြက္ခဒိန်ကိုလည်း မျက်ခြည်မပြတ်ခဲ့ပေ။ ယခုအခါ စာအုပ်ရေးသား၍ ပြီးစီးခဲ့ပြီး ဖြစ်သည်ကတစ်ကြောင်း၊ ကျန်းမာရေး အဆင်မပြေသဖြင့် ကောင်းကင်ပြင်ကျယ်နှင့် အနည်းငယ် ဝေးကွာနေချိန်

ဖြစ်သည်ကတစ်ကြောင်း တစ်ဖန် မထင်မှတ်သည့် အချိန်များတွင် မေးခွန်း မေးတော်မူတတ်သည့် နဘူးကျောင်း ဆရာတော်ဘုရားကြီး လည်း လွန်တော်သွားတော်မူသွားပြီး ဖြစ်သည်ကတစ်ကြောင်း၊ ဝါတွင်း ကာလတစ်လျှောက် မိုးကောင်းကင် ကြည်လင်မှု မရှိသည်က တစ်ကြောင်းတို့ကြောင့် ကြယ်များကိုမူ အမှတ်မထင် ကြည့်နေ မိသော်လည်း ဂြိုလ်များ၏ တည်နေရာ ဒီဂရီကိုမူ အမှတ်တမဲ့ ဖြစ်နေ မိခဲ့ပါသည်။

## မဖြေနိုင်တဲ့အတွက် ခွင့်လွှတ်ပေးတော်မူပါဘုရား

ထို့ကြောင့် မေးခွန်းဖြေရန် အဖြေရှာမရဖြစ်နေစဉ် ဆရာတော် ကြီးက *"မနက် အရုဏ်မတက်ခင် အရှေ့ကောင်းကင် ကြည့်ကြည့် ပါလား ဦးခေမာ"* အတွေးစ ရှည်သွားပါသည်။ ဆရာတော်ကြီး မေးခွန်း အတွက် နေ၏တည်နေရာ အံသာဒီဂရီကို စိတ်တွက်ဖြင့် ကြိုးစား တွက်ကြည့်နေမိသည်။ *"ဆရာတော်ဘုရား တပည့်တော် အတိအကျ မဖြေနိုင်ပါသော်လည်း အရုဏ်ရဲ့နောက်က နေလုံးကတော့ မေထုန် ရာသီမှာ တည်နေပါတယ်ဘုရား၊ အရောင်တောက်ပြောင်ပြီး ကြီး နေတာဆိုရင်တော့ ပြိဿာရာသီမှာ ကြာသပတေးဂြိုလ် ရောက်နေတာ ဖြစ်ရမယ်ဘုရား။ နောက်နှောင် ဆရာတော်ဘုရားထံပါး မရောက်ခင် စာကို သေချာကြည့်ပြီး မိုးကောင်းကင်နှင့် တိုင်ဆိုင်စစ်ဆေးပြီးမှ လာပါ့မယ်ဘုရား။ ဒီတစ်ခါ ပြည့်ပြည့်စုံစုံ မဖြေနိုင်တဲ့အတွက် ဘုရားတပည့်တော်ကို ခွင့်လွှတ်ပေးတော်မူပါဘုရား"* ဟု တောင်းပန် လျှောက်ထားလိုက်ပါသည်။

ဝိနည်းစူဠဝါ ပါဠိတော်၌ တောနေရဟန်းတို့သည် ကောင်းကင်နက္ခတ်အကြောင်းကို အနည်းငယ်မျှဖြစ်စေ သိထားရမည်ဟူသော ကျင့်ဝတ် လာရှိပါသည် "ရဟန်းတို့ တောနေရဟန်းသည် နက္ခတ်အကြောင်းအရာ အားလုံးတို့ကိုလည်းကောင်း၊ နက္ခတ်အကြောင်းအရာ အချို့တို့ကိုလည်းကောင်း၊ သင်ယူရမည်။ အရပ်မျက်နှာ၌ လိမ္မာရမည်။ ရဟန်းတို့ ဤကား တောနေရဟန်းတို့၏ ကျင့်ဝတ်တည်း"။

## ရှေးမြန်မာများ ကောင်းကင်ကြည့်နည်းကို ကျွမ်းကျင်ကြသည်

ကောင်းကင် ကြယ်ကြည့်နည်းပညာကို ကျွမ်းကျင်တတ်မြောက်ထားသည့် ဆရာတော်ကြီးများသည် ဘုန်းကြီးကျောင်း၌ ပညာသင်ကြားနေကြသည့် ကျောင်းသား၊ ကိုရင်၊ ဦးပဉ္ဇင်းများကို မိုးသားတိမ်လိပ် ကင်းရှင်းကြည်လင်သည့် ညဦးယံတွင် ကြယ်ကြည့်နည်းကို ရှေးရှေးအခါကာလက လက်ထပ် သင်ကြားပေးလေ့ ရှိကြပါသည်။ ထို့ကြောင့် ရှေးမြန်မာတို့သည် ကောင်းကင်ကြည့်နည်းပညာကို နည်းများမဆို ကျွမ်းကျင်ခဲ့ကြပေသည်။

သို့သော် ထီးသုဉ်း၊ နန်းသုဉ်းကာ သူ့ကျွန်ဘဝ ရောက်ပြီးသည့် နှောင်းကာလတွင်မူ ဘုန်းတော်ကြီးကျောင်း ပညာရေးစနစ်လည်း တိမ်ကောလာသည့်နည်းတူ ကြယ်ကြည့်နည်းပညာကို လက်ဆင့်ကမ်းပေးမည့် ဆရာအရှင်များလည်း ရှားပါးလာပါသည်။ ထို့ကြောင့် ကောင်းကင်ကြယ် ကြည့်နည်းပညာသည် လေ့လာသင်ကြားရန်ပင် မလွယ်ကူသော ပညာရပ်သဖွယ် ထင်မှတ်ကာ လျှို့ဝှက်နက်နဲ ဆန်းကြယ်သော ဂမ္ဘီရပညာရပ်ပမာ ဖြစ်လာပါသည်။

ထို့ကြောင့် ကျေးဇူးရှင် ဒေဝဆရာတော်ဘုရား၊ ကျေးဇူးရှင် ဝေဘူလတောင်ဆရာတော်ဘုရား၊ မြစိမ်းတောင် ဆရာတော်ဘုရားကြီးများက စာရေးသူအရှင်အား *"ဤပညာအမွေကို ပေးထားခဲ့နိုင်လျှင် ကျေးဇူးများပေစွတကား ကောင်းပေစွတကား"*ဟု ဤစာအုပ်ရေးသားသူကို သြဝါဒ ပြုတော်မူကြပါသည်။

ကျေးဇူးတော်ရှင် ထန်းတစ်ပင်တောရ၊ နဘူးကျောင်းဆရာတော်ကြီးမှလည်း *"ပညာရှင် မဆန်ဘဲ လူပြိန်းဆန်ဆန် ရေးထားတဲ့ ကောင်းကင်ကြယ် ကြည့်နည်းစာအုပ် မတွေ့ရဖူးဘူး၊ ဗမာစာ ဖတ်တတ်ရုံနှင့် ကြယ်ကြည့်နိုင်တဲ့ စာအုပ်တစ်အုပ်လောက်များရှိရင် တောရနေ ရဟန်းတွေအဖို့ လွယ်လင့်တကူ ကြယ်ကြည့်တတ်မယ်၊ စက်နာရီနှင့် အရုဏ်တက်ချိန်လည်း ကောင်းကင်ကြယ်နက္ခတ်ကို မိရိုးဖလာ ကျွမ်းကျင်နေတော့ ဦးခေမာက စွမ်းနိုင်မှာပါ"*ဟု မိန့်ကြားတော်မူချိန်၌ မိမိလက်ဝယ်တွင် အားကိုးအားထားလောက်သည့် အထောက်အထား စာရွက်စာတမ်းများ လက်လှမ်းမမီနိုင်တော့သည့် တောရ၌ ရောက်ရှိနေပါသည်။

သို့ပါသော်လည်း တပည့်တစ်ပါးအနေဖြင့် ဆရာတော်ဘုရားကြီး၏ တိုက်တွန်းစကားကို မငြင်းဝံ့ခဲ့ပါ၊ မပယ်လှန်ဝံ့ခဲ့ပါ။ တနည်းဆိုရသော် ခေါင်းလည်း မငြိမ့်ဝံ့ခဲ့ပါ၊ ခေါင်းလည်း မခါဝံ့ခဲ့ပါ။ အကြောင်းမှာ တာဝန် ကြီးလေးလွန်းသည်ကတစ်ကြောင်း တွက်ချက်နိုင်ရန် အထောက်အထား စာရွက်စာတမ်းများစွာကို တောနေ ရဟန်းတစ်ပါးအဖို့ ဝိနည်းဘောင်အတွင်းမှ ရရှိရန် လွန်စွာမှ ခက်ခဲနိုင်သည်ကတစ်ကြောင်း၊ တွက်ချက်ရန် ကြာမြင့်မည့် အချိန်ကာလနှင့် တွက်ချက်

ပြီး အဖြေကို ကောင်းကင်အမြင်နှင့် တိုက်ဆိုင် စစ်ဆေးကာ သုတေသနကာလကား ပို၍ ခန့်မှန်းရန် ခက်ခဲနိုင်သည်က တစ်ကြောင်း တို့ကြောင့် ဖြစ်ပါသည်။

## ဆရာပေးသည့်တာဝန်

အားတက်ဖွယ်ကား ထိုကာလ၏ ရှေ့(၁၃)နှစ်ကျော် ကာလကပင် ဤကဲ့သို့ တာဝန်မျိုး မိမိပခုံးပေါ်သို့ ကျရောက်လာမည်ကို နဘူးကျောင်းဆရာတော်ကြီးမှ အရိပ်အမြွက် မိန့်ကြားတော်မူပြီး ဖြစ်ပါသည်။

ထို့ကြောင့် (၁၉၉၆)ခုနှစ်၌ တောရနေ ဆရာတော်ဘုရားကြီးများ၏ ခြေတော်ရင်းသို့ ရေးဆွဲပြီးသမျှ မှတ်တမ်းတင်ပြီးသမျှ မှတ်သားရန် လွယ်ကူသော နက္ခတ်ပုံကားချပ်များနှင့် အရုဏ်တက်ချိန် ဇယားကို လက်တစ်ဝါးခန့်ရှိသည့် စာမူကြမ်း စာအုပ်ကလေးအဖြစ် ပြုစုကာ ပထမဦးဆုံးအကြိမ် ဆက်ကပ် လှူဒါန်းနိုင်ခဲ့ပါသည်။

ထိုမှ (၈)နှစ်အကြာတွင် ပုံနှိပ်စာအုပ် အချောအဖြစ် ဆက်ကပ် လှူဒါန်းနိုင်ခဲ့ပါသည်။ ၁၉၈၃-ခုနှစ်မှသည် နှစ်ပေါင်း (၃၃)နှစ်တာ ကြာသောအခါတွင်မူ တာဝန် ပေးအပ်တော်မူခဲ့သည့် ဆရာသခင်များ လောကကို မျက်ကွယ် ပြုတော်မူကြလေပြီ။ ထိုစာအုပ်မှာမူ နဝမ အကြိမ်တိုင် ပုံနှိပ်ခဲ့ပြီး အုပ်ရေ (၁၁,၀၀၀)ကို နိုင်ငံတစ်ဝန်းမှ အလှူခံ သံဃာတော်များထံပါး လှူဒါန်းနိုင်ခဲ့ပြီး ဖြစ်ပါသည်။